# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက် | ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ်(၀၃၇)


**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည့် အောင်လအန်ဆန်အား ဂုဏ်ပြု**

စာ » ၃

**လူငယ်နှင့် အလုပ်အကိုင် အခွင့်အလမ်း ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ**

စာ » ၆

**ရခိုင်ပြည်သူများအတွက် လူငယ်ရက် ၂၀ အစီအစဉ်များ စတင်တော့မည်**

စာ » ၁၁



မောင်တောဒေသ မြင်းလွှတ်အုပ်စု၌ စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ရိတ်သိမ်းပေးနေစဉ်

# မောင်တောဒေသအတွင်း ရင့်မှည့်စပါးကေ နှစ်သောင်းကျော် သုံးလတာကာလအတွင်း အပြီးရိတ်သိမ်း ခြွေလှေ့သွားမည်

**မောင်တော နိုဝင်ဘာ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့ ပူးပေါင်း၍ မောင်တောဒေသအတွင်း ရိတ်သိမ်းခြွေလှေ့ချိန်တန် ရင့်မှည့်စပါးကေ နှစ်သောင်းကျော်ကို သုံးလတာကာလအတွင်း အပြီးရိတ်သိမ်းခြွေလှေ့သွားမည်ဖြစ်ကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

"ဘူးသီးတောင်၊ မောင်တောဒေသတွေမှာ စပါးတွေက ရင့်မှည့်နေပြီဖြစ်တော့ လေလွင့်ဆုံးရှုံးမှုဖြစ်မသွားအောင် ကျွန်တော်တို့ဌာနမှာရှိတဲ့ ရိတ်သိမ်းခြွေလှေ့စက်တွေနဲ့ တတ်နိုင်သမျှ လာရောက်ရိတ်သိမ်းခြွေလှေ့ပေးတာပါ။ ရိတ်သိမ်းပြီးသား စပါးတွေကိုလည်း ကွင်းအလိုက် ပိုင်ဆိုင်မှုကေပေါ်မှာ မူတည်ပြီးတော့ ထွက်လာတဲ့ စပါးပမာဏကို ရိတ်သိမ်းစပါးများ ထိန်းသိမ်းလက်ခံရေးကော်မတီကို စာရင်းဇယားများနဲ့ စနစ်တကျ အပ်နှံနေပါတယ်၊ စပါးကေလေးသောင်းကျော်မှာ သုံးလတာကာလအတွင်း စပါးကေ နှစ်သောင်းကျော်ကို ရိတ်သိမ်းခြွေလှေ့ အပ်နှံပေးသွားမှာဖြစ်ပါတယ်"ဟု စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က ပြောသည်။

မောင်တောဒေသတွင်း အောက်တိုဘာ ၂၆ ရက်မှ စတင်၍ နိုင်ငံပိုင် ရိတ်သိမ်းခြွေလှေ့စက် ၁၄ စီး၊ ပြည်နယ်အစိုးရအဖွဲ့ပိုင် ၁၈ စီး စုစုပေါင်း ၃၂ စီးဖြင့် ရင့်မှည့်စပါးများကို အလေအလွင့်မရှိအောင် ရိတ်သိမ်းဆောင်ရွက်ပေးလျက်ရှိသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ✻




# မြန်မာ့မြေပေါ်မှ မိုမိုများ မျိုးဆက် မပြုတ်စေရေး

လက်ရှိ မြန်မာနိုင်ငံတွင် တောဆင်ရိုင်း ကောင်ရေ ၁၀၀၀ ကျော် ၂၀၀၀ ခန့်သာ ကျန်ရှိတော့ပြီး လာမည့်ဆယ်စုနှစ် နှစ်ခုစာခန့်တွင် ဆင်ကို ရုပ်ပုံများတွင်သာ တွေ့ရတော့မည့် အခြေအနေသို့ ရောက်ရှိသွားတော့မည် ဟူသော သတင်းစကားများ ကျယ်ကျယ် လောင်လောင် ပေါ်ထွက်လျက်ရှိသည်။ သတင်းမီဒီယာများတွင်လည်း မကြာခဏဆိုသလို တောဆင်ရိုင်းများ သတ်ဖြတ်ခံရသည့် သတင်းများ ဖော်ပြလျက်ရှိရာ ရက်သတ္တတစ်ပတ်လျှင် တောဆင်ရိုင်းတစ်ကောင် သတ်ဖြတ်ခံနေရကြောင်းကိုလည်း သိရှိရသည်။

မြန်မာနိုင်ငံသည် ရှေးအခါက ဆင်ပေါများသည့် နိုင်ငံတစ်ခု ဖြစ်ခဲ့သည်။ ဆင်တပ်၊ မြင်းတပ်များဖြင့် နိုင်ငံ၏ လက်ရုံးကို ပြသကြရသည့် ပဒေသရာဇ်ခေတ်တွင် မြန်မာ့ဆင်တပ်များဖြင့် နိုင်ငံ့အင်အားကို ခေတ်ပြိုင် အိမ်နီးချင်းတို့ ခန့်ညားခဲ့ကြရသည်။ သမိုင်းမှတ်တမ်းများအရ စစ်ရေး လိုအပ်ချက်အတွက် တောရိုင်းဆင်များကို ဖမ်းဆီးကြရာတွင် သတ်မှတ်ထားသည့် တောကြီးတစ်ခုလုံးကို ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်များ အပါအဝင် လူဦးရေ အမြောက်အမြားဖြင့် ဝိုင်းပတ်၍ စက်ဝိုင်းကို တဖြည်းဖြည်း ချုံ့ပေးရင်း လှျိုမြောင်တောင်ကြားများထဲသို့ တောဆင်ရိုင်း အုပ်စုလိုက် ရောက်ရှိသွားစေကာ ဆင်ကောင်ရေ တစ်ရာ၊ နှစ်ရာမှသည် ခြောက်ရာ၊ ခုနစ်ရာအထိ တစ်ပြိုင်နက်တည်း ဖမ်းဆီးကြောင်း မှတ်သားရဖူးသည်။ ဖမ်းဆီးမိလာသော ဆင်များကို ယဉ်ကျေးအောင် လေ့ကျင့်ပေးကာ ယင်းမှတစ်ဆင့် စစ်ရေးစစ်ရာများတွင် သုံးစွဲနိုင်အောင် လေ့ကျင့်ပေးပြီး ဆင်တပ်များကို ဖွဲ့စည်းခဲ့ကြခြင်းဖြစ်သည်။

ယခုအခါ သစ်တောများ လျော့နည်းပြုန်းတီးလာခြင်း၊ လူနေထူထပ်လာကာ လူများ စိုက်ပျိုးလုပ်ကိုင် စားသောက်ကြသည့် နေရာများနှင့် ဆင်စားကျက်များ နီးကပ်လာခြင်း၊ ထပ်လာခြင်းတို့ကြောင့် ဆင်နှင့် လူတို့ ပဋိပက္ခဖြစ်လာခြင်း၊ တရားမဝင်သတ်ဖြတ်ခြင်း အမျိုးမျိုးတို့ကြောင့် ရှေးခေတ်ကာလက ဆင်ပေါများခဲ့သည့် မြန်မာနိုင်ငံမှာ ဆင်ကောင်ရေ လျင်မြန်စွာ လျော့နည်းကျဆင်းလာသည့် အခြေအနေနှင့် ကြုံတွေ့နေရပြီဖြစ်သည်။ ဆင်များကို သတ်ဖြတ်ခြင်းတွင် ယခင်က ဆင်စွယ်ရယူလိုခြင်းကြောင့်ဖြစ်သော်လည်း ယခုနောက်ပိုင်းတွင် ဆင်အရေပြား၊ ဆင်နှာမောင်း စသည်တို့ကိုပါ မှောင်ခိုဈေးကွက်များက တောင်းဆိုမှုများ ရှိလာသည့်အလျောက် အစွယ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မည်သည့်ဆင်မဆို သတ်ဖြတ်ခံရမည့်အန္တရာယ်နှင့် ရင်ဆိုင်လာကြရခြင်းဖြစ်သည်။

ယင်းသို့သော အခြေအနေကို တုံ့ပြန်နိုင်ရန်အတွက် **"Voices for MoMos"** ခေါ် အစီအစဉ်တစ်ခုကို နိုဝင်ဘာ ၄ ရက်မှ စတင်ကာ ခြောက်လကြာ လူထုပညာပေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ရာ လုပ်သင့်သော လုပ်ငန်းတစ်ရပ်ကို အချိန်အခါသင့်ဆောင်ရွက်မှုဖြစ်သည်ဟု ရှုမြင်မိသည်။ အသိပညာပေးမှုများနှင့်အတူ ပိတ်ဆို့တားဆီးမှု၊ ရှာဖွေစစ်ဆေးမှု၊ ထိထိရောက်ရောက်အရေးယူမှုများကိုပါ သက်ဆိုင်ရာတို့က ဟန်ချက်ညီညီ ဆောင်ရွက်သွားခြင်းဖြင့် မြန်မာ့မြေပေါ်မှ ဆင်(မိုမို)များ မျိုးဆက် မပြုတ်ဘဲ အနာဂတ်တွင် ဆက်လက်တည်တံ့ရှင်သန်မှုကို အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၅**


ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၄ ခုနှစ် စာပေဗိမာန်စာမူဆု ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေ ဒုတိယဆု မအိအိမော် (ယဉ်ကျေးမှု)ရေးသားသည့် "ကချင်ရိုးရာ အဆင်တန်ဆာဒီဇိုင်းများ" စာအုပ်ကို စာအုပ်အသင်း၏ ၁၄၈ အုပ်မြောက် စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁နှင့် ၃၈၀၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ငြိမ်းချမ်းရေးဂီတပွဲတော်(၂၀၁၇) သီချင်းဆိုပြိုင်ပွဲ Level(3) အဆင့် ပွဲစဉ်(၁) ကျင်းပ






**နေပြည်တော် နိုဝင်ဘာ ၅**

ငြိမ်းချမ်းရေးဂီတပွဲတော်(၂၀၁၇)သီချင်းဆိုပြိုင်ပွဲ Level(3) အဆင့် ပွဲစဉ်(၁)ကို ယနေ့ ည ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

ငြိမ်းချမ်းရေးဂီတပွဲတော် Level (3) အဆင့် ပွဲစဉ်(၁) ပြိုင်ပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်သီဟ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ငြိမ်းချမ်းရေးဂီတပြိုင်ပွဲကို နှစ်သက်မြတ်နိုးကြသည့် ညှော့ပရိသတ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

Level(1) အဆင့် ဒေသလက်ရွေးစင် ရွေးချယ်ပွဲများကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ လားရှိုး၊ ပုသိမ်၊ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ဘားအံ၊ ကလေးမြို့တို့၌ ကျင်းပခဲ့ပြီး အဆိုပါမြို့များမှ ဒေသလက်ရွေးစင် ၃၆ ဦးကို ရွေးချယ်ခဲ့သည်။ ဆက်လက်၍ Level(2) အဆင့် ပွဲစဉ် လေးခု ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် ၁၁ ဦးကို Level(3) အဆင့်အတွက် ရွေးချယ်နိုင်ခဲ့သည်။

**ပွဲစဉ် လေးခုခွဲ၍ကျင်းပ**

ယခု ကျင်းပသည့် Level(3) အဆင့် သီချင်းဆိုပြိုင်ပွဲကို ပွဲစဉ် လေးခုခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ ပွဲစဉ်များတွင် ဒိုင်များ၏ ဆုံးဖြတ်ချက်များအပြင် ပရိသတ်များ၏ Voting စနစ်လည်း ပါဝင်ကြောင်း သိရသည်။

**SMS ပေးပို့နိုင်**

ပရိသတ်များ၏ Voting စနစ်အတွက် SMS ပေးပို့နိုင်သည့် Code များမှာ MPT (7676) ၊ Telenor (6600) ၊ Ooredoo(6031) တို့သို့ ပြိုင်ပွဲကျင်းပပြီးစီးသည့် အချိန်မှစတင်၍ ၄၈ နာရီအတွင်း SMS ပေးပို့နိုင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်များအတွက် ပေးပို့သည့် Vote Number များကို ရုပ်မြင်သံကြား အစီအစဉ်များတွင် လည်းကောင်း၊ ငြိမ်းချမ်းရေး ဂီတပွဲတော် Official Facebook Page တွင်လည်းကောင်း ကြေညာပေးသွားမည်ဖြစ်သည်။

ငြိမ်းချမ်းရေးဂီတပွဲတော် (၂၀၁၇) သီချင်းဆိုပြိုင်ပွဲ Level(3) အဆင့် ပွဲစဉ်(၁) မှ ရွေးချယ်ခံရသူများကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည့် Level(3) အဆင့် ပွဲစဉ် (၂) ပြိုင်ပွဲတွင် ကြေညာပေးသွားမည် ဖြစ်သည်။ Level(3) အဆင့် ပွဲစဉ် (၃)၊(၄) နှင့် Final ပွဲစဉ်များကို ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**ဆု ရှစ်ဆုချီးမြှင့်**

Level(3) အဆင့် ပြိုင်ပွဲသို့ ရွေးချယ်ခံထားရသည့် ဆန်ခါတင် ၁၁ ဦး အနက်မှ သုံးဦးကို ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပမည့် Grand Final ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုများ ရွေးချယ်ကာ ပထမဆု ငွေကျပ် သိန်း ၃၀၀ ၊ ဒုတိယဆု ငွေကျပ် သိန်း ၂၀၀၊ တတိယဆု ငွေကျပ် သိန်း ၁၀၀ နှင့် နှစ်သိမ့်ဆု တစ်ဆုလျှင် ငွေကျပ် သိန်း ၃၀ စီဖြင့် ဆု ရှစ်ဆု ချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါ သီချင်းဆို ပြိုင်ပွဲကို အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ ထောက်ခံပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုရရှိစေရန်နှင့် အထောက်အကူပြုစေရေးတို့အတွက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV မှ နေရာဒေသများ သတ်မှတ်ကာ ပြိုင်ပွဲများကို ကျင်းပခဲ့သည်။

**တိုက်ရိုက်ကြည့်ရှုနိုင်**

ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲများကို အဆိုပါပြိုင်ပွဲကျင်းပသည့်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV မှ ည ၈ နာရီ သတင်းအပြီးတွင် တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိသကဲ့သို့ MRTV Facebook စာမျက်နှာ ဖြစ်သည့် www.facebook.com/mrtv webmediaportal နှင့် Peace Music Festival Facebook စာမျက်နှာ www.facebook.com/peacemusic festival တို့မှလည်း တိုက်ရိုက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၅-၁၁-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၇၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၉ | ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၀ | ・၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ | ・၀ |
| ထိုင်း | တစ်ဘတ် | ၄၀ | ・၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ・၁ |
| တရုတ် | တစ်ယွမ် | ၂၀၇ | ・၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ | ・၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ဒုတိယ သမ္မတ ဦးဟင်နရီဗန်ထီးယူ ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည့် အောင်လအန်ဆန်အား ဂုဏ်ပြု

**ရန်ကုန် နိုဝင်ဘာ ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယ သမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ရှိ ၎င်း၏ နေအိမ်၌ MMA (ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ) One Hero’s Dream ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည့် အောင်လအန်ဆန်အား ရင်းရင်းနှီးနှီး လက်ခံတွေ့ဆုံ၍ ဂုဏ်ပြုအမှတ်တရလက်ဆောင်ပေးအပ်သည်။

**မြန်မာနိုင်ငံကိုယ်စားပြု**

မြန်မာနိုင်ငံ၌ နိုဝင်ဘာ ၃ ရက်က ကျင်းပခဲ့သည့် One Championship Hero’s Dream Open Weight Super Bout ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Middle Weight တန်းမှ အောင်လအန်ဆန်က စိန်ခေါ်သူ Heavy Weight တန်းကစ်ဘောင်ဆင် ကမ္ဘာ့ချန်ပီယံ အလိန်းဂါလာနီ ကို ပထမအချီ ၄ မိနစ် ၃၀ စက္ကန့် တွင် ထိုက်ထိုက်တန်တန် အနိုင်ရရှိခဲ့သည်။

**သတင်းစဉ်**



**ဒုတိယ သမ္မတ ဦးဟင်နရီဗန်ထီးယူ MMA (ကမ္ဘာ့ကိုယ်ခံ ပညာပေါင်းစုံ) ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည့် အောင်လအန်ဆန်အား ဂုဏ်ပြုအမှတ်တရလက်ဆောင် ပေးအပ်စဉ်**

သတင်းစဉ်

# မြဝတီကုန်သွယ်ရေးဇုန်အား နိုင်ငံတကာအဆင့်မီ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၅**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်နှင့် အတူ မြဝတီနယ်စပ်ဒေသတွင် Pilot Project အဖြစ် အကောင်အထည်ဖော်ဆောင်မည့် Customs, Immigration & Quarantine (CIQ) လုပ်ငန်းစဉ်များ ပူးပေါင်းဆောင်ရွက်နိုင်ရန် မြန်မာ-ထိုင်းချစ်ကြည်ရေး တံတားအမှတ်(၁)၊ တံတား အမှတ်(၂)နှင့် မြဝတီကုန်သွယ်ရေးဇုန်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့က မြဝတီမြို့သို့ ရောက်ရှိပြီး သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် သီးခြားစီတွေ့ဆုံပြီး ကရင်ပြည်နယ်၏ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် အမှတ်(၁) ချစ်ကြည်ရေးတံတားသို့ သွားရောက်၍ ကုန်ပစ္စည်းဝင်ရောက်မှုအခြေအနေ၊ လူဝင်လူထွက်အခြေအနေ၊ လက်ရှိလုပ်ဆောင်မှု အခြေအနေများကို လည်းကောင်း၊ တံတားအမှတ်(၂) တည်ဆောက်နေမှု အခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြဝတီကုန်သွယ်ရေးဇုန်သို့ ရောက်ရှိပြီး ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာ ကရင်ပြည်နယ် အကောက်ခွန်ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းသန့်မှ Customs, Immigration & Quarantine (CIQ) ဆိုင်ရာ ကိစ္စရပ်များနှင့် ကုန်သွယ်ရေးဇုန်တွင် လက်ရှိလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ၊ အားနည်းချက်၊ အားသာချက်များကို လည်းကောင်း၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်းက ကုန်သွယ်ရေးဦးစီးဌာနမှ လက်ရှိဆောင်ရွက်နေသော အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**သတင်းစဉ်**

# MMA ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည့် အောင်လအန်ဆန်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုစာလွှာပေးအပ်



**နေပြည်တော် နိုဝင်ဘာ ၅**

ရန်ကုန်မြို့ရှိ သုဝဏ္ဏမိုးလုံလေလုံ အားကစားရုံကြီး၌ နိုဝင်ဘာ ၃ ရက် ညပိုင်းက ကျင်းပသည့် One Hero’s Dream ပြိုင်ပွဲတွင် အဓိကပွဲစဉ်အဖြစ် ယှဉ်ပြိုင်ထိုးသတ်သည့် MMA မစ်ဒယ်ဝိတ်တန်း လက်ရှိ ကမ္ဘာ့ချန်ပီယံဖြစ်သူ အောင်လအန်ဆန်က စိန်ခေါ်သူ မွေထိုင်းဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အလိန်းဂါလာနီ(ဟောင်ကောင်)အား ပထမအချီ၌ပင် အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည့်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ ပေးပို့သည့် ဂုဏ်ပြုစာလွှာအား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Sedona Hotel ၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး မင်းသက်ဦးက သွားရောက်ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(ယာပုံ)**

**ပေးအပ်ချီးမြှင့်**

အောင်လအန်ဆန်သည် ၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်တွင် MMA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံရွှေခါးပတ်ဆုကို ရယူနိုင်ခဲ့ပြီး မြန်မာ့ဇာတိသွေး၊ ဇာတိမာန်ကို ပြသနိုင်ခဲ့သဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုစာလွှာနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

***❍ ကျောဖုံးမှ***

မြန်မာ ယူ-၂၃ အသင်းတွင် နည်းပြချုပ်အဖြစ် ဂဝ်ဖရိုင်းဒရစ်(ဂျာမနီ)၊ လက်ထောက်နည်းပြ-ပိုပေါ့စကီး(မက်ဆီဒိုး နီးယား)၊ ဦးမြင့်ကို(ရတနာပုံ)၊ ဂိုးနည်းပြ-ဦးအောင်ကျော်ကျော်၊ အားကစားသမားများအဖြစ် ဂိုးသမား-ဆန်းဆက်နိုင်(ရန်ကုန်)၊ ပြည့်စုံချစ်(ရတနာပုံ)၊ နောက်တန်း- နန်းဝေမင်း၊ မင်းကျော်ခန့် (ရန်ကုန်)၊ မျိုးကိုထွန်း၊ ကျော်သက်ဦး (ရတနာပုံ)၊ ဟိန်းသီဟဇော်၊ ထိုက်ထိုက်အောင်၊ လှိုင်မျိုးအောင်(ရှမ်းယူနိုက်တက်)၊ သီဟထက်အောင်(ချင်းယူနိုက်တက်)၊ ဝင်းမိုးကျော် (မကွေး)၊ စိုးမိုးကျော်(အား/ကာသိပ္ပံ)၊ အလယ်တန်း-စည်သူအောင်၊ လှိုင်းဘိုဘို (ရတနာပုံ)၊ လွင်မိုးအောင် (အား/ကာသိပ္ပံ)၊ ရန်နိုင်ဦး(ရှမ်းယူနိုက်တက်)၊ ကျော်မင်းဦး၊ ငြိမ်းချမ်းအောင်(ရန်ကုန်)၊ စွမ်းထက်အောင်(မကွေး)၊ မောင်မောင်လွင်(ဟံသာဝတီ)၊ ရန်ပိုင်စိုး(ဧရာဝတီ)၊ ရှေ့တန်း-အောင်သူ(ရတနာပုံ)၊ အောင်ကောင်းမာန်(ဧရာဝတီ)၊ သန်းပိုင်(ချင်းယူနိုက်တက်)၊ ဝင်းနိုင်ထွန်းနှင့် ပြည့်စုံနိုင်(MFF Youth) တို့ ပါဝင်ကြသည်။

**သတင်း-ညီမြတ်သော်တာ**

***❄ ကျောဖုံးမှ***

လက်ရှိ ရန်ကုန်တိုင်းဒေသကြီးတွင် ငါး၊ ပုစွန်ကန် ဧက ၈၀၀၀၀ ရှိကြောင်း၊ ယင်းတို့ အနက် ဧက ၄၀၀၀၀ မှာ တရားဝင်ဖြစ်ကြောင်း၊ ငါး၊ ပုစွန်မွေးမြူရေးကို နည်းပညာမြှင့်၍ အဆင့်မြှင့်တင် လုပ်ကိုင်သင့်ကြောင်း၊ မွေးမြူရေးသင်တန်းသားကောင်းများ မွေးထုတ်ပေးခြင်းဖြင့် ငါး၊ ပုစွန်ကဏ္ဍ တိုးတက်လာမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ထပ်လောင်း ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငါး၊ ပုစွန် ပြည်ပတင်ပို့မှု မက်ထရစ်တန်ချိန် ၄ ဒသမ ၃ သန်းရှိပြီး နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၆၀၅ သန်းဖိုး ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ငါး၊ ပုစွန်မွေးမြူရေး နည်းပညာများ သင်ကြားပေးမည့် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ အမေရိကန်နိုင်ငံ အရီဇိုးနားတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တို့မှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

**သတင်း-မြင့်မောင်စိုး**

## မြန်မာ့ရုပ်မြင်သံကြား

**၆ -၁၁-၂၀၁၇ (စနေနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်း ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၉း၃၀ - ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ "Valetu" (Melta)
- ၁၁း၁၅ - ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၅း၀၀ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-3) (ပွဲစဉ်-၁) (နေပြည်တော်) (ပထမပိုင်း)

**ညပိုင်း**

- ၁၇း၀၅ - This Week's Special Interest
- ၁၇း၃၅ - Yes or No Talk Show (Hot Talk) အပိုင်း-၃
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - ရာဇဝင်ထဲကသမိုင်းအနုပညာ ရတနာပူရရွှေအင်းဝ(အပိုင်း-၆)
- - Data Center
- နိုင်ငံခြားဇာတ်လမ်းတွဲ **မင်္ဂလာပါချောင်အန်း** အပိုင်း-၃၂ (ဇာတ်သိမ်းပိုင်း)

# အာဆီယံနိုင်ငံများ၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာပြပွဲ တက်ရောက်ရန် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းနိုင်ငံသို့ ထွက်ခွာ



**နေပြည်တော် နိုဝင်ဘာ ၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့သည် ထိုင်းနိုင်ငံ၌ ကျင်းပမည့် အာဆီယံနိုင်ငံများ၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပြပွဲ (Defence & Security 2017) သို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ထိုင်းဘုရင့်တပ်မတော်ပူးတွဲစစ်ဦးစီးချုပ် Gen. Ponpipaat Benyasri နှင့် ထိုင်းဘုရင့်တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ခင်ဇော်နှင့် တာဝန်ရှိသူများက သုဝဏ္ဏဘူမိလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုကြစဉ်**
သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးတွင် ဆေးထိုးအဖွဲ့လေးထောင်ခန့်ဖြင့် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံရန်စီစဉ်

**မန္တလေး နိုဝင်ဘာ ၅**

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိုးနှံပေးသွားမည့် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးကို မန္တလေးတိုင်းဒေသကြီးတွင် ကာကွယ်ဆေးထိုးအဖွဲ့ပေါင်း လေးထောင်ဝန်းကျင်ဖြင့် ဆောင်ရွက်ရန် စီစဉ်ထားပြီး သွားလာရန်ခက်ခဲသောဒေသများမှ ကလေးငယ်များကို ဆေးစတင်ထိုးနှံသည့်နေ့မှစ၍ ဆက်တိုက် ထိုးနှံပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးတွင် အသက် ကိုးလမှ ၁၅ နှစ်အရွယ်ကလေးငယ်တစ်သန်းခွဲကျော်ရှိပြီး သွားလာ ရခက်ခဲသော ဒေသများတွင် လူဦးရေ ၁၆၀၀ ကျော်ရှိသည်ဟု တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ခန့်မှန်းထားပြီး တစ်တိုင်းလုံးတွင် ကာကွယ်ဆေးထိုးအဖွဲ့ပေါင်း ၃၉၀၉ ဖွဲ့ဖြင့် ထိုးနှံပေး သွားမည်ဖြစ်သည်။

"ကျွန်မတို့ သွားရခက်ခဲတဲ့ဒေသတွေ ရှိပါတယ်၊ အဲဒီဒေသတွေကိုတော့ နှစ်ပိုင်း မခွဲတော့ဘဲနဲ့ နိုဝင်ဘာ ၁၅ ရက်ကနေ ဒီဇင်ဘာ ၂၀ ရက်အတွင်းမှာပဲ အပြီးတိုင် တစ်ခါတည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ မန္တလေးတိုင်းဒေသကြီးထဲမှာ သာစည် မြို့နယ်၊ ယင်းမာပင်အပိုင်က ကျေးရွာ ငါးရွာ၊ ရွှေတုတ်ကုန်း ကျေးလက်ကျန်းမာရေးအပိုင်က တစ်ရွာ၊ ကျောက်ဆည်ရဲကျေးလက်ကျန်းမာရေးဦးစီးဌာနမှာ ရှိနေတဲ့ ကျေးရွာလေးရွာ၊ ရမည်းသင်း သိန်ကုန်း ကျေးလက်ကျန်းမာရေးအပိုင်မှာရှိနေတဲ့ ကျေးရွာလေးရွာက ကလေးတွေကို မြို့နယ်အစီအစဉ်နဲ့ ကာကွယ်ဆေးထိုးပေးသွားမှာ ဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန်းသန်းမြင့်က ပြောသည်။

အဆိုပါ ကာကွယ်ဆေးထိုးရာတွင် ကျောင်းအခြေပြုအစီအစဉ်အား ယခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ ပြည်သူလူထုအခြေပြု အစီအစဉ်ကို ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ နိုင်ငံတစ်ဝန်းတွင် တစ်ပြိုင်နက် ဆောင်ရွက်သွားမည်ဖြစ်ပြီး ခက်ခဲသောဒေသများတွင် ယင်းသို့ဆောင်ရွက်မည်မဟုတ်ဘဲ ဆက်တိုက်ထိုးနှံပေးသွားရန် စီစဉ်ထားခြင်းဖြစ်သည်။

"ဂျပန်ဦးနှောက်ရောင်ရောဂါကို ဖြစ်စေနိုင်တာက ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပါတယ်၊ ဒီဗိုင်းရပ်စ်ကို သယ်ဆောင်တာကတော့ Culex ခြင်အမျိုးအစား ဖြစ်ပါတယ်၊ ငှက်တို့၊ ဗျိုင်းတို့လို လယ်ကွင်းတွေထဲမှာ ရှိနေတဲ့ ငှက်တွေ၊ မွေးမြူထားတဲ့ဝက်တွေက ဗိုင်းရပ်စ်သယ်ဆောင်သူနေနဲ့ရှိနေတာ၊ သူတို့ကို ခြင်ကိုက်လိုက်ခြင်းအားဖြင့် ခြင်မှာရောဂါပိုးရောက်ရှိသွားပြီး အဲ့ဒီခြင်က လူကို ကိုက်လို့ ကူးစက်ခြင်းဖြစ်ပါတယ်။

ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားတဲ့ လူငယ်နှစ်ရာ့ငါးဆယ်လောက်မှာ တစ်ယောက်လောက်ကတော့ ပြင်းထန်တဲ့ ရောဂါလက္ခဏာကိုပြပါတယ်၊ အဓိကတော့ ရောဂါပိုးက ဦးနှောက်ကို ထိသွားပြီးတော့ ဦးနှောက်ရောင်ခြင်းဖြစ်ပြီးတော့မှ ရေရှည် ဦးနှောက်ပျက်စီးမှုကို ခံရခြင်းဖြစ်ပါတယ်၊ ရောဂါဖြစ်ပွားနေတဲ့ကလေးတွေမှာ သေဆုံးမှု ရာခိုင်နှုန်းဟာ ၂၀ ကနေ ၃၀ ရာခိုင်နှုန်း ရှိပါတယ်၊ အကယ်၍ မသေဘဲနဲ့ ကျန်ရစ်ခဲ့တဲ့ ကလေးရှိခဲ့ရင်လည်း တစ်ဘဝလုံးမှာ စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုတွေနဲ့ ပြင်းထန်ဦးနှောက်ရောင် ရာခိုင်နှုန်းက ၃၀ ရာခိုင်နှုန်းလောက်ရှိပါတယ်။ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးမထိုးထားရသေးသူအားလုံးဟာ ရောဂါဖြစ်ပွားနိုင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစတင်ကာ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်များတွင် ထည့်သွင်းသွားမည်ဖြစ်ပြီး မူလက ပြင်းထန်တီဘီရောဂါ၊ အသည်းရောင်အသားဝါ (ဘီ)၊ ဆုံဆို့နာ၊ ကြက်ညှာ၊ မေးခိုင်၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ဝက်သက်ရောဂါ၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးများကို ပုံမှန်ကာကွယ်ဆေးအစီအစဉ်တွင် ထိုးနှံပေးလျက်ရှိသည်။

ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကို အစုလိုက်ထိုးနှံရန်အတွက် Gavi The Vaccine Alliance ၏ ရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးရှိ ကလေးငယ် ၁၄ သန်းကျော်ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကလေးတစ်ဦးအတွက် ကာကွယ်ဆေးအပါအဝင် ဆက်စပ်သည့်ပစ္စည်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၀ ဒသမ ၄၂ နှင့် လုပ်ငန်းဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၀ ဒသမ ၆၅ ကုန်ကျသဖြင့် ကလေးတစ်ဦးလျှင် တစ်ဒေါ်လာနှုန်းကျော် ကျခံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် ဂျပန်ဦးနှောက်ရောင်ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ၄၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၃၉ ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် ၂၀၊ ကရင်ပြည်နယ်တွင် ၁၇ ဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင် ခုနစ်ဦး၊ ရခိုင်ပြည်နယ်တွင် ခြောက်ဦး၊ မွန်ပြည်နယ်တွင် သုံးဦး၊ စစ်ကိုင်း၊ ရှမ်း(တောင်)၊ မကွေး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် နှစ်ဦးစီ၊ ရှမ်း(မြောက်)တစ်ဦး စသည်ဖြင့် စုစုပေါင်း ၁၄၆ ဦးဖြစ်ပွားခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဇွန်လ ၃၀ ရက်အထိ စာရင်းများအရ သိရသည်။ **တင်မောင်(မန္တလေး)**

# ပြည်တွင်းပြည်ပ ခရီးသွားများ တောင်သမန်အင်းအတွင်း လာရောက်မှု များပြား

**မန္တလေး နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ကမ္ဘာကျော် ဦးပိန်တံတားနှင့် တောင်သမန်အင်း သို့ ပြည်တွင်း ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှု များပြားလျက်ရှိသောကြောင့် ငှက်လှေအငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဦးပိန်တံတားကိုလာတဲ့ ကမ္ဘာလှည့်ခရီးသွားတွေ အခု နိုဝင်ဘာလဆန်းပိုင်းက စတင်ပြီး သိသိသာသာ များပြားလာပါတယ်၊ ပြီးခဲ့တဲ့ တန်ဆောင်မုန်းလပြည့်နေ့ကတော့ ပြည်တွင်းပြည်ပ ခရီးသွားတွေ တိုးမပေါက်အောင် စည်ကားခဲ့ပါတယ်၊ စက်လှေ ငှားရမ်းခက ပြည်တွင်းခရီးသွားတွေကို တစ်စင်းငွေကျပ် ၈၀၀၀ နှုန်းနဲ့ ပို့ပေးပြီး ပြည်ပ ခရီးသွားဆိုရင်တော့ တစ်စင်းကို ငွေကျပ် ၁၅၀၀၀ ပါ၊ ပြည်တွင်းခရီးသွားနဲ့ ပြည်ပခရီးသွား ဘာကွာ သလဲဆိုတော့ ပြည်တွင်းခရီးသွားတွေက အင်း တစ်ပတ်ပို့ပေးရင် ပြီးသွားပြီ၊ ပြည်ပခရီးသွားတွေက ညနေ နေဝင်ဆည်းဆာ ကြည့်ချင်တော့ နေဝင်တဲ့အထိ အင်းထဲမှာ လှည့်လည်ပို့ဆောင် ပေးရတယ်၊ ဒါတောင် တချို့ နိုင်ငံခြားသားတွေက နေဝင်ပြီးတာတောင် မပြန်ချင်သေးဘူး၊ တောင်သမန်အင်းမှာ ငှက်လှေ အငှားလိုက်တာ အစင်း ၁၀၀ ကျော်ရှိတယ်၊ အခု လဆန်းပိုင်း ကနေစပြီး ညနေပိုင်းဆို ငှက်လှေ အကုန်လုံး အငှားလိုက်ရတယ်၊ လောက်တောင် မလောက်ဘူး၊ ပြီးခဲ့တဲ့လကတော့ တစ်ရက်ကို အစင်း ၆၀ကျော် လောက်ပဲလိုက်ရတာ၊ ဒီလထဲမှ သိသိသာသာ ကောင်းလာတာ၊ ပြည်ပခရီးသွား ငှက်လှေစီးသူ အများစုမှာ ကြိုတင်စနစ်နဲ့ ငှားရမ်းပြီး Package Tour အများ စုက Sunset ကြည့်ရန် ငှက်လှေစီးကြတယ်၊ အခုရက်ပိုင်း ဦးပိန်တံတားကို ကမ္ဘာလှည့်ခရီးသွားလာရောက်မှုများ ပြားတဲ့အတွက် ငှက်လှေ အငှားလိုက်သူတွေ အဆင်ပြေလျက်ရှိပါတယ်"ဟု တောင်သမန်အင်း၌ ငှက်လှေအငှား လိုက်သူတစ်ဦးက ပြောသည်။

ကမ္ဘာကျော် ဦးပိန်တံတားနှင့် တောင်သမန်အင်းသို့ ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်မှု များပြားလျက်ရှိရာ ငှက်လှေ အငှားလိုက်သူများအနေဖြင့် ပြီးခဲ့သည့်လက ပုံမှန်ထက်ငှက်လှေငှားရမ်းမှု နည်းပါးခဲ့သော်လည်း ယခုလဆန်းမှစတင်ကာ ငှက်လှေများ ငှားမလောက် ဖြစ်နေသောကြောင့် ငှက်လှေအငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်ရှိ ကရုဏာနာမှုကူညီရေး ပရဟိတလူငယ်များအဖွဲ့နှင့် သာယာကုန်း(၁)၊ (၂)မိသားစုများ စုပေါင်း၍ ပထမအကြိမ် နိဗ္ဗာန်ဈေးပွဲတော်ကို နိုဝင်ဘာ ၅ ရက်က သာယာကုန်းရပ်၌ ကျင်းပရာ ကရုဏာနာမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် လူမှုရေးအသင်းဥက္ကဋ္ဌ ဦးမြတ်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပွဲတော်လာသူများဖြင့် ပျော်ရွှင် စည်ကားနေသည်ကို တွေ့ရစဉ်။** ကိုကိုရှုပ(နေပြည်တော်)

# အာဆီယံ ဖူဆယ်ပြိုင်ပွဲ တတိယဆုနှင့် အသန့်ရှင်းဆုံးအသင်းဆုရ မြန်မာ့လက်ရွေးစင်အသင်း ပြန်လည်ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၅**

၂၀၁၇ အာဆီယံ ဖူဆယ်ပြိုင်ပွဲတွင် တတိယဆုနှင့် အသန့်ရှင်းဆုံး အသင်းဆုရခဲ့သည့် မြန်မာ့လက်ရွေးစင်အမျိုးသားဖူဆယ်အသင်းသည် နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိလာရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

မြန်မာအမျိုးသားဖူဆယ်အသင်းသည် ယင်းပြိုင်ပွဲတွင် တတိယနေရာလုပွဲ၌ အိမ်ရှင် ဗီယက်နမ်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သောကြောင့် ၂၀၁၈ ခုနှစ်တွင် ကျင်းပမည့် အာရှဖူဆယ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရခဲ့သည်။ မြန်မာအသင်းသည် အာဆီယံ ဖူဆယ်ပြိုင်ပွဲ တစ်လျှောက် ၂၀၀၆ ခုနှစ်တွင် တတိယဆုရပြီးနောက်ပိုင်း အောင်မြင်မှုနှင့် ဝေးကွာခဲ့သော်လည်း ၂၀၁၆ ပြိုင်ပွဲတွင် ဒုတိယနှင့် ၂၀၁၇ ပြိုင်ပွဲတွင် တတိယတို့ ဆက်တိုက် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းနှစ်ကြိမ်စလုံးတွင် ပြည်တွင်းနည်းပြ ဖြစ်သည့် ဦးဒွေးမြင့်က ကိုင်တွယ်ခဲ့ပြီး မြန်မာအသင်းအား သမိုင်းတစ်လျှောက် အအောင်မြင်ဆုံးအဖြစ် ၂၀၁၆ ပြိုင်ပွဲတွင် ဗိုလ်လုပွဲပို့ဆောင်ပေးနိုင်ခဲ့သည်။

**ဖိုးသော်ဇင်**

## တောင်သူလယ်သမားများသို့ အသိပေးကြေညာခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေ ပေးဝေနိုင်ရေး ရည်ရွယ်တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံများတွင် အောက်တိုဘာ ၂၃ ရက်အထိ စိုက်ပျိုးရေဧကေ ပေ ၁၃ ဒသမ ၃ သန်းကျော်ခန့် သိုလှောင်ထားရှိပြီးဖြစ်ပါသည်။ ယမန်နှစ်က ဆည်ရေဖြင့် နွေစပါး စိုက်ဧကပေါင်း ကိုးသိန်းကျော်ကို စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် နွေစပါးစိုက်ဧက ၁၈ သိန်းခန့် စိုက်ပျိုးရန်အတွက် စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပါသည်။ ယခုနှစ် နွေစပါးစိုက်ပျိုးမည့် တောင်သူများအနေဖြင့် ဆည်/ကန်များနှင့် မြစ်ရေတင်လုပ်ငန်းများမှ ရေရယူစိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးမှု နည်းပညာအကူအညီများရရှိရေး၊ လယ်ယာထွန်ယက်ရေးကိရိယာအဝဝတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ နီးစပ်ရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့နှင့် ဆက်သွယ်၍ ကြိုတင်ညှိနှိုင်း စီမံဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ကျန်းမာရေးချို့တဲ့သူများကို ကျန်းမာရေးစောင့်ရှောက်ပေးနေသည့် ၁၄၄ နှစ် သက်တမ်းရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး

**မောင်တင်လှိုင် (ဟိုတယ်/ခရီး)**

စာရေးသူသည် မကြာသေးမီက နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပြီး နှလုံးသွေးကြော တစ်ချောင်းပိတ်၍ နှလုံးဆေးကုသဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသခဲ့ပြီး ရောဂါသက်သာ၍ ပြန်လည်ဆင်းခဲ့ရသည်။

ပထမဦးစွာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဆေးကုသမှုဌာနသို့ သွားရောက်ပြခဲ့ရသည်။ ရန်ကုန်ဆေးရုံကြီးသည် အလွန်သန့်ရှင်းပြီး ဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများ ဆက်ဆံရေးကောင်းမွန်ပြီး လာရောက်ကုသသူများကို အချိန်နှင့်တစ်ပြေးညီ ကုသပေးခြင်း၊ အားပေးခြင်း၊ အစစအရာရာ ကုသပေးသည့်အတွက် ဝေဒနာခံစားရသူများ သက်သာပျောက်ကင်းစေပါသည်။ ဆရာဝန်များ၏ အားပေးစောင့်ရှောက်မှုသည်ကား ရောဂါဝေဒနာတစ်ဝက်ပျောက်ကင်းသည်ဟု ဆိုရပေမည်။ လူနာရှင်များကိုလည်း များစွာစိတ်ချမ်းသာမှုကို ဖြစ်စေပါသည်။

အရေးပေါ်ဌာနမှ နှလုံးဆေးကုသဌာနသို့ ပို့ဆောင်၍ ကြပ်မတ်ဆောင်တွင် ကုသခံခဲ့ရပါသည်။ အချိန်ကား နံနက် ၄ နာရီကျော် ဖြစ်သော်လည်း ဆရာဝန်ကြီးများ၊ သူနာပြုဆရာမကြီးများနှင့် ဆရာမများ ကုသပေးသည့်အတွက် ရောဂါသက်သာခွင့် ရရှိခဲ့ပါသည်။

ပါမောက္ခဒေါက်တာ ထွန်းထွန်းဦး၊ ဒေါက်တာ ထက်ထက်မင်း၊ ဒေါက်တာ အိချိုခိုင်၊ ဆရာမကြီး နော်သဇင်ချိုနှင့် ဆရာဝန်၊ ဆရာမကြီး၊ ဆရာများ အထူးဂရုစိုက်ပေးသည်ကို လက်တွေ့ထိတွေ့ခံစားခဲ့ရပါသည်။

ဆေးရုံအုပ်ကြီးဒေါက်တာ အေးကိုကိုနှင့် သူနာပြုအုပ်ကြီး ဦးစံကြည်တို့သည် ဆေးကုသသည့်အဆောင် အသီးသီးသို့ လာရောက်အားပေးကြည့်ရှု၍ လိုအပ်သည်များကို ညွှန်ကြားသွားသည်ကလည်း အစစအရာရာအဆင်ပြေစေပါသည်။

### ရောဂါသက်သာပျောက်ကင်း

နံနက် ၈ နာရီတွင် ဒေါက်တာထက်ထက်မင်း၊ ဒေါက်တာအိချိုခိုင်တို့သည် သူနာပြုဆရာမများ၏ (ECG)ရိုက်ခြင်း၊ သွေးပေါင်စစ်ဆေးခြင်း၊ ဆီးချိုစစ်ဆေးခြင်း စသည်တို့ကို ဦးစွာလာရောက်၍ စမ်းသပ်စစ်ဆေးပြီး ဒုတိယအကြိမ်အဖြစ် ပါမောက္ခဒေါက်တာ ထွန်းထွန်းဦး ကိုယ်တိုင်လာရောက်စမ်းသပ် ညွှန်ကြားပေးခဲ့သည့်အတိုင်း သူနာပြုများက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးသွားသည်ကလည်း လူနာများအတွက် ရောဂါသက်သာပျောက်ကင်းစေပါသည်။

ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုနှင့် သူနာပြုအုပ်ကြီး ဦးစံကြည်တို့ နှစ်ကြိမ်တိုင်တိုင် စာရေးသူဆေးကုသသူထံ လာရောက် အားပေးသွားသည်ကလည်း၊ လူနာရှင်များ ဆေးရုံအုပ်ကြီး၏ လိုက်လံကြည့်ရှုအားပေးသည့်အတွက်လည်း ကျေးဇူးတင်ဝမ်းသာကြရပါသည်။

ကောင်းခြင်းအဖြာဖြာနှင့် ပြည့်စုံနေသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး အကြောင်းကို ကျန်းမာရေးချို့တဲ့နေသော်လည်း သတင်းသမားပီပီ ပြည်သူများသို့ တင်ပြလိုသည့်ဆန္ဒဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာ အေးကိုကိုနှင့် တွေ့ဆုံခွင့် ရရှိခဲ့ပါသည်။

ဆေးရုံအုပ်ကြီးသည် စိတ်စေတနာကောင်းမွန်ပြီး ရှင်းပြပေးခဲ့သည့်အတွက် ကျေးဇူးတင်ရပါသည်။ ဆေးရုံအုပ်ကြီးသည် အလုပ်များလှသော်လည်း စာရေးသူအား တွေ့ဆုံခွင့်ပြု၍ သိလိုသည်များနှင့် ဆောင်ရွက်နေသည်များကို စိတ်စေတနာကောင်းစွာ ပြောပြပေးခဲ့ပါသည်။

လူနာများအပေါ် မေတ္တာ စေတနာထားဆောင်ရွက်စေရန် ဝန်ထမ်းများကို ဆောင်ရွက်စေကြောင်းနှင့် Yangon General Hospital Training Centre တွင် သင်တန်းများ တက်ရောက်စေ၍ အရည်အချင်းမြင့်မားစေရန် ဆောင်ရွက်နေကြောင်း သိရှိခဲ့ရသည့်အတွက် ဆေးရုံအုပ်ကြီးအား များစွာအထူး

> **“ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဆေးကုဌာနသို့ လာရောက်ကုသသော လူနာများ၏ စိုက်ထုတ်ကုန်ကျငွေ ကျဆင်းရေးအတွက် အခြေခံဆေးဝါးများ အခြေခံဓာတ်ခွဲ စမ်းသပ်မှု ခုနစ်မျိုးနှင့် ဓာတ်မှန် (X-Ray)၊ တယ်လီဗေးရှင်း ဓာတ်မှန်(Vitsasound)၊ ကွန်ပျူတာဓာတ်မှန် (CT Scan) ရိုက်ကူးခြင်းတို့ကို အခမဲ့ ဆောင်ရွက်ပေးလျက်ရှိသည်။ အချို့ ဆေးဝါးများနှင့် အထူးစစ်ဆေးမှုများအတွက် လူနာများမှ ကျခံသုံးစွဲရသည်။ ဆေးရုံ၏ ဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ပြည်သူလူထုမှ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံထား”**




ပြည်သူများကို ကျန်းမာရေးအတွက် စောင့်ရှောက်ပေးနေသည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ကျေးဇူးတင်မိပါသည်။ နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စွမ်းဆောင်ခဲ့သည်များကို ကျေးဇူးတင်ရပါသည်။

### စတင်ဖွင့်လှစ်

၁၈၇၂ ခုနှစ်တွင် ယခုဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှင့် မျက်နှာချင်းဆိုင် မြေကွက်၌ ကျွန်းသားဖြင့် အဆောက်အအုံဆောက်လုပ်ကာ ၁၈၇၃ ခုနှစ်တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံ Rangoon General Hospital RGH ကို ခုတင် ၄၈၃ လုံးဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

၁၉၀၅ ခုနှစ် တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၏ ပင်မဆောင်ကို လက်ရှိနေရာတွင် စတင်တည်ဆောက်ခဲ့ပါသည်။ တည်ဆောက်ခဲ့သော မြေကွက်များမှာ မြေတိုင်းအမှတ် ( ၇၀ G)အတွင်းမှာရှိသော မြေကွက်အမှတ် ၁၇/၁၈/၁၉/၂၀/ ၂၁/၂၂/၂၃ ကနေ ၂၄ အထိဖြစ်ပြီး မြေအကျယ်အဝန်းဧရိယာမှာ ၃၉ ဒသမ ၅၂၉ ဧက ရှိပါသည်။ ၁၉၀၅ ခုနှစ် မေ ၆ ရက်တွင် ပင်မအဆောက်အအုံကို Govenmor Sin H.S Bermes က အုတ်မြစ်ချပေးခဲ့ပြီး တည်ဆောက်ပေးခဲ့ရာ ၁၉၁၁ ခုနှစ်တွင် လုံးဝပြီးစီးခဲ့ပါသည်။ မြေညီထပ်အပါအဝင် လေးထပ်အဆောက်အအုံဖြစ်ပြီး ၃၄၂ ခုတင်ဆံ့ ဆေးရုံကြီးအဖြစ် ငွေယူပြီး ငွေကျပ်သိန်း ၄၀ ကျော် အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိခဲ့ပါသည်။ အဆောက်အအုံများ ထပ်မံတိုးချဲ့ကာ ဒုတိယကမ္ဘာစစ်အပြီးတွင် ၅၄၆ ခုတင်ဆံ့အဖြစ်လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် အထူးဆေးကုသဆောင်(Specialist Ward) များနှင့် အဆောက်အအုံများ တိုးချဲ့ကာ ခုတင် ၁၅၀၀ ဆံ့ ဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်ခဲ့သည်။

မြန်မာပြည်အရပ်ရပ်မှ လွှဲပြောင်းပေးပို့လာသော လူနာများကို လက်ခံကုသပေးသည့် Tertiary Refrmal Hospital တစ်ခုဖြစ်သည့်အပြင် ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ သင်ကြားရေးဆေးရုံ Teaching Hospital လည်း ဖြစ်ပါသည်။ အထူးကုဘာသာရပ်ပေါင်း ၂၄ ခုဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို အဆင့်မြင့်ကုသပေးရာ ဆေးရုံကြီး တစ်ခုလည်း ဖြစ်ပါသည်။

### တိုးချဲ့ပြုပြင်မွမ်းမံရန် လိုအပ်လာ

အများပြည်သူများ အားထားရသော ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် သက်တမ်းနှစ် ၁၀၀ ကျော်ရှိပြီး ၂၀၀၈ ခုနှစ်တွင် အတွင်းလူနာဦးရေ ၂၅၇၄ ဦး လက်ခံကုသခဲ့ရာမှ ၂၀၁၃ ခုနှစ်အတွင်း လူနာဦးရေ ၅၀၈၀၃၁ ဦးအထိ တိုးတက်များပြားလာသဖြင့် လူနာဆောင်များတွင် အတွင်းလူနာများ ကျပ်တည်းစွာထားရှိနေရပြီး အဆောက်အအုံအတွက် Over Weigh ဖြစ်နေသောကြောင့်လည်းကောင်း၊ ဆေးကုသမှုလုပ်ငန်းများ ပိုမိုတိုးတက်မှုရရှိစေရန် အတွက်လည်းကောင်း၊ နှစ်ပေါင်း၁၀၀ ကျော်သည့် Main Building ကို အကြီးစားပြုပြင်မွမ်းမံခြင်း၊ General Renovation ပြုလုပ်ရန်နှင့် အခြားအဆောက်အအုံများ တိုးချဲ့ပြုပြင်မွမ်းမံရန် လိုအပ်လာပေသည်။

တိုးချဲ့ငါးထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းများအားလုံးမှာလည်း ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် လူနာများကို ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကလည်း ကျေးဇူးတင်စရာပင်။ အဆောက်အအုံများမှာ ကောင်းမွန်သန့်ရှင်းပြီး ခုတင်၊ မွေ့ရာ၊ ပစ္စည်းထည့်သေတ္တာ၊ ထိုင်ခုံများ၊ လိုက်ကာခန်းဆီးများ၊သန့်စင်ခန်းများကို စနစ်တကျထားရှိပေးခြင်းကလည်း စိတ်ချမ်းသာမှုကို ဖြစ်ပေါ်စေပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုတင် ၂၀၀၀ ဆံ့ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးချို့တဲ့သူများအား စောင့်ရှောက်နိုင်ရန် ပါမောက္ခချုပ်၊ ဆေးရုံအုပ်ကြီး (ကုသရေး)၊ ဆေးရုံအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူးချုပ်(ဒုတိယတာဝန်ခံဆေးရုံအုပ်ကြီး) မှစ၍ ရုံးအကူအထိ မူလခွင့်ပြုဦးရေ ၁၇၇၆ ဦးရေနှင့် အသစ်တိုးချဲ့ရေး ၁၂၈၁ ဦး စုစုပေါင်း ခွင့်ပြုဦးရေ ၃၀၅၇ ဦးဖြင့် ဆောင်ရွက်လျက်ရှိပေသည်။

လူနာနှင့် လူနာစောင့်များ သတိပြုရန် အသိပေးထားရှိခဲ့ပေသည်။ မသမာသူများသည် လူနာစောင့်အယောင်ဆောင်၍ လည်းကောင်း၊ ဆေးရုံဝန်ထမ်း အယောင်ဆောင်၍လည်းကောင်း၊ ဈေးသည်အယောင်ဆောင်၍ လည်းကောင်း၊ ဆေးကုမ္ပဏီဝန်ထမ်း အယောင်ဆောင်၍လည်းကောင်း၊ လူနာများနှင့် လူနာစောင့်များအား ရင်းနှီးအောင်ပြုလုပ်ပြီးနောက် ရွှေငွေပစ္စည်းများအား ခိုးယူခြင်း၊ လိမ်လည်ရယူခြင်းများ ပြုလုပ်လာနိုင်ပါသည်။ သို့ဖြစ်၍ လူနာစောင့်များအနေနှင့် အဖိုးတန်ပစ္စည်းများကို ဆေးရုံသို့ ယူဆောင်လာခြင်းမပြုရန်၊ လူနာအားတစ်ဦးတည်းထား၍ ပြင်ပသို့မသွားရန်၊ မိမိပိုင်ပစ္စည်းများအား ဂရုစိုက်ထိန်းသိမ်းကြရန်၊ လူစိမ်းများအား သတိပြုဆက်ဆံစောင့်ကြည့်ရန်နှင့် ယုံကြည်မှုမလွန်ကဲစေရန် အသိပေးထားပေသည်။

### ပြည်သူလူထုမှ ပူးပေါင်းပါဝင်

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဆေးကုဌာနသို့ လာရောက်ကုသသော လူနာများ၏ စိုက်ထုတ်ကုန်ကျငွေ ကျဆင်းရေးအတွက် အခြေခံဆေးဝါးများ အခြေခံဓာတ်ခွဲစမ်းသပ်မှု ခုနစ်မျိုးနှင့် ဓာတ်မှတ် (X-Ray)၊ တယ်လီဗေးရှင်း ဓာတ်မှန်(Vitsasound)၊ ကွန်ပျူတာဓာတ်မှန် (CT Scan) ရိုက်ကူးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိသည်။ အချို့ဆေးဝါးများနှင့် အထူးစစ်ဆေးမှုများ အတွက် လူနာများမှ ကျခံသုံးစွဲရသည်။ ဆေးရုံ၏ ဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံထားသည်ကိုလည်း တွေ့ရှိခဲ့ပါသည်။

လူနာစောင့်များအနေဖြင့် စည်းကမ်းရှိရန် အထူးလိုအပ်ပေသည်။ လူနာနှင့် လူနာစောင့်တစ်ဦးအတွက် ရှိသင့်ရှိထိုက်သော ပစ္စည်းများကိုသာ ယူဆောင်လာပါက ပို၍ကောင်းပါမည်။ အိမ်ထောင်ပြောင်းသဖွယ် မပြုလုပ်သင့်ပါ။ အမှိုက်များအား စည်းကမ်းမဲ့ စွန့်ခြင်း၊ သန့်စင်ခန်းများနှင့် ရေဆေးကန်များတွင် စည်းကမ်းမဲ့အမှိုက်စွန့်ခြင်း၊ ကွမ်းတံတွေးများ စည်းကမ်းမဲ့စွန့်ခြင်း၊ ဆေးရုံပေါ်၌ ကွမ်းစားခြင်း၊ အရက်သောက်၍လာခြင်းများ မပြုလုပ်သင့်ပေ။ စားသောက်ဖွယ်ရာပို့ချိန်နှင့် လူနာကြည့်ချိန် အချိန်များကို သတ်မှတ်ပေးထားသည့် အချိန်အတိုင်း လိုက်နာကျင့်သုံးပါက ပို၍ ကောင်းမွန်ပါမည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ပညာပြည့်ဝနှလုံးလှ၍ စိတ်စေတနာကောင်းများထားရှိသော ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများ၊ အမှုထမ်းကောင်းများ၊ ဆေးဝါးစက်ကိရိယာများ ပြည့်စုံခြင်း၊ အချိန်နှင့်တစ်ပြေးညီကုသပေးခြင်းတို့ကြောင့် ရောဂါများပျောက်ကင်းကြောင်း သတင်းကောင်းများ ကျော်ကြားနေသော ၁၄၄ နှစ်ရှိ ခုတင် ၂၀၀၀ ဆံ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

---

## အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၃ နှစ်အောက် ဘောလုံးပြိုင်ပွဲကျင်းပပြီးစီး

**ရန်ကုန် နိုဝင်ဘာ ၅**

ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၃ နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏမြက်ခင်းတု အားကစားကွင်း၌ အောက်တိုဘာ ၂၂ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ အုပ်စု လေးစုခွဲ၍ ပြိုင်ပွဲဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘောလုံးအသင်း ၁၇ သင်း ပါဝင်ယှဉ်ပြိုင်ကာ အမှတ်ပေးစနစ်ဖြင့် ယှဉ်ပြိုင်ခဲ့သည်။

နိုဝင်ဘာ ၅ ရက် ညနေ ၄ နာရီတွင် ဗိုလ်လုပွဲအဖြစ် နေပြည်တော်ဘောလုံးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အခြေခံပညာဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နေပြည်တော် ကျောင်းသားအသင်းမှ နှစ်ဂိုးတစ်ဂိုးဖြင့် ဗိုလ်ဆွဲခဲ့သည်။

ဆုပေးပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအသင်း အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ကော်မတီဝင်များ၊ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ စုံညီစွာတက်ရောက်ကြပြီး ပထမဆုရ နေပြည်တော်ဘောလုံးအသင်းအား ဒိုင်းဆုနှင့် ဂုဏ်ပြုဆုတံဆိပ်များကို ဦးဇော်ဇော်က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်သန်းထွန်း(နတ်မောက်)**

# လူငယ်နှင့် အလုပ်အကိုင် အခွင့်အလမ်း ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

## ပြည်သူလူထု၏ ဖြစ်လိုသောဆန္ဒနှင့် အခြေအနေများကို တိုင်ပင်ဆွေးနွေးပါမှ ဘုံသဘောတူညီချက်ရရှိမည်ဖြစ်



လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပစဉ် သတင်းစဉ်

**ရန်ကုန် နိုဝင်ဘာ ၅**

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်များနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို လူငယ်များနှင့် ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ရေးအတွက် လူထုလူတန်းစားအလွှာအသီးသီးမှ ပြည်သူများပါဝင်သည့် ပြည်သူ့စကားဝိုင်းများကို ကျင်းပလျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းက "လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း" ခေါင်းစဉ်ဖြင့် ရန်ကုန်တက္ကသိုလ် Recreation Centre ၌ ကျင်းပသည်။

**ဒီမိုကရေစီအလေ့အကျင့်**

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က "ကျွန်တော်တို့ တိုင်းပြည်မှာ ဒီမိုကရေစီပိုမိုပြည့်ဝတဲ့စနစ် တစ်ခုတည်းဆောက်နိုင်ဖို့ လေ့ကျင့်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဦးဆောင်ဆွေးနွေးတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဆွေးနွေးချက်တွေကို နားထောင်ပြီး ဆက်စပ်ပြီး မိမိတို့ ဆွေးနွေးချင်တာရှိသမျှကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပါ။ အကျိုးသင့်အကြောင်းသင့် မေးမြန်းဆွေးနွေးတဲ့ ဆွေးနွေးပွဲစကားဝိုင်းဓလေ့ ဖြစ်စေချင်ပါတယ်၊ မိမိသဘော ဆန္ဒကို ယဉ်ကျေးသော နည်းလမ်းအားဖြင့်၊ တင်ပြဆွေးနွေးသောအားဖြင့် ကျွန်တော်တို့တိုင်းပြည်မှာ ယဉ်ကျေးသော ဆွေးနွေးတဲ့ ဓလေ့တစ်ခု ထွန်းကားစေချင်ပါတယ်။ ဒါကလည်း ဒီမိုကရေစီ အလေ့အကျင့် ဖြစ်ပါတယ်"ဟု ပြောကြားသည်။

**ဘုံသဘောတူညီချက်တစ်ရပ်**

ဆက်လက်၍ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်မှ ပြည်သူလူထု၏ အသံများကို နားထောင်လိုပါကြောင်း၊ ပြည်သူလူထုအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် ပါဝင်ရန်လိုအပ်ပါကြောင်း၊ ၎င်းတို့၏ ဖြစ်လိုသော ဆန္ဒများ၊ အခြေအနေများကို မိမိတို့အနေဖြင့် တိုင်ပင်လိုပါကြောင်း၊ ထိုကဲ့သို့ တိုင်ပင်ဆွေးနွေးပါမှ ဘုံသဘောတူညီချက် တစ်ရပ်ကိုရရှိမည် ဖြစ်ပါကြောင်း၊ ၎င်းကိုနိုင်ငံရေးစင်မြင့်မှ တစ်ဆင့် လွှတ်တော်ထံ ပြည်သူများ၏အသံဟု ဆုံးဖြတ်ပြီး အစိုးရက အကောင်အထည်ဖော်မှ မိမိတို့နိုင်ငံအနေဖြင့် အောင်မြင်မည် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု အခန်းကဏ္ဍတွင် လူထုနှင့် တိုင်ပင်နိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက ယခုလို အခြေအနေတစ်ခုကို ဖန်တီးပေးလာသည့်အတွက် အထူး ကျေးဇူးတင်ရှိပါကြောင်း၊ ယခုလို ဆွေးနွေးပွဲများကို ပြည်သူလူထုအကြား ကျယ်ပြန့်ရေးအတွက် မိမိတို့တိုင်းဒေသကြီး အစိုးရအနေဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**အနာဂတ်ဖန်တီး**

မိမိတို့အားလုံး ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်နိုင်ရေးအတွက် အခွင့်အလမ်း တစ်ခုကို ယခုလိုပြည်သူ့အသံများ၊ အပြန်အလှန် ဆွေးနွေးမှုများကို ထူထောင်သွားမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးမှုပြုလုပ်ရာတွင် အချိန်အနည်းငယ်ပေး၍ လာရောက်သင့်ပြီး ဖြစ်စေချင်သည့် ဆန္ဒများကို ဆွေးနွေး၍ရပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဖြစ်နေသည့် ပြဿနာရပ်များကို ပြည်သူများပေးသည့် အကြံဉာဏ်များနှင့် အတူ နိုင်ငံတော်ကြီးကို ထူထောင်ဖို့ အားလုံးစုရုံးပြီး တိုင်ပင်ဆွေးနွေးကြပါစို့၊ မိမိတို့ကံကြမ္မာ အနာဂတ်ကို မိမိတို့ဖန်တီးကြပါစို့ဟု ပြောကြားသည်။

"လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း" ပြည်သူ့စကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်က FDA ၏ အချက်အလက်များအရ မိမိတို့နိုင်ငံတွင် လူငယ်အရေအတွက်သည် ၂၈ ရာခိုင်နှုန်း မှ ၃၀ ရာခိုင်နှုန်းအထိရှိသည်ဟု သိရှိရပြီး နိုင်ငံ၏ အလားအလာကောင်းမွန်ပါကြောင်း၊ အနာဂတ်၏ အားကိုးအားထားရာ လူငယ်ဦးရေများပြားသည်ကို တွေ့ရှိရပါကြောင်း။

ထို့ပြင် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်လည်း အရေးကြီးပါကြောင်း၊ လူငယ်များသည် ဘဝအစတွင် ခိုင်မာသည့် အလုပ်အကိုင်အခွင့်အလမ်းများကို ရရှိရန် လိုသကဲ့သို့ တတ်မြောက်သည့် ပညာ၊ ဂုဏ်တို့နှင့်အညီ အလုပ်အကိုင်ရရှိရန်လည်း အရေးကြီးပါကြောင်း၊ ယခုကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိသွားမည်ဆိုပါက လူမှုဘဝတိုးတက်မြင့်မားလာမည်ဖြစ်သကဲ့သို့ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပိုမိုဖြစ်ထွန်းလာမည် ဖြစ်ပါကြောင်း။

အလုပ်အကိုင်အခွင့်အလမ်းဆိုသည့် စကားရပ်မှာ အဓိပ္ပာယ်ရှိပါကြောင်း၊ အခွင့်အလမ်းများ လက်ဆုပ်လက်ကိုင်ရရှိရန်မှာ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန တစ်ခုတည်းဖြင့် မရပါကြောင်း၊ အခြားသော ဆက်နွယ်နေသည့် ကဏ္ဍများရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်း လုပ်ဆောင်နိုင်သည့် လုပ်ထုံးလုပ်နည်းများနှင့် အခြားနယ်ပယ်များလည်း တစ်ပြိုင်နက်တည်း ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ အလုပ်အကိုင်အခွင့်အလမ်း အများအပြားရှိလာပြီး လူငယ်များ အလုပ်အကိုင်ကောင်းကောင်း ရရှိမည်ဖြစ်ပါကြောင်း၊ ယနေ့စကားဝိုင်းတွင် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ လက်ဆုပ်လက်ကိုင်ရရှိနိုင်ရေး မည်ကဲ့သို့ ပြင်ဆင်ရန်လိုအပ်သည်ကို မိမိတို့ဘက်ကရော၊ အစိုးရအနေဖြင့် မည်သို့လုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသည် ဆိုသည်ကို ပုဂ္ဂိုလ်ငါးဦးဖြင့် ဆက်လက်ဆွေးနွေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ပြောင်းရွှေ့လာကြ**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်ကို ကျေးလက်ဒေသမှ အလုပ်အကိုင်အခွင့်အလမ်းများ လာရောက်ရှာဖွေကြခြင်းကြောင့် ပြောင်းရွှေ့လုပ်သားအင်အား တဖြည်းဖြည်းမြင့်တက်လာရာ ရန်ကုန်မြို့၏ အလုပ်သမားဈေးကွက်နှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း အလုပ်သမားဈေးကွက်ကို ကြည့်မည်ဆိုပါက ရန်ကုန်တိုင်းဒေသကြီးကို ပြောင်းရွှေ့လာသည့် ရွှေ့ပြောင်းလုပ်သားသည် ၁၁ ရာခိုင်နှုန်း မှ ၁၄ ရာခိုင်နှုန်းအထိ တိုးတက်လာသည်ကို တွေ့ရပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး စသည့် နီးစပ်ရာ တိုင်းဒေသကြီးများနှင့် ပြည်နယ်တို့မှ အလွှာအသီးသီး၊ အမျိုးအစားစုံလင်စွာနှင့် ပြောင်းရွှေ့လာကြခြင်း ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန် ၂၉ ခုတွင် များသောအားဖြင့် အလုပ်ရသည်မှာ အမျိုးသမီးငယ်များဖြစ်ပြီး ၇၀ ရာခိုင်နှုန်းမှာ အထည်ချုပ်လုပ်ငန်းများတွင် ဖြစ်ပါကြောင်း၊ အခြား ၃၀ ရာခိုင်နှုန်းသည် စက်မှုလုပ်ငန်းနှင့် ပတ်သက်သည့် အလုပ်အကိုင်များတွင်ဖြစ်ပြီး ရန်ကုန်တွင် ဖြစ်ပါကြောင်း၊ အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များမှလည်း နည်းပညာသစ်များ သင်ယူလေ့လာရန် ရန်ကုန်ကို ပြောင်းရွှေ့လာကြပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အင်းစိန်မြို့နယ် အမှတ်(၂) မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်က ရန်ကုန်မြို့တွင် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေရာ၌ တွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် နိုင်ငံတွင် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း ရှားပါးသည်ဟု ပြောနေကြပါကြောင်း၊ အချို့အတွက် အလုပ်အကိုင်ကောင်းများ များစွာရှိပါကြောင်း၊ လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းကောင်းတစ်ခုရရန် လိုအပ်ပါကြောင်း၊ ထိုသို့ ရရာတွင်လည်း လူ့ဂုဏ်သိက္ခာနှင့် ညီမျှသည့် အလုပ်အကိုင်ဖြစ်ရန် လိုအပ်ပါကြောင်း။

**ဝမ်းစာကိုဖြည့်ဆည်း**

လူငယ်များအနေဖြင့် အလုပ်အကိုင်ရလျှင် ပြီးရော ဆိုပြီး မလုပ်ချင်သည့် အလုပ်များကို ဝင်ရောက်လုပ်ကိုင်ကြရသည်များလည်း ရှိပါကြောင်း၊ ထိုအလုပ်များသည် အခွင့်အလမ်းကောင်းများ မဟုတ်ပါကြောင်း၊ လူငယ်များသည် အလုပ်အကိုင်ရှာဖွေရာတွင် လူ့ဂုဏ်သိက္ခာနှင့် ညီမျှသည့် အလုပ်အကိုင်များကို ရှာဖွေရန် အရေးကြီးပါကြောင်း၊ ထိုသို့သော အလုပ်များရရန်မှာ ကျွမ်းကျင်မှု (Skill) လိုအပ်ပါကြောင်း၊ ကျွမ်းကျင်မှုမရှိပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကြောင့် အလုပ်အကိုင်အခွင့်အလမ်း များပြားစေကာမူ အလုပ်အကိုင်ရရှိရန် ခက်ခဲမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းလုပ်ငန်းရှင်များကလည်း ကျွမ်းကျင်လုပ်သားကို ဦးစားပေးရှာဖွေခန့်ထားမည်ဖြစ်ပါကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ အလုပ်အကိုင်ကောင်းများရလိုပါက မိမိတို့၏ ကျွမ်းကျင်မှု၊ အရည်အချင်းနှင့် ဝမ်းစာကို ဖြည့်ဆည်းကြရန် အရေးကြီးပါကြောင်း ဆွေးနွေးသည်။

**ချိတ်ဆက်ပေး**

ဆက်လက်၍ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်းက အလုပ်အကိုင်ကောင်းများရရှိရန် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအောက်ရှိ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနသည် အလုပ်ရှာဖွေနေသည့် အလုပ်သမားများနှင့် အလုပ်သမားလိုချင်သည့် အလုပ်ရှင်များကို ချိတ်ဆက်ပေးသည့် လုပ်ငန်းကို ဆောင်ရွက်နေပါကြောင်း။

**ဆောင်ရွက်ပေးလျက်ရှိ**

၁၉၄၆ ခုနှစ်တွင် ရန်ကုန်၌ အလုပ်အကိုင်ဆက်သွယ်ရေးရုံးကို စတင်တည်ထောင်ခဲ့ပါကြောင်း၊ ထို့နောက် ၁၉၅၁ ခုနှစ်တွင် အလုပ်အကိုင်နှင့် လေ့ကျင့်သင်ကြားရေးဥပဒေကို ထုတ်ပြန်ပြီး အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများကို ဖွဲ့စည်းတည်ထောင်ခဲ့ပါကြောင်း၊ ၁၉၅၉ ခုနှစ်တွင် အလုပ်ခန့်ထားမှုကန့်သတ်ရေးဥပဒေဖြစ်ပေါ်လာပြီး တစ်နိုင်ငံလုံးတွင် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေး ရုံးပေါင်း ၈၀ ဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ ၁၅ ရုံး အပါအဝင် စုစုပေါင်း ၉၅ ရုံးဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။ *စာမျက်နှာ ၇ သို့*

> **"လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်လည်း အရေးကြီးပါကြောင်း၊ လူငယ်များသည် ဘဝအစတွင် ခိုင်မာသည့် အလုပ်အကိုင်အခွင့်အလမ်းများကို ရရှိရန်လိုသကဲ့သို့ တတ်မြောက်သည့် ပညာ၊ ဂုဏ်တို့နှင့်အညီ အလုပ်အကိုင်ရရှိရန်လည်း အရေးကြီးပါကြောင်း၊ ယခုကဲ့သို့ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိသွားမည်ဆိုပါက လူမှုဘဝတိုးတက်မြင့်မားလာမည် ဖြစ်သကဲ့သို့ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပိုမိုဖြစ်ထွန်းလာမည်ဖြစ်"**




**လူငယ်နှင့် အလုပ်အကိုင် အခွင့်အလမ်း ခေါင်းစဉ်ဖြင့် ပြည်သူ့ စကားဝိုင်း ကျင်းပစဉ်**
သတင်းစဉ်

*စာမျက်နှာ ၆ မှ*

### တိုက်ရိုက် ထိတွေ့ရွေးချယ်

အလုပ်သမားရှာဖွေနေသူများက အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် မှတ်ပုံတင်ရပြီး အလုပ်သမားလိုချင်သည့် အလုပ်ရှင်များကလည်း မိမိတို့ ဌာနသို့ အမှာစာပို့ရပါကြောင်း၊ ထိုသို့ အမှာစာပို့ပြီးပါက မိမိတို့ ရုံးများတွင် အလုပ်သမား၏ ကျွမ်းကျင်မှု၊ ပညာအရည်အချင်း၊ အသက်စသဖြင့် သတ်မှတ်ချက် အသေးစိတ်ကိုကြေညာထားပါကြောင်း၊ အလုပ်လိုချင်သူများက လာရောက်လျှောက်ထားသည့်အခါ ပြန်လည်စုစည်းပြီး အလုပ်ရှင်ထံ ပြန်လည်အကြောင်းကြားပါကြောင်း၊ ထို့နောက် အလုပ်ရှင်နှင့် အလုပ်သမား တိုက်ရိုက်ထိတွေ့ရွေးချယ်ပြီး မိမိတို့ထံ ပြန်လည်ပေးပို့ပါက မိမိတို့က အလုပ်ခန့်ထားမှု ပုံစံ ၇ ထုတ်ပေးသည့် လုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးသည်။

### အလုပ်အကိုင်ရရှိမှုကွာခြား

ပြည်တွင်းအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီ JPE Everest Ltd. မှ ဦးဝင်းနိုင်က ပြည်တွင်းလုပ်ငန်း အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီအနေဖြင့် လက်ခံဆောင်ရွက်ပေးနေသည့် အလုပ်အကိုင် အခွင့်အလမ်းအမျိုးအစားများနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် ယခုတက်ရောက်လာသူများတွင် အလုပ်လုပ်ကိုင်နေသူများ ပါဝင်သလို ကျောင်းတက်နေဆဲ ကျောင်းသား၊ ကျောင်းသူများလည်း ပါဝင်သဖြင့် မိမိတို့၏ အတွေ့အကြုံများကို မျှဝေလိုပါကြောင်း၊ ဘယ်လိုအလုပ်မျိုးက ရလွယ်သလဲ၊ လစာကောင်းသလဲဆိုတာသည် တစ်ဦးချင်းစီ၏ ကျွမ်းကျင်မှု (Individual Skill) ပေါ်တွင်မူတည်ပြီး လစာရရှိမှု အနည်းအများဖြစ်ပေါ်ခြင်းဖြစ်ပါကြောင်း၊ လက်ရှိ တိုင်းပြည်၏ အနေအထားအရ Sales and Marketing ၊ Engineering ၊ Admin and HR စသည့် အလုပ်များ များပြားပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာပြပွဲများ ကျင်းပရာတွင်လည်း မိမိတို့သည် ကျွမ်းကျင်လုပ်သား (Skill Worker) များကို ခေါ်ကြတာ များပါကြောင်း၊ လူငယ်များဘက်မှ မိမိတို့ ဝါသနာ၊ ဖြစ်ချင်သည့် ဆန္ဒပေါ်တွင်မူတည်၍ လစာသည် ကွာခြားသွားပြီး အလုပ်အကိုင်ရရှိမှုမှာလည်း ကွာခြားနိုင်ပါကြောင်း ဆွေးနွေးသည်။

### အခွင့်အလမ်းများ ပိုမိုပွင့်လင်းလာ

ထို့နောက် 7 HR Business Group and Two Four DMA Media Group မှ CEO & Chief Editor ဦးသန်းစိုးက အလုပ်အကိုင်ရရှိရန် လွယ်ကူသည့် လုပ်ငန်းအမျိုးအစားများနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် ယခုခေတ်အနေအထားအရ အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ရန် များပြားလာပါကြောင်း၊ ယခင်က အလုပ်အကိုင်အခွင့်အလမ်း ရှာဖွေရာတွင် သတင်းစာ၌သာ ကြော်ငြာရှိပါကြောင်း၊ ယခုအချိန်တွင် အလုပ်အကိုင် အခွင့်အလမ်းများကို သတင်းစာ၊ ဂျာနယ်သာမက Social Media များတွင်လည်း အများအပြား တွေ့မြင်လာရပါကြောင်း၊ ၊ ထို့ပြင်ဖုန်းမှတစ်ဆင့် မိုဘိုင်းအက်ပလီကေးရှင်းများ ရှာဖွေကြည့်ကာ အလုပ်အကိုင် အခွင့် အလမ်းများ ရှာဖွေနိုင်ပါကြောင်း၊ ထိုအချက်သည် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပွင့်လင်းလာသည်ကို ပြသနေပါကြောင်း။

### အလုပ်ခေါ်ယူမှု များပြားနေ

အလုပ်လုပ်သူများအနေဖြင့် အလုပ်မကောင်းလျှင် မကောင်းသလို ပြောဆိုနိုင်သည့် အခွင့်အရေး ရရှိလာပါကြောင်း၊ အလုပ်ရှင်ဘက်ကလည်း မိမိတို့ဘက်မှ စည်းကမ်းဖောက်ဖျက်မှု မရှိရေးနှင့် မျှမျှတတ အဆင်ပြေပြေဆောင်ရွက်ရမည်ဆိုသည့် အသိရရှိလာပါကြောင်း၊ ထို့ပြင် မိမိတို့ အဆင်မပြေမှုများကို တင်ပြလာနိုင်ပြီး တစ်ဖက်ကလည်း ပြန်ထိန်းသွားနိုင်ပါကြောင်း၊ ဂျာနယ်တွင် အလုပ်အကိုင်အခွင့်အလမ်းခေါ်ယူမှု အများဆုံးမှာ HR နှင့် Admin ဖြစ်ပြီး ဒုတိယအများဆုံးမှာ Sales and Marketing ဖြစ်ပါကြောင်း၊ တတိယအများဆုံးမှာ Accountant ဖြစ်ပြီး ထို့နောက်တွင် ယာဉ်မောင်း ၊ လုံခြုံရေးဝန်ထမ်းတို့ကို ခေါ်ယူမှုများပြားပါကြောင်း၊ လုပ်ငန်းများအနေဖြင့် ဟိုတယ်လုပ်ငန်း ၊ Distribution ၊ အစားအသောက်နှင့် အဖျော်ယမကာလုပ်ငန်းများ၊ ဆောက်လုပ်ရေးနှင့် စားသောက်ဆိုင်လုပ်ငန်းများမှ အလုပ်ခေါ်ယူမှု များပြားနေသည်ကို တွေ့ရပါကြောင်း ဆွေးနွေးသည်။

### ပြန်လည်ဖြည့်စွက်ဖြေကြား

ထို့နောက် အခြေခံပညာအဆင့် ကျောင်းများတွင် တက္ကသိုလ်ပညာရေး၌ သင်ကြားနေသည့် ဘာသာရပ်များနှင့် အသုံးချနိုင်သည့် လုပ်ငန်းနယ်ပယ်များ၊ Innovation စင်တာများ၏ တည်နေရာနှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ စနစ်ကျသည့် ပညာရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ သမိုင်းဘာသာရပ်ဖြင့် ဘွဲ့ရသူများအတွက် အလုပ်အကိုင် အခွင့်အလမ်း ရှားပါးနေမှု၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ချိတ်ဆက်ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးပြီး မေးခွန်းများ မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြည့်စွက် ဖြေကြားကြသည်။

ယနေ့ ကျင်းပသည့် ပြည်သူ့စကားဝိုင်းကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

### ဆက်လက်ပြုလုပ်သွားမည်

ယနေ့ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု အခန်းကဏ္ဍတွင် လူထုနှင့် တိုင်ပင်နိုင်ရန် ယခုလို ဆွေးနွေးပွဲများကို ပြည်သူလူထုအကြား ကျယ်ပြန့်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ပြည်သူ့စကားဝိုင်းများကို ဆက်လက်ပြုလုပ်သွားမည်ဟု ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ပြည်တွင်း ပြည်ပ စာပေပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည့် စတုတ္ထအကြိမ်မြောက် ရောဝတီစာပေပွဲတော် အောင်မြင်စွာ ကျင်းပပြီးစီး

မန္တလေး နိုဝင်ဘာ ၅

**ပြည်တွင်း ပြည်ပ စာပေပညာရှင်များနှင့် စာပေချစ်မြတ်နိုးသူများ ပါဝင်ဆင်နွှဲခဲ့သည့် စတုတ္ထအကြိမ်မြောက် ရောဝတီစာပေပွဲတော်ကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် Mandalay Hill Resort တွင် နိုဝင်ဘာ ၃ ရက်က စတင်ကျင်းပခဲ့ရာ နိုဝင်ဘာ ၅ ရက် ညနေ ၅ နာရီတွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။**

အဆိုပါပွဲတော်တွင် ပြည်တွင်း ပြည်ပ စာပေပညာရှင်များက စာတမ်းများ ဖတ်ကြားခြင်း၊ တက်ရောက်လာကြသည့် စာရေးဆရာများနှင့် စာပေဝါသနာရှင်များက စာပေအကြောင်းအရာများ ဆွေးနွေးခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ ပန်းချီရေးဆွဲခြင်း၊ ကာတွန်းရေးဆွဲခြင်းတို့အပြင် ရန်ကုန်နှင့် မန္တလေးတို့မှ စာအုပ်အရောင်းဆိုင် ၄၀ နီးပါး လာရောက်ရောင်းချခဲ့ကြသည်။



စတုတ္ထအကြိမ်မြောက် ရောဝတီစာပေပွဲတော်တွင် စာအုပ်များရောင်းချနေမှုကို တွေ့ရစဉ်

"မန္တလေးမြို့မှာ ရောဝတီစာပေပွဲတော် ကျင်းပခဲ့တဲ့အထဲမှာ အခု ကျင်းပတဲ့ပွဲက အားရကျေနပ်စရာကောင်းပါတယ်။ စာတမ်းဖတ်သူတွေဘက်မှာလည်း လူငယ်မျိုးဆက်သစ်တွေ ပါဝင်လာပြီး ဆွေးနွေးမေးမြန်းသူတွေထဲမှာ လူငယ်တွေ အများအပြား ပါလာတဲ့အတွက် ဝမ်းသာအားရမိပါတယ်၊ ဒီနှစ်မှာ နိုင်ငံတကာ စာပေပညာရှင်တွေရဲ့ ဆွေးနွေးချက်ကလည်း အင်မတန်အဖိုးတန်ပါတယ်၊ ဂျာနယ်လစ်ဇင်အပိုင်းက သတင်းတုတွေနဲ့ သတင်းလမ်းလွဲအောင်လုပ်တဲ့နည်းတွေကို သူတို့ကိုယ်တိုင် ဖော်ထုတ်ဆွေးနွေးခဲ့ကြတယ်၊ ဒီပွဲတော်မှာ စာအုပ်အရောင်းဆိုင်တွေ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေနဲ့ အစားအသောက်တွေ လာရောက်လှူဒါန်းမှုတွေရှိလို့ ပရိသတ်အရေအတွက် မြင့်တက်လာတဲ့အတွက် နောင်ကျင်းပမယ့်ပွဲတွေမှာ ဒီထက်အောင်မြင်ပြီး လူငယ်မျိုးဆက်သစ်တွေကို အကျိုးပြုလိမ့်မယ်လို့ မြင်ပါတယ်"ဟု ပွဲတော်ကျင်းပရေးအဖွဲ့မှ Country Director ဒေါက်တာအောင်မြင့်က ပြောသည်။

စတုတ္ထအကြိမ်မြောက် ရောဝတီစာပေပွဲတော်၏ ထူးခြားသည့် အောင်မြင်မှုမှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းမှစ၍ ယနေ့ခေတ် ကဗျာဆရာများ စုစည်းရေးသားထားသည့် မြန်န္ဒာကဗျာပေါင်းချုပ်စာအုပ်ကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် လည်းကောင်း၊ ပွဲတော်တွင် ခင်းကျင်းပြသထားသည့် ကာတွန်းဆရာများ၏ ကာတွန်းများကိုလည်း စာအုပ်တစ်အုပ်အဖြစ်လည်းကောင်း ပွဲတော်အမှတ်တရအဖြစ် ထုတ်ဝေနိုင်ခဲ့ကြောင်း သိရသည်။

မန္တလေးမြို့ခံစာရေးဆရာ ကျော်ရင်မြင့်က "စတုတ္ထအကြိမ် ရောဝတီပွဲတော်က ပိုပြီးစည်ကားပြီး ရန်ကုန်၊ မန္တလေးနဲ့ နိုင်ငံတကာက စာရေးဆရာတွေ၊ စာနယ်ဇင်းသမားတွေအားလုံး တက်တက်ကြွကြွနဲ့ ပါဝင်လာကြတယ်။ ဒီလို စာပေပွဲတော်တွေ ကျင်းပခြင်းဖြင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေပြီး အသိအမြင်တွေလည်း ကျယ်စေတယ်၊ နိုင်ငံတကာက စာရေးဆရာတွေလည်း မြန်မာနိုင်ငံအကြောင်း ပိုပြီးသိလာစေတဲ့အတွက် နိုင်ငံအတွက်ရော စာပေ အတွက်အကျိုးရှိတယ်" ဟု ပြောသည်။

အဆိုပါ စာပေပွဲတော်တွင် လာရောက်ရောင်းချသည့် အော်ဂင်စာအုပ် အရောင်းဆိုင်မှ ကိုမျိုးမြင့်ကလည်း "ဒီပွဲတော်မှာ သုတ၊ ရသ စာပေတွေ ပိုပြီးရောင်းအားကောင်းပါတယ်၊ ဝယ်သူအများစုက စာရေးဆရာတွေ၊ လူကြီးပိုင်းစာပေဝါသနာရှင်တွေနဲ့ ကျောင်းဆရာ ဆရာမတွေ အများဆုံးဝယ်ကြတယ်၊ တစ်နေ့ကို ငွေကျပ် နှစ်သိန်းဖိုးလောက် ရောင်းရတယ်၊ ဒီမှာလာရောင်းကြတာက ရန်ကုန်ကစာအုပ်ဆိုင်တွေ ပိုများပြီး ဒီပွဲတော်ပြီးရင် ကျုံးအရှေ့ဘက်မှာ ပြုလုပ်မယ့် စာအုပ်ဈေးရောင်းပွဲတော်မှာ ဆက်ပြီးရောင်းချသွားပါမယ်"ဟု ပြောသည်။

စတုတ္ထအကြိမ်မြောက် ရောဝတီစာပေပွဲတော်ကို နိုဝင်ဘာ ၃ ရက်ကစ၍ ကျင်းပခဲ့ရာ နိုဝင်ဘာ ၅ ရက် ညနေ ၅ နာရီတွင် ပိတ်ပွဲအခမ်းအနားကျင်းပခဲ့ပြီး တက်ရောက်လာကြသော ပွဲတော်ဖြစ်မြောက်ရေးအဖွဲ့များ၊ ပြည်တွင်း ပြည်ပ စာပေပညာရှင်များ၊ စာရေးဆရာများက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နှစ်ဆင့်ချေးငွေစီမံကိန်း (JICA Two Step Loan ) ထုတ်ချေးပေးမှုများနှင့် စပ်လျဉ်း၍

**မင်းမင်းဇော်(ကလေး)**

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍနှင့် အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းကဏ္ဍများကို နှစ်ဆင့် ချေးငွေစီမံကိန်း (JICA Two Step Loan ) ထုတ်ချေးပေးမှုများ ဆောင်ရွက်လျက်ရှိရာ အဆိုပါစီမံကိန်း ချေးငွေထုတ်ချေးပေးမည့် အစီအမံများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းဆွေးနွေးချက်များကို တင်ပြလိုက်ရပါသည်။**

**ဦးမောင်မောင်ဝင်း**
**ဒုတိယဝန်ကြီး**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ စီးပွားရေးမူဝါဒတွေ ချမှတ်ဆောင်ရွက်နေတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိဖို့ဆိုတာ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ ဆက်စပ်နေပါတယ်။ ရင်းနှီးမြှုပ်နှံမှု မရှိဘဲနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြင့်မြင့်နဲ့ ရနိုင်မှာမဟုတ်ပါဘူး။ ရင်းနှီးမြှုပ်နှံမှုတွေ လိုအပ်ပါတယ်။ ဒါကြောင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်နေပါတယ်။ ရင်းနှီးမြှုပ်နှံတဲ့နေရာမှာ ကိုယ့်အင်ကိုယ့်အားနဲ့ ရင်းနှီးနိုင်တဲ့သူတွေ ရှိသလို ကိုယ့်အင်ကိုယ့်အားထက် ကျော်လွန်ပြီး လိုအပ်တဲ့ အရင်းအနှီးအတွက်ကို ဘဏ်ချေးငွေ ဖြစ်စေ၊ အကူအညီရတဲ့ ငွေဖြစ်စေ ရှာဖွေရင်းနှီးကြရပါတယ်။

### တိုးမြှင့်ဆောင်ရွက်

ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာဖို့အတွက် ဘဏ်ချေးငွေအပိုင်းအနေနဲ့ တော်တော်လေး အရေးပါတဲ့ အပိုင်းကပါဝင်နေပါတယ်။ ဒါ့ကြောင့် ဘဏ်ချေးငွေအပါအဝင် ချေးငွေအမျိုးမျိုးကို တိုးမြှင့်ပြီး ရသင့်ရထိုက်တဲ့သူတွေ ရနိုင်အောင် အစိုးရအဖွဲ့က ကြိုးပမ်းဆောင်ရွက် ပေးနေပါတယ်။ ပြည်တွင်းက ရရှိနိုင်မယ့် အရင်းအမြစ်တွေကိုလည်း တိုးချဲ့ဆောင်ရွက်နေပါတယ်။ ပြည်ပက ရနိုင်သမျှ အရင်းအမြစ်တွေကို ပြည်တွင်းအတွက် တိုးမြှင့်ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ပြည်ပကရရှိတဲ့ ချေးငွေတွေ ရှိပါတယ်။ ဥပမာ တရုတ်ပြည် China Exim Bank ကနေ လယ်ယာကဏ္ဍအတွက်ပေးတဲ့ ချေးငွေတွေရှိပါတယ်။ ဒီချေးငွေတွေကို ယခင် သမဝါယမဝန်ကြီးဌာနကနေ တာဝန်ယူထုတ်ချေးပါတယ်။ ဂျပန်နိုင်ငံ **ဂျပန်အပြည်ပြည်ဆိုင်ရာ ကော်ပိုရေးရှင်းအေဂျင်စီ (JICA)** က တစ်ဆင့် နှစ်ဆင့်ချေးငွေဆိုပြီး ပေးတာရှိပါတယ်။ အဲဒီချေးငွေတွေက လယ်ယာကဏ္ဍကို သွားတာရှိသလို အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းကဏ္ဍတွေကို သွားတာလည်းရှိပါတယ်။

အလားတူ ကိုရီးယားနိုင်ငံက KOICA အဖွဲ့အစည်း၊ ဂျာမနီနိုင်ငံ ဂျာမနီဖွံ့ဖြိုးရေးဘဏ်က ချေးငွေတွေကလည်း အသေးစားနဲ့ အလတ်စား စက်မှုလက်မှု လုပ်ငန်းတွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ စသည်ဖြင့် အမျိုးမျိုး ပျံ့နှံ့သွားတာတွေ ရှိပါတယ်။ ထို့အတူ ပြည်တွင်းကရတဲ့ အရင်းအမြစ်တွေကိုလည်း ချဲ့နိုင်သမျှ ချဲ့ပြီး ဆောင်ရွက်ပေးဖို့ လုပ်ဆောင်နေပါတယ်။ ဒီနေရာမှာ နိုင်ငံတော်က ဖွဲ့စည်းထားတဲ့ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးစီးတဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဆိုတာ ရှိပါတယ်။ အဲဒီကော်မတီရဲ့ အောက်မှာ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ လုပ်ငန်းကော်မတီဆိုတာ ရှိပါတယ်။ အဲဒီကော်မတီမှာ ကျွန်တော်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပါတယ်။ ကျွန်တော်တို့ ကော်မတီဟာ တိုင်းဒေသကြီးတွေနဲ့ ပြည်နယ်အသီးသီးကို သွားရောက်ပြီး ငွေထုတ်ချေးနိုင်မယ့် အခွင့်အလမ်းတွေကို လုပ်ငန်းရှင်တွေကို ရှင်းလင်းပြောပြ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်တွင်းအရင်းအမြစ်တွေကို ကော်မတီက ရှာဖွေတဲ့အခါ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ဆောက်လုပ်ရေးနဲ့ အိမ်ရာဖွံ့ဖြိုးရေးဘဏ်၊ စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်နဲ့ အခြားပုဂ္ဂလိကဘဏ်တွေ အပါအဝင် အခြားသက်ဆိုင်ရာဘဏ်တွေကနေ လက်ရှိချေးနေတဲ့ ချေးငွေအနေအထားနဲ့ ထပ်မံထုတ်ချေးပေးနိုင်မယ့် အနေအထားတွေကို သုံးသပ်ပြီး နိုင်ငံတော်က ဦးစားပေး အစီအစဉ်လိုက် ဆောင်ရွက်နေတဲ့ ကဏ္ဍအသီးသီးကို ရောက်ရှိအောင် ဆက်လက်ထုတ်ချေးဖို့ စီစဉ်တာဖြစ်ပါတယ်။

ပြည်တွင်းအင်အားကိုယူပြီး ထုတ်ချေးမယ်ဆိုတာကလည်း မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ အပ်ငွေအများဆုံးရှိတဲ့ အဖွဲ့အစည်းဖြစ်တဲ့အတွက် ပုံမှန်ချေးနေတဲ့ Commercial Loan လို့ခေါ်တဲ့ စီးပွားရေးချေးငွေကတော့ တစ်နှစ်ကို အတိုးနှုန်း ၁၃ ရာခိုင်နှုန်းနဲ့ ထုတ်ချေးပါတယ်။ ဒီစီးပွားရေး ချေးငွေမှာ သက်တမ်းက တစ်နှစ်ပဲ ချေးနိုင်တယ်ဆိုတဲ့ အနေအထား၊ အတိုးနှုန်းကလည်း ၁၃ ရာခိုင်နှုန်းထိ ပေးရတဲ့ အနေအထားနဲ့



ဦးမောင်မောင်ဝင်း( ဒုတိယဝန်ကြီး)
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန



ဦးမင်းသူ(ဦးဆောင်ညွှန်ကြားရေးမှူး )
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

အာမခံပစ္စည်း ပေးရတယ်ဆိုတဲ့ အနေအထားလေးတွေ ရှိပါတယ်။ အဲဒီမှာ ချေးငွေရဖို့ အခက်အခဲရှိတယ်ဆိုတဲ့အကြောင်းလေးတွေ ရှိပါတယ်။ အခုနောက်ထပ် တိုးချဲ့ပေးမယ်ဆိုတဲ့ ချေးငွေကတော့ မြန်မာ့စီးပွားရေးဘဏ်က ပုံမှန် ၁၃ ရာခိုင်နှုန်းနဲ့ပေးတဲ့ စီးပွားရေးချေးငွေတွေအပြင် နိုင်ငံတော်အတွက် လိုအပ်ချက်အရ အထူးကိစ္စအဖြစ် မူဝါဒဆိုင်ရာချေးငွေများဆိုပြီး ပေးမှာဖြစ်ပါတယ်။ မူဝါဒဆိုင်ရာ ချေးငွေတွေကို ပေးတဲ့အခါ ဂျပန်နိုင်ငံက ပေးတဲ့ချေးငွေက လယ်ယာကဏ္ဍနဲ့ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေကို အဆင့်နှစ်ဆင့် ချေးငွေအဖြစ်သွားသလို မြန်မာ့စီးပွားရေးဘဏ်ကလည်း လယ်ယာကဏ္ဍနဲ့ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေကို အဆင့်နှစ်ဆင့်ချေးငွေအဖြစ်နဲ့သွားဖို့ ပထမ စီစဉ်ပါတယ်။

ဂျပန်နိုင်ငံကနေ မြန်မာနိုင်ငံကို ချေးတဲ့ချေးငွေ Two Step Loan ဆိုတာက ဂျပန်အစိုးရကနေ မြန်မာအစိုးရကို ပထမတစ်ဆင့် ပေးတယ်။ မြန်မာအစိုးရကနေ သက်ဆိုင်ရာကဏ္ဍကို ရောက်ဖို့ ဒုတိယတစ်ဆင့် ထပ်ပေးတယ်။ အလားတူ မြန်မာ့စီးပွားရေးဘဏ်ကနေ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို ပထမတစ်ဆင့်ပေးတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကနေ သက်ဆိုင်ရာ လယ်ယာကဏ္ဍမှာရှိတဲ့ တောင်သူလယ်သမားအပါအဝင် လုပ်ငန်းရှင်တွေဆီကို ဒုတိယအဆင့် အဖြစ်ပေးမှာဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းနဲ့ ပေးမယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က အတိုးနှုန်း ကိုးရာခိုင်နှုန်းနဲ့ လုပ်ငန်းရှင်တွေဆီကို ထပ်ဆင့်ချေးပါမယ်။ မြန်မာ့စီးပွားရေးဘဏ်က အခြားပုဂ္ဂလိကဘဏ် တစ်ခုခုကို ပထမတစ်ဆင့်ပေးပြီး သက်ဆိုင်ရာ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းရှင်တွေဆီ ရောက်အောင်ချေးတဲ့နည်း၊ သို့မဟုတ် မြန်မာ့စီးပွားရေးဘဏ်က စီးပွားရေးလုပ်ငန်းရှင်တွေကို တိုက်ရိုက်ထုတ်ချေးတဲ့နည်းတွေ ရှိပါတယ်။ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းရှင်တွေဆီ ချေးတာက ၁၃ ရာခိုင်နှုန်းနဲ့ချေးတဲ့ စီးပွားရေးချေးငွေမဟုတ်ဘဲ အထူးကိစ္စအဖြစ်ချေးတဲ့ အသေးစားနဲ့ အလတ်စားစီးပွားရေး လုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးတဲ့ငွေဖြစ်ပါတယ်။

### ညှိနှိုင်းဆောင်ရွက်မှုရှိ

တိုးချဲ့ပြီး လုပ်မယ့်ချေးငွေ အစီအစဉ်မှာ ရည်ရွယ်ချက်တွေရှိပါတယ်။ အာမခံပစ္စည်း ပေးနေရတယ်ဆိုတဲ့ အနေအထားမှာ အာမခံပစ္စည်း ပေးရင်ရသလို အာမခံပစ္စည်းမပေးနိုင်ရင်လည်း ချေးငွေကို ရနိုင်တယ်ဆိုတဲ့ နည်းလမ်းတွေကိုပါ ထည့်သွင်းစဉ်းစားပြီး ချေးမယ့်သူနဲ့ ထုတ်ချေးမယ့်ဘဏ်နဲ့ ညှိနှိုင်းဆောင်ရွက်မှုတွေ ရှိပါတယ်။ ချေးငွေ သက်တမ်းမှာ လက်ရှိ စီးပွားရေးချေးငွေက တစ်နှစ်သက်တမ်းပဲ ချေးနိုင်တဲ့ အနေအထားကနေ အခုပေးမယ့် ချေးငွေတွေမှာ နှစ်လတ်နဲ့ နှစ်ရှည်ဆိုပြီး ခွဲထားပါတယ်။ နှစ်လတ်ကို သုံးနှစ်လောက်ထားပြီး နှစ်ရှည်ကို ငါးနှစ်လောက်ထားနိုင်ဖို့ စီစဉ်ထားပါတယ်။ အတိုးနှုန်းအနေနဲ့ စီးပွားရေးချေးငွေက ၁၃ ရာခိုင်နှုန်းဖြစ်ပါတယ်။ မူဝါဒနဲ့ ကိုက်ညီတဲ့ ချေးငွေကိုရဖို့ ကိုက်ညီသူတွေက ၁၃ ရာခိုင်နှုန်း ထက်သက်သာပါမယ်။ ဥပမာ လယ်ယာကဏ္ဍအတွက် သွားတဲ့ ချေးငွေတွေဆိုရင် ၈ ဒသမ ၅ ရာခိုင်နှုန်း၊ ၉ ရာခိုင်နှုန်းတို့နဲ့ ရရှိအောင် စီစဉ်ထားပါတယ်။ အလားတူ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေမှာလည်း ၉ ရာခိုင်နှုန်းနဲ့ ရအောင်စီစဉ်ထားပါတယ်။ ဒါတွေက ကျွန်တော်တို့ တိုးချဲ့ဆောင်ရွက်မယ့်အစီအစဉ်တွေပါ။

လယ်ယာကဏ္ဍအပါအဝင် အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေအပြင် ဆောက်လုပ်ရေးကဏ္ဍကိုလည်း ပေးမှာဖြစ်ပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ခြင်းဟာ ဆောက်လုပ်ရေးကုမ္ပဏီတွေ အကျိုးသာမက ဆောက်လုပ်ရေးလုပ်ငန်း ကုမ္ပဏီတွေနဲ့ ဆက်စပ်ပြီး ဆောင်ရွက်နေတဲ့ သူတွေကိုပါ အကျိုးသက်ရောက်စေတာ ဖြစ်တဲ့အတွက် ဆောက်လုပ်ရေးကဏ္ဍကို မြေတောင်မြှောက်ပေးဖို့အတွက် ဆောက်လုပ်ရေးကဏ္ဍမှာ အရင်းအနှီးလိုနေတဲ့သူတွေဆီကို လိုအပ်တဲ့ ချေးငွေပံ့ပိုးပေးဖို့ အစီအစဉ်တွေ ရှိပါတယ်။ ထပ်မံတိုးချဲ့မယ့်ချေးငွေနဲ့ပတ်သက်လို့ လိုအပ်တဲ့ မူဝါဒတွေကို အသေးစိတ်ရေးဆွဲနေပါတယ်။ သက်ဆိုင်ရာ ဘဏ်တွေမှာလည်း အသေးစိတ်ရေးဆွဲပြီးတဲ့အခါ ရုံးချုပ်ကနေ အောက်ခြေဘဏ်ခွဲတွေအထိ ရှင်းလင်းပြောကြားပြီး Customer တွေနဲ့ ဆက်သွယ်ဆောင်ရွက်ရမယ့် ကိစ္စတွေ ဖြစ်တဲ့အတွက် လာမယ့် ၂၀၁၈ ဇန်နဝါရီလမှာ စတင် အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်နေပါတယ်။

### အခွင့်အလမ်းရရှိ

ပြည်သူတွေ ကြုံတွေ့နေရတဲ့အခက်အခဲတွေ ပြေလည်နိုင်သမျှပြေလည်အောင် ဘဏ္ဍာရေးရှုထောင့်အပိုင်းကနေ ကူညီပံ့ပိုးပေးလျက်ရှိပါတယ်။ ချေးငွေကို လုပ်ငန်းအတွက် အကျိုးရှိအောင် အသုံးချပြီး အတိုးတွေ အရင်းတွေကို သတ်မှတ်ကာလတွေမှာ အပြည်အဝ ပြန်လည်ပေးဆပ်မှသာ ငွေကြေးလည်ပတ်မှု ပုံမှန်လည်ပတ်ပြီး ချေးငွေရသွားတဲ့သူတွေအတွက် လုပ်ငန်းတွေ တိုးတက်သွားမယ်၊ မရသေးတဲ့သူတွေအတွက် အခွင့်အလမ်းတွေ ရရှိမှာဖြစ်ပါတယ်။ ချေးငွေသက်တမ်းလည်း ပိုရအောင်၊ ချေးငွေအတိုးနှုန်းလည်း သက်သာအောင် ဆောင်ရွက်ပေးချင်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက မရောက်သေးတဲ့နေရာတွေ မရသေးတဲ့သူတွေကို ရစေချင် ရောက်စေချင်ပါတယ်။ သက်ဆိုင်ရာဒေသ အလိုက်ဦးစားပေးကဏ္ဍတွေလုပ်ငန်းတွေကို ဒေသထောက်ခံချက်တွေနဲ့ အတူ ရရှိအောင် ညှိနှိုင်းဆောင်ရွက်ပေးဖို့ အစီအစဉ်တွေရှိပါတယ်။

**ဦးမင်းသူ**
**ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ဟာ တောင်သူတွေအတွက်လိုအပ်တဲ့ စိုက်ပျိုးစရိတ်ချေးငွေကို အဓိက ထုတ်ချေးပေးနေတဲ့ ဘဏ်တစ်ခုဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဘဏ်ခွဲပေါင်း ၁၅ ခု၊ မြို့နယ် ဘဏ်ခွဲပေါင်း ၂၀၈ ဘဏ်နဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ်ပေါင်း ၂၅၀ ကျော်က တောင်သူတွေအတွက် နှစ်စဉ်လိုအပ်တဲ့ စိုက်ပျိုးစရိတ်ချေးငွေကို အဓိက ထုတ်ချေးပေးနေပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေ လိုအပ်ချက်ဟာ နိုင်ငံတော်ရဲ့ ကုန်ထုတ်လုပ်မှု မြင့်မားလာတာနဲ့အမျှ တဖြည်းဖြည်း မြင့်တက်နေမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ၂၀၁၆ ခုနှစ်ကဆိုရင် ငွေကျပ်ဘီလီယံ ၁၆၃၀ ထုတ်ချေးခဲ့ပါတယ်။ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှာ ငွေကျပ် ဘီလီယံပေါင်း ၁၉၈၀ အထိ ထုတ်ချေးနိုင်ဖို့ လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေ့အထိဆိုရင် စိုက်ပျိုးစရိတ်ချေးငွေ ငွေကျပ်ဘီလီယံပေါင်း ၁၄၄၀ အထိ ထုတ်ချေးပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ထုတ်ချေးပေးလျက် ရှိပါတယ်။

ဒီလို ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေတွေ ထုတ်ချေးပေးနေသလို စိုက်ကေမျှားတဲ့ တောင်သူလယ်သမားတွေကို ထုတ်ချေးပေးချင်တဲ့အခါ လည်ပတ်နေတဲ့ငွေနဲ့ မလုံလောက်ပါဘူး။ ဒါ့ကြောင့် ဂျပန်အစိုးရနဲ့ မြန်မာအစိုးရ ညှိနှိုင်းမှု အစီအစဉ်အရ (JICA Two Step Loan ) ဆိုတာ ဖြစ်ပေါ်လာခဲ့ပါတယ်။ JICA ကနေ မြန်မာအစိုးရက တစ်ဆင့်ယူတယ်၊ မြန်မာအစိုးရကနေ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ အဲဒီကနေတစ်ဆင့် တောင်သူလယ်သမားတွေရဲ့ စိုက်ပျိုးမွေးမြူရေး အခြေခံစီးပွားရေး လုပ်ငန်းတွေကို ထုတ်ချေးပေးမှာ ဖြစ်ပါတယ်။ ချေးငွေပမာဏက ဂျပန်ယန်း ၁၅ ဒသမ ၁၃၅ ဘီလီယံရှိပါတယ်၊ မြန်မာကျပ်ငွေအနေနဲ့ဆိုရင် ငွေကျပ် ၁၈၀ ဘီလီယံနီးပါးရှိပါတယ်။ ဒီချေးငွေဟာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကနေ နှစ်ပေါင်း ၄၀ အထိ သက်တမ်းရှိမှာ ဖြစ်ပါတယ်။ ဂျပန်အစိုးရကို ဆိုင်းငံ့ကာလ ၁၀ နှစ်နဲ့ ပြန်ဆပ်ကာလ နှစ် ၃၀ စုစုပေါင်း နှစ် ၄၀ အထိ သုံးစွဲနိုင်မှာဖြစ်ပါတယ်။ တောင်သူတွေကို သုံးနှစ်အတွင်း ပြန်ဆပ်ရမယ့် နှစ်တိုချေးငွေ၊ ငါးနှစ်အတွင်း ပြန်ဆပ်ရမယ့် နှစ်ရှည်ချေးငွေဆိုပြီး ချေးမှာဖြစ်ပါတယ်။ နှစ်တိုချေးငွေကို လယ်ယာလုပ်ငန်းမှာ လိုအပ်တဲ့ စက်ကိရိယာ အသေးတွေအတွက် ထုတ်ချေးခွင့်ရမှာ ဖြစ်ပါတယ်။ နှစ်ရှည်ချေးငွေမှာ စက်ကိရိယာအကြီးတွေ၊ ဂိုဒေါင်တွေ၊ သိုလှောင်ရုံတွေအပြင် တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်နိုင်တဲ့ စက်ရုံတွေအထိ ထုတ်ချေးခွင့်ရမှာ ဖြစ်ပါတယ်။ တောင်သူတွေ အနေနဲ့ တစ်ဦးချင်း ငွေကျပ် သိန်း ၅၀၀ အထိ ထုတ်ချေးလို့ရပါတယ်။ ဒီထက်မက လိုအပ်ခဲ့ရင် တောင်သူတွေအနေနဲ့ သုံးယောက်ကနေ ၁၀ ယောက်အထိ အစုအဖွဲ့တွေ ဖွဲ့ရမယ်။ ဒါဆိုရင် ငွေကျပ် သိန်း ၅၀၀၀ အထိ ထုတ်ချေးနိုင်ပါတယ်။

### များစွာအထောက်အကူပြု

တောင်သူတွေ လိုအပ်တဲ့ စက်ကိရိယာတွေအတွက် တောင်သူတွေ စိတ်ကြိုက် ရွေးချယ်နိုင်ပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့ တောင်သူတွေကို စေတနာထားပြီး ရောင်းချပေးစေချင်ပါတယ်။ အရည်အသွေးကောင်းတာတွေ ပျက်ရင်ချက်ချင်း အစားထိုးပြင်ဆင်နိုင်တဲ့စက်တွေ ရောင်းချပေးစေချင်တယ်။ ဆောင်ရွက်ပေးစေချင်တယ်။ ဒါမှ ချေးငွေနဲ့ ဝယ်ယူတဲ့တောင်သူတွေအတွက် လုပ်ငန်းတွေကို တိုးချဲ့လာနိုင်မယ်၊ လယ်ယာ ကုန်ထုတ်လုပ်ငန်းတွေ ထွန်းကားလာမယ်၊ ပို့ကုန်တွေ မြှင့်တင်လာနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် ကုန်ထုတ်လုပ်မှုကို အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။ ဒီထုတ်ချေးမယ့် အစီအစဉ်ဟာ နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေနဲ့ ဆောင်ရွက်လို့မရနိုင်တဲ့ ချေးငွေပမာဏကို ကွပ်လပ်ဖြည့်ပေးတဲ့ များစွာအထောက်အကူဖြစ်စေတဲ့ ချေးငွေဖြစ်ပါတယ်။

ငါးနှစ်တစ်ကြိမ် ငွေကျပ်ဘီလီယံ ၁၈၀ ကို လည်ပတ်မှာဖြစ်ပြီး နှစ်ပေါင်း၄၀ အတွင်းမှာ ရှစ်ကျော့လောက် ပြန်ကျော့နိုင်တဲ့အတွက် အင်မတန်အကျိုးရှိတဲ့ ချေးငွေဖြစ်ပါတယ်။ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တစ်နိုင်ငံလုံးတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေလိုတဲ့ နိုင်ငံတော်ရဲ့ စေတနာရည်ရွယ်ချက်နဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာ စတင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခု တိုင်းဒေသကြီးနဲ့ ပြည်နယ် ငါးခုမှာ စတင်ဆောင်ရွက်နေပါပြီ။ ကျန်တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ တောင်သူတွေအနေနဲ့ သက်ဆိုင်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ တိုင်းဒေသကြီးဘဏ်ခွဲတွေ မြို့နယ်ဘဏ်ခွဲတွေနဲ့ ဆက်သွယ်ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

ချေးငွေဟာ နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေလို အတိုးနှုန်း ၈ ရာခိုင်နှုန်းပဲ ရယူထားတဲ့အတွက် တစ်လကို ၀ ဒသမ ၆၇ ပဲယူထားတာဖြစ်ပါတယ်။ အာမခံပစ္စည်းရယူမှုအနေနဲ့ ဝယ်ယူမယ့် စက်ပစ္စည်းတန်ဖိုးရဲ့ ၃၀ ရာခိုင်နှုန်းကို စုဆောင်းငွေ အနေနဲ့ ဘဏ်မှာ ဦးစွာ အပ်နှံရမှာ ဖြစ်ပါတယ်။ အဲဒီလိုအပ်နှံတဲ့အတွက် ဘဏ်အနေနဲ့ ရှစ်ရာခိုင်နှုန်းအတိုး ပြန်ပေးမှာဖြစ်ပါတယ်။ လက်ရှိစိုက်ပျိုးစရိတ်ချေးငွေအတွက် ပုံစံ (၇)ကို ရယူထားခြင်းမရှိပါဘူး၊ ဂျိုက်ကာတူးစတက်လုံးမှာတော့ အာမခံအဖြစ်ရယူထားမှာ ဖြစ်ပါတယ်။ ချေးငွေနဲ့ ဝယ်ယူတဲ့ စက်ကိရိယာတွေနဲ့ သက်ဆိုင်တဲ့ စာရွက်စာတမ်းတွေကို အာမခံအဖြစ် ရယူထားမှာဖြစ်ပါတယ်။ ဒါနဲ့လုံလောက်မှုမရှိရင် ပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို အာမခံရယူထားမှာ ဖြစ်ပါတယ်။ ဒီလိုရယူရခြင်းဟာ တန်ဖိုးအင်မတန်ကြီးမားတဲ့အတွက် ပြန်လည်

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ပေးဆပ်တဲ့နေရာမှာ အခက်အခဲမရှိစေဖို့ ဖြစ်ပါတယ်။ ၃၀ ရာခိုင်နှုန်း စုဆောင်းငွေတွေကိုပေါင်းရင် ငွေကျပ်ဘီလီယံ ၅၀ ကျော်ရှိပြီး အမှန်တကယ် ချေးငွေလိုအပ်တဲ့ ကဏ္ဍတွေမှာ ပြန်လည်ထုတ်ချေးမှာ ဖြစ်တဲ့အတွက် အကျိုးရှိတဲ့ အစီအစဉ်တစ်ခု ဖြစ်ပါတယ်။ ဒီချေးငွေလိုပဲ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကနေ ထုတ်ချေးမယ့် အစီအစဉ်လည်းရှိပါတယ်။ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ ငွေပင်ငွေရင်း လည်ပတ်ဖို့ အင်မတန်နည်းပါတယ်။ စုဆောင်းငွေပမာဏ ကြီးမားတဲ့ မြန်မာ့စီးပွားရေးဘဏ်ကနေ ယူရတာဖြစ်ပါတယ်။ မကြာမီကာလမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ မြန်မာ့စီးပွားရေးဘဏ်ကနေ ငွေကျပ်ဘီလီယံ ၂၀၀ လောက်ယူပြီး ချေးငွေ အစီအစဉ်တွေမှာ ပါဝင်ခွင့်မရတဲ့ တောင်သူတွေ၊ လုပ်ငန်းရှင်တွေနဲ့ စိုက်ပျိုးမွေးမြူရေးအခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေကို အတိုးနှုန်း ၉ ရာခိုင်နှုန်းလောက်နဲ့ ထုတ်ချေးသွားမှာ ဖြစ်ပါတယ်။ ၂၀၁၈ ဇန်နဝါရီလလောက်မှာ စတင်နိုင်မယ်လို့ မျှော်မှန်းထားပါတယ်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်တွေအနေနဲ့ သက်ဆိုင်ရာဘဏ်ခွဲတွေကို ဆက်သွယ်ဆောင်ရွက်ကြစေလိုပါတယ်။

**ဂျိုက်ကာချေးငွေ အစီအစဉ်**

ဂျိုက်ကာချေးငွေ အစီအစဉ်ကတော့ တောင်သူတွေလက်ထဲကို ငွေပေးတဲ့အစီအစဉ် မဟုတ်ပါဘူး။ တောင်သူတွေအနေနဲ့ လိုချင်တဲ့ စက်ကိရိယာကို နှစ်သက်ရာကုမ္ပဏီတွေမှာ ရွေးချယ်ရပါမယ်၊ အဲဒီလို တောင်သူတွေ ရွေးချယ်ပေးတဲ့ စက်ကိရိယာကို ကျွန်တော်တို့ကကုမ္ပဏီကို Cross Cheque နဲ့ငွေပေးချေမယ်။ တောင်သူတွေက စက်ကိရိယာကို အပိုင်ရသွားမှာ ဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ ပြန်လည်ပေးဆပ်တဲ့အချိန်မှာ အပင်ပန်းမကြီးဘဲ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ စိုက်ပျိုးကေတွေ၊ ထုတ်လုပ်မှုတွေ၊ အကျိုးအမြတ်ရရှိမှုတွေနဲ့ ချေးငွေကို ပြန်လည်ပေးဆပ်နိုင်စွမ်း စတာတွေကို စိစစ်ပြီး ချေးသင့်တဲ့တောင်သူတွေကို ထုတ်ချေးပေးသွားမှာ ဖြစ်ပါတယ်။ ဂျိုက်ကာအစီအစဉ်ဟာ နှစ် ၄၀ အတွင်းမှာ အကျိုးရှိအောင် အသုံးချရမယ့် အစီအစဉ်ဖြစ်ပါတယ်။ ချေးငွေဖြစ်တဲ့အတွက် ပြန်လည်ပေးဆပ်ရမှာ ဖြစ်ပါတယ်။ ငါးနှစ်အတွင်း ချေးခွင့်ရတဲ့တောင်သူတွေက သတ်မှတ်ကာလတွေမှာ ပြန်လည်ပေးဆပ်မှသာ နောက်ငါးနှစ်မှာ ကျန်တဲ့တောင်သူတွေကို ထုတ်ချေးပေးနိုင်မှာဖြစ်ပါတယ်။ ပေးဆပ်မှုကောင်းမှသာ နောက်တစ်ဆင့် သူတွေအတွက် လက်လွှဲချေးပေးနိုင်မှာဖြစ်ပါတယ်။



ဒေါ်တင်တင်ရည် (အထွေထွေမန်နေဂျာ)
မြန်မာ့စီးပွားရေးဘဏ်

**ဒေါ်တင်တင်ရည်**
**အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်**

မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ လယ်ယာကဏ္ဍအတွက် ငွေကျပ်ဘီလီယံ ၂၀၀ အထိ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်း (Small and Medium Enterprise - SME ) အတွက် ငွေကျပ်ဘီလီယံ ၂၅၀ အထိချေးဖို့ လျာထားပြီးဖြစ်ပါတယ်။ လယ်ယာကဏ္ဍအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကတစ်ဆင့် တောင်သူတွေကို ထုတ်ချေးမှာဖြစ်ပြီးတော့ SME ကဏ္ဍမှာတော့ မြန်မာ့စီးပွားရေးဘဏ်က SME လုပ်ငန်းရှင်တွေကို တိုက်ရိုက်ထုတ်ချေးမှာဖြစ်ပါတယ်။

မြန်မာ့စီးပွားရေးဘဏ်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်း ထုတ်ချေးမှာဖြစ်ပါတယ်။ ချေးငွေသက်တမ်းက နှစ်လတ်ချေးငွေ အမျိုးအစားဖြစ်ပြီးတော့ သုံးနှစ်ကနေ ငါးနှစ်အထိ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေနဲ့ညီညွတ်ပြီး SME လိုင်စင်ရရှိထားတဲ့ အဖွဲ့အစည်းတွေ ပုဂ္ဂိုလ်တွေက ချေးငွေရယူနိုင်ပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ အစိုးရရဲ့ ထောက်ခံချက် SMEs အေဂျင်စီတွေရဲ့ ထောက်ခံချက်ရရှိတဲ့ အဖွဲ့အစည်းနဲ့ ပုဂ္ဂိုလ်တွေကို ဦးစားပေး ထုတ်ချေးမှာဖြစ်ပါတယ်။

**ဦးစားပေးအဖြစ် သတ်မှတ်ထား**

ဦးစားပေးအဖြစ် သတ်မှတ်ထားတဲ့ လုပ်ငန်းတွေ ရှိပါတယ်။ ဒီလုပ်ငန်းတွေကတော့ ပြည်ပပို့ကုန် အထောက်အကူပြု ကုန်ထုတ်လုပ်ငန်း၊ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်မှု၊ စိုက်ပျိုးရေးအခြေခံ ကုန်ထုတ်လုပ်မှု၊ မွေးမြူရေးအခြေပြု ထုတ်လုပ်မှု၊ နည်းပညာ အခြေခံထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုကဏ္ဍတွေကို ဦးစားပေးထုတ်ချေးမှာ ဖြစ်ပါတယ်။

နိုင်ငံအတွင်း တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာရှိတဲ့ SME သတ်မှတ်ချက်နဲ့ ကိုက်ညီတဲ့ SME လုပ်ငန်းအားလုံးကို ချေးငွေမျှတစွာရရှိဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မြန်မာ့စီးပွားရေးဘဏ်က SME လုပ်ငန်းရှင်တွေကို ပုံမှန်အတိုးနှုန်း ၁၃ ရာခိုင်နှုန်းထက် လျော့နည်းသက်သာတဲ့ အတိုးနှုန်းနဲ့ ထုတ်ချေးမှာပါ။ အကြမ်းဖျင်းလျာထား အတိုးနှုန်းကတော့ ၉ ရာခိုင်နှုန်းဖြစ်ပါတယ်။ ချေးငွေသက်တမ်းကတော့ နှစ်လတ် ချေးငွေသက်တမ်း သုံးနှစ်ကနေ ငါးနှစ်ဖြစ်ပါတယ်။

အဖွဲ့အစည်းတစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦးကို အများဆုံး ငွေကျပ်သန်း ၁၀၀၀ အထိ ထုတ်ချေးဖို့ လျာထားသတ်မှတ်ထားပါတယ်။ SME လုပ်ငန်းရှင်တွေအနေနဲ့ ရရှိလာတဲ့ ချေးငွေကို လည်ပတ်ရင်းနှီးငွေအဖြစ် ငါးဆယ်ရာခိုင်နှုန်း၊ ပုံသေရင်းနှီးငွေအဖြစ် ငါးဆယ်ရာခိုင်နှုန်း အသုံးပြုဖို့ သတ်မှတ်ပါတယ်။ ဒါပေမယ့် SME လုပ်ငန်းတွေရဲ့ လုပ်ငန်းပုံစံအပေါ် မူတည်ပြီး ဘဏ်ကသင့်လျော်သလို ပြောင်းလဲသတ်မှတ်ပေးသွားမှာ ဖြစ်ပါတယ်။

အဓိကကတော့ မရွှေ့မပြောင်းနိုင်တဲ့မြေနဲ့ အဆောက်အအုံတွေအပြင် ရွှေ့ပြောင်းနိုင်တဲ့ စက်၊ ယာဉ်၊ ယန္တရားတွေကိုလည်း အာမခံအနေနဲ့ ပေးလို့ရပါတယ်။ ဒါ့အပြင် ရွှေထည်ပစ္စည်းနဲ့ ရွှေတုံးတွေ၊ ငွေစုဘဏ်အပ်ငွေနဲ့ စာရင်းသေအပ်ငွေ၊ အစိုးရငွေတိုက်လက်မှတ်နဲ့ ငွေတိုက်စာချုပ်တွေ၊ စတော့ရှယ်ယာ၊ ဒီဘင်ချာ၊ ဘဏ်အာမခံ၊ အစိုးရအာမခံ၊ ချေးငွေအာမခံလက်မှတ်တွေကိုလည်း အာမခံအဖြစ် လက်ခံသွားမှာဖြစ်ပါတယ်။

မြေအမျိုးအစားအတွက် ဘိုးဘပိုင်မြေ၊ ဂရန်မြေ၊ အခြားနည်းနဲ့ အသုံးပြုခွင့်ပေးထားတဲ့ မြေလန ၃၉ မြေ၊ ၃ (ခ) မြေ၊ လယ ၃၀ (က) မြေ၊ လယ ၃၀ (ခ)မြေ တို့ဖြစ်ပြီးတော့ အဆောက်အအုံ အမျိုးအစားတွေအတွက် ကွန်ကရစ်တိုက်၊ အုတ်ညှပ်အဆောက်အအုံ၊ တိုက်ခံအိမ်၊ အုတ်ပတ်ကားတိုက်အဆောက်အအုံ၊ Steel Structure အဆောက်အအုံတွေကို အာမခံအဖြစ် လက်ခံသွားမှာဖြစ်ပါတယ်။

ချေးငွေမာဂျင်အနေနဲ့ အပ်ငွေတွေနဲ့ ငွေတိုက်စာချုပ်တွေအတွက် ၈၀ ရာခိုင်နှုန်း၊ မြေတန်ဖိုးအတွက် ၇၅ ရာခိုင်နှုန်း၊ ရွှေထည်ပစ္စည်းနဲ့ ရွှေတုံးတွေအတွက် ၇၀ ရာခိုင်နှုန်း၊ အဆောက်အအုံတန်ဖိုးအတွက် ၆၅ ရာခိုင်နှုန်းနဲ့ စက်ယာဉ်ယန္တရားတွေအတွက် ၅၀ ရာခိုင်နှုန်း သတ်မှတ်ထားပါတယ်။

SME ချေးငွေစိစစ်အကဲဖြတ်အဖွဲ့အနေနဲ့ ငွေကျပ် သန်း ၁၀၀ အထိကို တိုင်းဒေသကြီး၊ ပြည်နယ်မန်နေဂျာ၊ ခရိုင်မန်နေဂျာ၊ မြို့နယ်မန်နေဂျာတို့ ပါဝင်တဲ့အဖွဲ့က စိစစ်ဆောင်ရွက်မှာဖြစ်ပြီးတော့ ငွေကျပ်သန်း ၁၀၀ အထက်ကို ရုံးချုပ် SMEs ချေးငွေစိစစ်အကဲဖြတ်ရေးအဖွဲ့တွေက စိစစ်ဆောင်ရွက်ဖို့ တာဝန်ပေးအပ်မှာ ဖြစ်ပါတယ်။

**စိစစ်ခွင့်ပြုမည်**

ချေးငွေလျှောက်ထားလိုသူတွေက မိမိတို့နေထိုင်ရာ မြို့နယ်၊ ခရိုင်၊ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲတွေကနေ တိုက်ရိုက်သွားရောက် လျှောက်ထားနိုင်ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်ရုံးတွေကတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် ရုံးချုပ် ဖွံ့ဖြိုးရေးချေးငွေဌာနကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပြီးတော့ မြန်မာ့စီးပွားရေးဘဏ်ချေးငွေ ကော်မတီနဲ့ ဝန်ကြီးဌာနဘဏ်ချေးငွေကော်မတီတို့က စိစစ်ခွင့်ပြုပေးမှာ ဖြစ်ပါတယ်။

SMEs ချေးငွေတွေကို ထုတ်ချေးရတဲ့အတွက် ထုတ်လုပ်မှုအခြေခံ SME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်ရဲ့ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးလည်း တိုးတက်လာမှာဖြစ်ပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းတွေ တိုးတက်လာတဲ့အတွက် နိုင်ငံရဲ့ တစ်ဦးချင်းဝင်ငွေ တိုးတက်လာစေဖို့ မျှော်မှန်းပါတယ်။

# အမြင့်ဆုံးဈေးနှုန်းဖြင့် ပြည်တွင်းဈေးကွက်ကို ရောက်လာတဲ့ iPhone X

**ရန်ကုန် နိုဝင်ဘာ ၅**

နိုဝင်ဘာ ၃ ရက်က နိုင်ငံတကာဈေးကွက်တွင် စတင်ရောင်းချခဲ့သည့် iphone 8 နှင့် iphone X ပြည်တွင်းဈေးကွက်ကိုလည်း စင်ကာပူနိုင်ငံနှင့် အဆက်အသွယ်ရှိသည့် ဖုန်းဆိုင်များမှတစ်ဆင့် ဝင်ရောက်ခဲ့သည်။ ထို့ကြောင့် ပြည်တွင်းရှိ ဖုန်းဆိုင်တချို့မှာ နိုဝင်ဘာ ၃ ရက်မှစ၍ Pre Order စတင်လက်ခံပြီး နိုဝင်ဘာ ၄ ရက်တွင် ဝယ်သူအချို့ထံ လက်ရောက် ရောင်းချပေးနိုင်ခဲ့သည်။

**လန့်စရာဈေးနှုန်း**

iPhone 8 နဲ့ iphone Ten သို့မဟုတ် iphone X တို့ကို တစ်ပြိုင်တည်း စတင်ရောင်းချမည်ဟု ကြော်ငြာကတည်းက ပြည်တွင်းမှ iPhone user များအနေဖြင့် iphone X ကို အထူးစိတ်ဝင်စားမှု ရှိနေခဲ့သည်။ iPhone ကို ပြည်တွင်းတွင် တိုက်ရိုက်ရောင်းချမှုမရှိခြင်းကြောင့် စရောင်းချိန်၌ iPhone X ၏ ပြည်တွင်းရောက်ဈေးနှုန်းမှာ များနေလိမ့်မည်ဟု iPhone ပရိသတ်များက မျှော်လင့်ထားကြသည်။ သို့သော်လည်း နိုဝင်ဘာ ၃ ရက်က ပြည်တွင်းမှ ဆိုင်အချို့ Pre order စတင်လက်ခံချိန်တွင် ကြော်ငြာလိုက်သည့် ဈေးနှုန်းများသည် ဈေးကြီးလိမ့်မည်ဟု မျှော်လင့်ထားသူများအတွက်တောင် လန့်စရာဈေးနှုန်းများ ဖြစ်နေခဲ့သည်။ 64GB နှင့် 256GB ဟု storage နှစ်မျိုးလာသည့်အထဲမှ iPhone X 256GB ၏ ဈေးနှုန်းမှာ တချို့ဆိုင်များတွင် ငွေကျပ် ၂၇ သိန်း၊ တချို့ဆိုင်များတွင် ငွေကျပ် သိန်း ၃၀ ခန့်အထိ ကြော်ငြာခဲ့ခြင်းကြောင့် ဖြစ်သည်။

သို့သော်လည်း အဆိုပါဈေးနှုန်းများမှာ ရေရှည်မဟုတ်ဘဲ နောက်တစ်ရက်အကြာ နိုဝင်ဘာ ၄ ရက်တွင် ငွေကျပ် ၂၃ သိန်းဝန်းကျင်အထိ ကျသွားခဲ့သည်။ နိုဝင်ဘာ ၃ ရက်တွင် အကြိုမှာယူမှု စတင်လက်ခံကတည်းက ငွေကျပ် ၂၁၅၀၀၀၀ နှင့် လက်ခံခဲ့သည့် ယုဇနပလာဇာ Phone King ဖုန်းဆိုင်မှ ကိုလင်းက "iPhone X က စင်ကာပူမှာတော့ လူတစ်ယောက်ကို တစ်လုံးနှုန်း ရောင်းပေးတာပါ။ ကျွန်တော်တို့မှာက စင်ကာပူမှာ ရင်းနှီးတဲ့ မိတ်ဆွေတွေများပြီး သူတို့တွေက လူကြုံတွေနဲ့ တစ်လုံးတစ်လုံးစီ ပို့ပေးလို့ တိုက်ရိုက်ဈေးနဲ့ ရသလိုဖြစ်တာကြောင့် ဈေးသက်သက်သာသာနဲ့ ရောင်းပေးနိုင်တာပါ။ တစ်ရက်ကို သုံးလုံးလာတယ်၊ ငါးလုံးလာတယ်ပေါ့။ တချို့ဆိုင်တွေကတော့ အွန်လိုင်းကနေ မှာရတာကြောင့် ဈေးတွေပိုကြီးနေတာလို့ ထင်တယ်"ဟု ၎င်းက ပြောကြားသည်။



**ဝယ်လိုအား အလွန်မြင့်တက်နေ**

လူကြိုက်နည်းသည့် 64GB မှာ ဈေးကြီးနေသော်လည်း iPhone X 256 GB အပေါ် စိတ်ဝင်စားမှုနှင့် ဝယ်လိုအားမှာ အလွန်မြင့်တက်နေပြီး Phone King ဖုန်းဆိုင်အနေနှင့် Pre Order မှာသူများသလို ယခုရက်ပိုင်းတွင် ရောက်သလောက် ကုန်အောင်ရောင်းနေရသည်ဟု ဆိုသည်။ ဈေးကွက်ထဲမှ အချို့ဆိုင်များတွင်လည်း ဝယ်လိုအားကောင်းနေကြောင်း သိရသည်။

သို့သော် iPhone X မှာ 256GB ကိုသာ လူကြိုက်များနေပြီး 64GB ကို အလွန်အကြိုက်နည်းနေကြောင်း သိရသည်။ 64GB ၏ ဈေးနှုန်းမှာ ငွေကျပ် ၁၉ သိန်းခွဲရှိပြီး 256GB ထက် နှစ်သိန်းသာ လျော့နည်းမှုကြောင့် မင်မိုရီကတ်ထပ်စိုက်လို့မရသည့် iPhone မှာ ဝယ်သူများက မင်မိုရီနည်းသည့် 64GB ကို စိတ်မဝင်စားကြခြင်းဖြစ်သည်။


**ဈေးကျမယ့်အချိန်နဲ့ ကျနိုင်တဲ့နှုန်း**

"စစချင်းမှာ ဈေးအလွန်မြင့်ခဲ့တဲ့ iPhone X 256GB ဟာ အခုရက်တွေမှာတင် ဈေးတွေ လျော့လာနေပြီဖြစ်ပါတယ်၊ နောက်ပိုင်းမှာလည်း ဝယ်လိုအားအပေါ် မူတည်ပြီး အခုဈေးထက် ထပ်လျော့နိုင်ခြေ ရှိနေပါတယ်၊ နောက်ပိုင်းဈေးအနေနဲ့ စင်ကာပူအလုံးတွေက ၁၉ သိန်းခွဲလောက်အထိ လျော့နိုင်ပြီး အမေရိကန်နဲ့ ယူကေအလုံးတွေက အဲဒီထက် ပိုလျော့လာနိုင်တယ်လို့ သိရပါတယ်၊ အမေရိကန်နဲ့ ယူကေအလုံးတွေက သူ့နိုင်ငံမှ ဆင်းကတ်ပဲသုံးလို့ရပြီး မြန်မာနိုင်ငံမှာ ဆင်းကတ်ကို တန်းထည့်ပြီးသုံးလို့မရဘဲ စင်ကာပူအလုံးကတော့ ဘယ်နိုင်ငံက ဆင်းကတ်ကိုမဆို တန်းထည့်ပြီး သုံးနိုင်တဲ့ Sim free ကတ်တွေ ဖြစ်နေတာကြောင့် မြန်မာနိုင်ငံက iPhone ဈေးကွက်မှာ စင်ကာပူအလုံးတွေကို တခြားနိုင်ငံကလာတာတွေထက် ပိုပြီး လူကြိုက်များလေ့ ရှိတယ်" ဟု ကိုလင်းက ပြောသည်။

**ဈေးကျနိုင်**

နောက်ပိုင်းတွင် ဈေးကျနိုင်သည်ဆိုသော်လည်း ဈေးကျမည့် အချိန်ကိုတော့ အတိအကျ ခန့်မှန်း၍မရဘဲ ပြည်တွင်းကို ဖုန်းဝင်ရောက်သည့် အလုံးရေနှင့် ဝယ်လိုအားအပေါ် မူတည်နိုင်ကြောင်း သိရသည်။ စင်ကာပူတွင်လည်း တချို့လူများကဝယ်ပြီး ပြန်မရောင်းဘဲ ကိုယ်တိုင်သုံးနေကြသလို မြန်မာနိုင်ငံကို ရောက်လာလျှင်လည်း ဖုန်းဆိုင်ရှင်အချို့က ပြန်မရောင်းဘဲ ကိုယ်တိုင်သုံးနေကြခြင်းကြောင့် ယခုရက်ပိုင်း ဈေးကွက်ထဲတွင် ဝယ်လိုအားရှိသလောက်ကို ပြည့်အောင်ရောင်းမပေးနိုင်သေးဘဲ ဖြစ်နေသည်။ ထို့ကြောင့် ဝယ်လိုအားအခြေအနေအပေါ် မူတည်ပြီး iPhone X 256 GB ၏ ဈေးကျမည့်အချိန်မှာ တစ်လအတွင်း ဖြစ်နိုင်သကဲ့သို့ တစ်လကျော်ထက်လည်း ပိုကြာသွားနိုင်ကြောင်း ရန်ကုန်မြို့ ဖုန်းဈေးကွက်အတွင်းမှ သိရသည်။

**သူရဖြိုး**



## အများအားဖြင့် သာယာမည်

**နေပြည်တော် နိုဝင်ဘာ ၅**

ထူးခြားသည့် ညအပူချိန်များမှာ ဟဲဟိုးမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**တိမ်အသင့်အတင့် ဖြစ်ထွန်းမှု**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီးလှိုင်းအသင့် အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် ကျန်မြန်မာ့ပင်လယ်ပြင်တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

(မိုး/ဇလ)

# ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အလှူငွေပေးအပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၅**

ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်၍ အလှူငွေများ လက်ခံသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ကြိဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌနှင့် အမှုဆောင်များက ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် အလှူငွေကျပ် သိန်းတစ်ရာကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က လက်ခံသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌနှင့် အမှုဆောင်များက ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် လှူဒါန်းငွေကို လက်ခံစဉ် သတင်းစဉ်

**လူမှုရေးစိတ်ဓာတ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကျေးဇူးတင်စကား ပြောကြားရာတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးကိစ္စရပ်များတွင် သုံးစွဲရန် အလှူငွေပေးအပ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် အရေးကိစ္စသည် တစ်နိုင်ငံလုံး၏ အရေးကိစ္စပင်ဖြစ်ပါကြောင်း၊ ထိုဒေသတွင် နေထိုင်ကြသောသူများ၏ ဒုက္ခသည် မိမိတို့နိုင်ငံသူ နိုင်ငံသားအားလုံး၏ ဒုက္ခဟုခံယူကြရမှာ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် တိုင်းပြည်တွင် ဖြစ်ပေါ်နေသည့် အရေးကိစ္စများ ကြုံလာတိုင်း အစဉ်တစိုက် ဝိုင်းဝန်းပြီး ကူညီဆောင်ရွက်နေသည့်အတွက် ဝမ်းသာပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရုပ်ရှင်အစည်းအရုံးမှ ပုဂ္ဂိုလ်များ၊ ရုပ်ရှင်အနုပညာရှင်များအနေဖြင့် တက်တက်ကြွကြွဖြင့် ပါဝင်ဆောင်ရွက်နေသည်ကိုလည်း အမြဲတမ်း တွေ့ရှိရပါကြောင်း၊ ပြည်သူများ ဒုက္ခရောက်ရှိချိန်တွင် အနုပညာရှင်များက ငွေကြေး၊ ပစ္စည်းများအပြင် ကိုယ်တိုင်လာရောက်၍ တွေ့ဆုံအားပေးကူညီခြင်းသည် ဒေသခံပြည်သူများအတွက် ပိုမိုအားဖြစ်စေသည်ကိုလည်း တွေ့ရပါကြောင်း၊ ယခုလို ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့်ကိစ္စတွင် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် ကူညီမှုသည် ရုပ်ရှင်အစည်းအရုံး၏ လူမှုရေးစိတ်ဓာတ် အစဉ်အလာကို ထိန်းသိမ်းရာရောက်သကဲ့သို့ သက်ဆိုင်ရာ ဒေသခံပြည်သူများအတွက်လည်း အားတက်ဖွယ်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက စည်သူဗိုလ်ကလေး တင့်အောင်က မှတ်တမ်းစကားပြောကြားသည်။ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကများနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ပေးပို့လှူဒါန်းသွားမည်**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသည် ပြန်ကြားရေးဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့်အတွက် ယနေ့ လှူဒါန်းငွေကျပ် သိန်းတစ်ရာကို ပြန်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယခုကဲ့သို့ လက်ခံခြင်းဖြစ်ပြီး အဆိုပါ အလှူငွေများကို ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)သို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားရေးရာနှင့် တိုင်းရင်းသားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေး

စစ်တွေ နိုဝင်ဘာ ၅

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ဇနီး မိကျင်သန်း၊ ရခိုင်ပြည်နယ် ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးပုန်ဘွေ၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမင်းအေးကိုနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် စစ်တွေတက္ကသိုလ်အနီး မင်းဂံရပ်ကွက်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ပြည်နယ် ညွှန်ကြားရေးမှူးရုံး တည်ဆောက်မည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့နယ် စုပေါင်းရုံးတွင် ယာယီဖွင့်လှစ်ထားသည့် တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ပြည်နယ် ညွှန်ကြားရေးမှူးရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုနှင့် တိုင်းရင်းသား အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ ပြည်နယ် ချင်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးပုန်ဘွေ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တိုင်းရင်းသားရေးရာနှင့် တိုင်းရင်းသားများ၏ လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



**ဦးစိုးလှိုင် (ညွှန်ကြားရေးမှူးချုပ်)**
**စက်မှုလယ်ယာဦးစီးဌာန**

✻ *ရှေ့ဖုံးမှ*

ရခိုင်ပြည်နယ်အစိုးရက ဦးဆောင်၍ စက်မှုလယ်ယာဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့မှ စခန်းငါးခု အခြေချကာ နေ့စဉ် ရိတ်သိမ်းခြွေလှေ့ပေးလျက်ရှိသည်။ ရိတ်သိမ်းခြွေလှေ့မှုအနေဖြင့် မောင်တော တောင်ပိုင်းဒေသများ ဖြစ်သော ကျောင်းတောင်ကျေးရွာအုပ်စုတွင် ရိတ်သိမ်းခြွေလှေ့စက် ရှစ်စီး၊ မောရဝတီကျေးရွာအုပ်စုတွင် ခြောက်စီး၊ အလယ်သံကျော်ကျေးရွာအုပ်စုတွင်ခြောက်စီး၊ နွားရုံတောင် ကျေးရွာအုပ်စုတွင် ခြောက်စီးနှင့် မြို့သူကြီးကျေးရွာအုပ်စုတွင် ခြောက်စီး စုစုပေါင်း ၃၂ စီးဖြင့် ရိတ်သိမ်းခြွေလှေ့ပေးလျက်ရှိကာ နေ့စဉ် စပါးဧက ၁၅၀ ဝန်းကျင်ရိတ်သိမ်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ စက်မှုလယ်ယာဦးစီးဌာနက မြေစာရင်းဦးစီးဌာနနဲ့ ပူးပေါင်းပြီး ဒီဒေသက စပါးတွေကို နေ့စဉ် ရိတ်သိမ်းခြွေလှေ့စက်တွေနဲ့ ဆောင်ရွက်ပေးနေပါတယ်၊ ဒီဒေသမှာ အဓိကအခက်အခဲက အလုပ်သမားရှားပါးမှုပါ၊ ဒါကြောင့် နေပြည်တော်၊ မန္တလေးနဲ့ စစ်ကိုင်းဘက်က စက်မှုလယ်ယာဦးစီးဌာန ဝန်ထမ်း ၁၀၀ လောက်ကို အကူအညီတောင်းပြီး လုပ်ဆောင်နေရပါတယ်၊ ဒီဒေသ အလုပ်သမားတွေက တစ်နေ့ငွေကျပ် တစ်သောင်းပေးတာတောင် ငှားရတာ မလွယ်ကူဘူး။

"ကျွန်တော်တို့အနေနဲ့ စက်ယန္တရားတွေ ဝင်ထွက်သွားလာမှု အဆင်ပြေတဲ့ လယ်မြေကွက်တွေကို အတတ်နိုင်ဆုံး ရိတ်သိမ်းခြွေလှေ့ပေးသွားမှာပါ" ဟု စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်ဇော်အုန်းက ပြောသည်။

မောင်တောဒေသ၌ ယခုအခါ စပါးရိတ်သိမ်းခြွေလှေ့ပြီးစီးမှုမှာ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ၁၀ ရက်တာအတွင်း ဧကသုံးထောင်ကျော် ရိတ်သိမ်းခြွေလှေ့ ပြီးစီးနေပြီဖြစ်ပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် တင်း ၅၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ယင်းရိတ်သိမ်းခြွေလှေ့ပြီး စပါးများကို စက်မှုလယ်ယာဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့မှ ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီသို့ အပ်နှံလျက်ရှိပြီး လတ်တလောအနေဖြင့် ယင်းစပါးများကို အလယ်သံကျော်၊ မြင်းလွတ်နှင့် နီးစပ်ရာစခန်း နေရာများ၌ ဂိုဒေါင်များထားရှိကာ ယာယီသိုလှောင်ထားလျက်ရှိသည်။

**သတင်းအဖွဲ့**




မောင်တောဒေသတောင်ပိုင်း ကျောင်းတောင်ကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် စပါးရိတ်သိမ်းနေမှုကို တွေ့ရစဉ်



## ကျောက်ဖြူမြို့တွင် မီးလောင်မှုဖြစ်ပွားသောမိသားစုများအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ထောက်ပံ့ငွေပေးအပ်

**ကျောက်ဖြူ နိုဝင်ဘာ ၅**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ကျောက်ဖြူမြို့၌ မီးလောင်မှုဖြစ်ပွားခဲ့သည့် မိသားစုဝင်များအား နိုဝင်ဘာ ၅ ရက် နံနက် ၈ နာရီခွဲတွင် ကျောက်ဖြူမြို့လေဆိပ်၌ ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ကျောက်ဖြူမြို့မြစ်နာတန်းရပ်ကွက်ဖြတ်လမ်း(၇)နှင့် ဖြတ်လမ်း(၈)ကြားရှိ ဦးဇော်မင်းသန်း(ခ)ဦးမောင်မောင်၏ ဂုံးဝယ်ဒိုင်၌ နံနက် ၁ နာရီခွဲက မီးစတင်လောင်ကျွမ်းခဲ့သောကြောင့် ငါး၊ ပုစွန်အဝယ်ဒိုင် ၁၁ ဒိုင်၊ လူနေအိမ် ၁၆ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူဦးရေ ၇၀ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသောကြောင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက တစ်အိမ်ထောင်လျှင် ငွေကျပ်နှစ်သိန်းစီထောက်ပံ့ပေးကာ(ဓါတ်ပုံ) အားပေးစကား ပြောကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# ရခိုင်ပြည်သူများအတွက် လူငယ်ရက် ၂၀ အစီအစဉ်များ စတင်တော့မည်

နေပြည်တော် နိုဝင်ဘာ ၅

**ရခိုင်ပြည်နယ်အတွင်းလူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီအား ကူညီပေးနိုင်ရေးအတွက် စေတနာ့ဝန်ထမ်းလူငယ်များ လုပ်အားပေးအစီအစဉ်ကို ပြည်သူ့အတွက် လူငယ့်ရက် ၂၀ ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်သွားရန်ရှိပြီး ပထမဆုံးအကြိမ်အဖြစ် ရခိုင်ပြည်နယ်ခရီးစဉ် စတင်တော့မည်ဖြစ်ကြောင်း သိရသည်။**

ပထမဆုံးအနေဖြင့် ရက် ၂၀ ခရီးစဉ်အား နိုဝင်ဘာ ၉ ရက်တွင်စတင်မည်ဖြစ်ပြီး ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသများသို့ သွားရောက်၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ၊ အချက်အလက် ကောက်ခံမှုများ၊ ဒေသတွင်းပြည်သူများအား စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးခြင်းများနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ရက် ၂၀တိုင်းတွင် လူငယ်အဖွဲ့များ လဲလှယ်ကာ ဆက်တိုက်ဆောင်ရွက်မည်ဖြစ်ကြောင်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးထံမှ သိရှိရသည်။

### ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံပါဝင်

ရည်ရွယ်ချက်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စများအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်နှင့် ဒေသဖွံ့ဖြိုးရေး၊ ရေရှည်ပဋိပက္ခကင်းဝေးရေးဆောင်ရွက်ရန်ဟူသော လုပ်ငန်းတာဝန်များနှင့်အညီ အကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံအတွင်းရှိ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံပါဝင်သော မတူကွဲပြားသည့် လူငယ်များ၏ ပါဝင်ဆောင်ရွက်မှုကို အခြေခံကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးလူငယ်အဖွဲ့များအဖြစ် လုပ်ဆောင်ကြရမည်ဖြစ်သည်။

ပထမအကြိမ်သွားရောက်မည့် စေတနာ့ဝန်ထမ်းလူငယ်များ ရွေးချယ်ပြီးစီးသွားပြီဖြစ်ပြီး လူငယ်များအနေဖြင့် ရန်ကုန်သင်တန်းကျောင်းသို့ နိုဝင်ဘာ ၅ ရက်နေ့တွင် စတင်သတင်းပို့လာရောက်ကြရန် ဖိတ်ခေါ်ထားသည်။ ပြည်သူ့အတွက် လူငယ့်ရက် ၂၀ အကြိုသင်တန်းကို နိုဝင်ဘာ ၆ ရက်မှ ၈ ရက်အထိ သင်ကြားပေးမည်ဖြစ်ပြီး စစ်တွေမြို့သို့ နိုဝင်ဘာ ၉ ရက်တွင် စတင်ထွက်ခွာကြမည်ဖြစ်သည်။ စစ်တွေမှတစ်ဆင့် ဘူးသီးတောင်- မောင်တောဒေသများသို့ ဆက်လက်သွားရောက်ကြမည်ဖြစ်ပြီး ကျေးရွာများသို့ ကွင်းဆင်းခြင်းနှင့် ကွင်းဆင်းဆောင်ရွက်မှုကို ပြန်လည်သုံးသပ် ဆန်းစစ်ခြင်းများကို ပြုလုပ်ကြမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍လည်း နိုဝင်ဘာ ၂၅ ရက်နှင့် ဒီဇင်ဘာ ၁၂ ရက်တို့တွင်လည်း ဒုတိယနှင့် တတိယအဖွဲ့များက ဆက်တိုက်သွားရောက်ကြမည်ဖြစ်သည်။ စိတ်ပါဝင်စားသော မြန်မာနိုင်ငံဒေသအသီးသီးရှိ အသက် ၁၈ နှစ် မှ ၃၅ နှစ်အကြား လူငယ်များသည် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း၊ စေတနာ့ဝန်ထမ်းလူငယ်များ လုပ်အားပေးအစီအစဉ်၊ ပြည်သူ့အတွက် လူငယ့်ရက် ၂၀ လုပ်ငန်းစဉ်တွင် ပါဝင်လိုကြောင်း အဆိုပြုလွှာကို youthvolunteerprogram.uehrd@gmail.com သို့ ပေးပို့နိုင်ကြောင်း သိရသည်။

### လျှောက်ထားကြရမည်

အဆိုပြုလွှာအတွင်း အမည်၊ အဖအမည်၊ အသက်၊ မွေးသက္ကရာဇ်၊ ကျား/မ၊ လူမျိုး၊ မှတ်ပုံတင်နံပါတ်၊ လက်ရှိနေရပ်လိပ်စာ၊ အမြဲတမ်းနေ ရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ အီးမေးလ်၊ ကျွမ်းကျင်သည့် ဘာသာစကားများ၊ ကျွမ်းကျင်သည့်အတတ်ပညာများ၊ ဦးစားပေးပါဝင်လိုသည့် ရက်စွဲသို့မဟုတ် အဖွဲ့ကို ရေးသားကာ လက်မှတ်ရေးထိုးပြီး လျှောက်ထားကြရမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ဒေါက်တာအောင်သူရိန် (ဒုတိယညွှန်ကြားရေးမှူး)ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဖုန်းနံပါတ် ၀၉-၅၃၃၁၀- ၅၂၀ နှင့် ဒေါက်တာရဲမြတ်ဦး (လက်ထောက်ညွှန်ကြား ရေးမှူး) လူမှုဝန်ထမ်းဦးစီးဌာန ဖုန်းနံပါတ် ၀၉-၅၁၀၀ ၂၅၉ သို့ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရသည်။

**ခင်ရတနာ**

> **“မြန်မာနိုင်ငံအတွင်းရှိ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံပါဝင်သော မတူကွဲပြားသည့် လူငယ်များ၏ ပါဝင်ဆောင်ရွက်မှုကို အခြေခံကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးလူငယ်အဖွဲ့များအဖြစ် လုပ်ဆောင်ကြရမည် ”**



ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီထောက်ပံ့ပေးနေသည့် ဝေဠုကျော်အား ကလေးငယ်များနှင့်အတူ တွေ့ရစဉ်။ ဓာတ်ပုံ-မင်းသော်၊ ဝေဠုကျော်ဖောင်ဒေးရှင်း

# မောင်တောမြို့နယ် ကိုင်းကြီး(မြို့) ကျေးရွာသစ်နေရာတွင် တနင်္သာရီတိုင်းဒေသကြီးပြည်သူများလှူဒါန်းငွေဖြင့် စာသင်ကျောင်းဆောင်သစ်တည်ဆောက်မည်

**မောင်တော နိုဝင်ဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး ပြည်သူများ လှူဒါန်းငွေဖြင့် မောင်တောမြို့နယ် မောင်တော-ကျောက်ပန္နူသွား ကားလမ်းဘေး ကိုင်းကြီး(မြို့) ကျေးရွာသစ်နေရာတွင် စာသင်ကျောင်းဆောင်သစ်နှင့် ဆရာ ဆရာမများအတွက် အဆောင် ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာသစ်နေရာ၌ စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ကျင်းပသည့် ပန္နက်တင် အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

“စာသင် ကျောင်းဆောင်သစ် ဆောက်ဖို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရက လှူတာမဟုတ်ပါဘူး၊ တနင်္သာရီတိုင်းဒေသကြီးက ပြည်သူတွေ စေတနာနဲ့ လှူဒါန်းတဲ့ငွေနဲ့ တည်ဆောက်မှာပါ၊ ကိုယ့်တိုင်းရင်းသားတွေ၊ ကိုယ့်ဆွေမျိုးတွေ ဒုက္ခရောက်နေတာ မျက်ကွယ်ပြုလို့ မရဘူးဆိုပြီး ပြည်သူတွေဆီက လှူဒါန်းငွေနဲ့ လာလှူတာပါ”ဟု ဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်က ပြောသည်။

ဆက်လက်၍ ဝန်ကြီးချုပ်က “ဒီဒေသက ကလေးတွေ ပညာတတ်စေချင်တယ်၊ စာသင်ကျောင်းက မူလတန်းလွန်အဆင့်လောက်အထိ စီစဉ်ထားတယ်၊ ခြံစည်းရိုးလေးနဲ့ စနစ်တကျ ဆောက်လုပ်ပေးသွားမယ်၊ ပေ ၂၅၀ လောက်ရှိတဲ့ အဝင်အထွက်လမ်းကိုလည်း လုပ်ပေးသွားမယ်၊ ရွာအနီးနားမှာလည်း ဘုရားစေတီတည်ပေးမယ်၊ ဘုန်းတော်ကြီးကျောင်းလည်း ဆောက်ပေးသွားမယ်”ဟု ပြောသည်။



တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော် ကိုင်းကြီး(မြို့) ကျေးရွာသစ်မှ ကျေးရွာသူ ကျေးရွာသားများအား အားပေးစကားပြောကြားစဉ်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာတို့က အမှာစကား ပြောကြားကြပြီး တနင်္သာရီတိုင်းဒေသကြီးမှ ပြည်သူများလှူဒါန်းလိုက်သည့် ဆေးဝါးနှင့် အဝတ်အထည်များကို ကိုင်းကြီး(မြို့)ရွာမှ ကျေးရွာသူ ကျေးရွာသားများအား ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးကြည်လှိုင်၊ ရခိုင်ပြည်နယ် လူမှုရေး ဝန်ကြီး ဒေါက်တာ ချမ်းသာနှင့် တာဝန်ရှိသူများက စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်မည့်နေရာကို ပန္နက်ရိုက်ပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး ပြည်သူများလှူဒါန်းငွေဖြင့် မောင်တောမြို့နယ် မောင်တော-ကျောက်ပန္နူသွား ကားလမ်းဘေး ကိုင်းကြီး(မြို့) ကျေးရွာသစ်နေရာတွင် ပေ (၉၀× ၃၀) စာသင်ကျောင်းဆောင်၊ ပေ (၄၀× ၃၀) ဆရာ ဆရာမများ အဆောင်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် နှစ်ခန်းတွဲ ရေလောင်း အိမ်သာနှစ်လုံး ဆောက်လုပ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ယနေ့ မောင်တောမြို့သို့ လာရောက်သည့်ခရီးစဉ်အတွင်း တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်နှင့် တာဝန်ရှိသူများသည် မောင်တောမြို့ရှိ အမှတ်(၁)နယ်စပ် ကုန်သွယ်ရေး ဝင်/ထွက် ဂိတ်စခန်းနှင့် ကညင်ချောင်း စီးပွားရေးဇုန်တွင် လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုကြသည်။ **သတင်းအဖွဲ့**

# ကျောက်ဖြူမြို့၌ မီးလောင်မှုကြောင့် ငါးအဝယ်ဒိုင် ၁၁ ခုနှင့် လူနေအိမ် ၁၆ လုံး ဆုံးရှုံး

**ကျောက်ဖြူ နိုဝင်ဘာ ၅**

ကျောက်ဖြူမြို့ မြစ်နားတန်းရပ်ကွက်၌ နိုဝင်ဘာ ၅ ရက် နံနက် ၁ နာရီခွဲက လျှပ်စစ်မီးဖိုမှ တစ်ဆင့် မီးလောင်မှု ဖြစ်ပွား၍ ငါးအဝယ်ဒိုင် ၁၁ ခုနှင့် လူနေအိမ် ၁၆ လုံး ဆုံးရှုံးခဲ့သည်။



ဖြစ်စဉ်မှာ ကျောက်ဖြူမြို့ မြစ်နားတန်းရပ်ကွက် ဖြတ်လမ်း ၇ နှင့် ဖြတ်လမ်း ၈ ကြားရှိ ဦးဇော်မင်းသန်း(ခ) ဦးမောင်မောင်၏ ငုံးဝယ်ဒိုင်တွင် အလုပ်သမားများဖြစ်သော မောင်လှမြင့်၊ မောင်လှဝင်း၊ ကိုကျော်ဇောလှတို့နှင့်အတူ မောင်ငယ်သည် ဒိုင်အတွင်း ညအိပ်နေစဉ် ၎င်းတို့ သုံးစွဲခဲ့သော လျှပ်စစ်မီးဖိုမှတစ်ဆင့် မီးစတင်လောင်ခဲ့ပြီး ဒိုင်အနီးရှိ အခြား ငါး၊ ပုစွန် အဝယ်ဒိုင်များနှင့် လူနေအိမ်များအား မီးကူးစက်လောင်ခဲ့သည်။

မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်ခြောက်စီး၊ အကူမီးသတ်ယာဉ်သုံးစီးဖြင့် ခရိုင်ဦးစီးမှူး ဦးဟန်လင်းကျော်၊ မြို့နယ်ဦးစီးမှူး ဦးစည်သူလင်းတို့နှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများမှ ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ကြရာ နံနက် ၅ နာရီတွင် မီးငြိမ်းနိုင်ခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် ငါး၊ ပုစွန် အဝယ်ဒိုင် ၁၁ ခုနှင့် လူနေအိမ် ၁၆ လုံးမှ လူဦးရေ ၇၀ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသဖြင့် လျှပ်စစ်မီး ပေါ့လျော့စွာ သုံးစွဲသူ ဦးမောင်ငယ်အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အုတ်တွင်းမြို့နယ်၌ အမျိုးသမီးတစ်ဦး အသတ်ခံရမှုမှ ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိ

**အုတ်တွင်း နိုဝင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် အုတ်တွင်း-ပေါက်ခေါင်း ရိုးမဖြတ်ကျော်ကားလမ်း မိုင်တိုင် ၆၃/၀ နှင့် ၆၃/၁ အကြား ကရင်မသေ ကျေးရွာအစွန် ကားလမ်းနံဘေးတွင် အောက်တိုဘာ ၃၀ရက် ည ၇ နာရီခန့်က အမျိုးသမီးတစ်ဦး ဒဏ်ရာများဖြင့် လဲကျသေဆုံးနေသည့် အမှုမှ ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ အမှုဖြစ်စဉ်အား အုတ်တွင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး တင်ကိုကို ဦးစီးသည့် ပူးပေါင်းအဖွဲ့များ သွားရောက်စစ်ဆေးခဲ့ရာ အသက်(၄၀)နှစ်ခန့်ရှိ အမျိုးသမီးတွင် ခန္ဓာကိုယ်အနှံ့အပြား၌ ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိခဲ့ရသည်။ ရဲတပ်ဖွဲ့ဝင်များက စုံစမ်းခဲ့ရာ သေဆုံးသူ အမျိုးသမီးမှာ စိတ်ဝေဒနာရှင် တစ်ဦးဖြစ်ပြီး ရိုးမဖြတ်ကျော် ကားလမ်းတစ်လျှောက် သွားလာနေလေ့ရှိကြောင်း သိရသည်။

ဒေသခံပြည်သူအချို့မှ ပြစ်မှုကျူးလွန်သူများမှာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်လှိုင်၏ သားနှစ်ဦးဖြစ်သော သိန်းဌေး(၃၁ နှစ်)နှင့် အေးမင်း(၁၆ နှစ်)တို့ဖြစ်ကြောင်း သတင်းပေးသဖြင့် ဦးကျော်လှိုင် အပါအဝင် မိသားစုဝင်များကို နိုဝင်ဘာ ၁ ရက် မွန်းလွဲပိုင်းက မိုင်(၂၀) ရဲကင်းသို့ ခေါ်ဆောင်၍ စစ်ဆေးခဲ့သည်။ သိန်းဌေးနှင့် အေးမင်းတို့အား ဆက်လက်စစ်ဆေးခဲ့ရာတွင် ပြစ်မှုကျူးလွန်ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

အခင်းဖြစ်ချိန်၌ သိန်းဌေးနှင့် အေးမင်းတို့ နှစ်ဦးမှာ သစ်ခိုးတင်ရန် စောင့်ဆိုင်းနေချိန် အမှောင်ထဲအတိုင်း လမ်းလျှောက်လာသော အဆိုပါ အမျိုးသမီးကို မြင်တွေ့ခဲ့ပြီး ၎င်းတို့ သစ်ခိုးထုတ်သည်ကို လာရောက်စုံစမ်းချောင်းမြောင်းသည်ဟု သံသယရှိရာက အသင့်ဆောင်ထားသော ဓားဖြင့် ထိုးခုတ် သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရ၍ အုတ်တွင်း မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော်တွင် ငွေကျပ် ၁၀၀၀၀ တန်အတု သုံးစွဲသူများ ဖမ်းဆီးရမိ

**ပြင်ဦးလွင် နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့(၁၃) ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော်တွင် နိုဝင်ဘာ ၃ ရက် ည ၁၂ နာရီ ၃၅ မိနစ်က ငွေကျပ် တစ်သောင်းတန်အတုများ သုံးစွဲနေသူများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပွဲခင်းဈေးတန်း လုံခြုံရေးတာဝန်ကျ ဒုရဲအုပ် ဇင်ဝင်းထွန်းထံသို့ ပွဲခင်းဈေးတန်းအတွင်းရှိ အပျော်တမ်း သဏ္ဌာလပ်ဘောလုံးပစ်ဆိုင် ပိုင်ရှင်ဖြစ်သူ ဦးနေဇင်အောင်က ၎င်း၏ဆိုင်၌ ငွေကျပ် တစ်သောင်းတန်အတုများဖြင့် ဆော့ကစားသူများ ရောက်ရှိနေကြောင်း အကြောင်းကြားလာသဖြင့် သွားရောက် စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် ကျော်ဇောအောင်(၁၉ နှစ်)မလှိုင်မြို့နယ် သဏ္ဌာယ်ချင်းကျေးရွာနေသူထံမှ ငွေကျပ် ၁၀၀၀၀ တန်အတု ၃၁ ရွက်၊ ဝေဖြိုး(၁၉နှစ်)သီပေါမြို့နယ် နောင်အိန်ရွာနေသူထံမှ ငွေကျပ် ၁၀၀၀၀ တန် အတု ၁၁ ရွက် သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်စစ်ဆေးမေးမြန်းရာ ၎င်းနှင့်အတူ ကျော်ဇင်ထွန်းပါ ငါးဦးတို့သည် SHN . 2N/ ----KIA လိုက်ထရပ်ယာဉ်ဖြင့် လာရောက်ကြောင်းသိရသဖြင့် လိုက်လံစုံစမ်းရှာဖွေခဲ့ရာ နံနက် ၄ နာရီခွဲတွင် ကျော်ဇင်ထွန်းပါ ငါးဦးနှင့် အမျိုးသမီးတစ်ဦးတို့အား ပွဲကောက်လမ်းဆုံတွင် ဖမ်းဆီးရမိခဲ့ပြီး ငွေကျပ် ၁၀၀၀၀ တန်အတု ၃၈ ရွက် ထပ်မံ သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ငွေစက္ကူအတု အရွက် ၈၀ သိမ်းဆည်းရမိခဲ့သည်။

ထို့ကြောင့် ပြစ်မှုကျူးလွန်သူ အမျိုးသားခုနစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့အား အရေးယူထားကြောင်း ပြင်ဦးလွင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဉာဏထံမှ သိရသည်။

**ခရိုင်( ပြန်/ဆက် )**

# သပိတ်ကျင်းမြို့နယ်အတွင်း တရားမဝင်သစ်များ တင်ဆောင်သည့်ယာဉ်တစ်စီး တိမ်းမှောက်

**သပိတ်ကျင်း နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင် ခရိုင် သပိတ်ကျင်းမြို့နယ် မန္တလေး-ဗန်းမော်ကားလမ်း အုံးပိုင်ကျေးရွာအနီး တရားမဝင်သစ်များ တင်ဆောင်လာသော ယာဉ်တစ်စီး နိုဝင်ဘာ ၂ ရက် ညနေ ၄ နာရီကျော်က တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

## သွားရောက်စစ်ဆေး

မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ထွန်း၊ ဦးသန်းနိုင်(တောအုပ်)၊ တွင်းငယ် ရဲကင်းစခန်းမှ ရဲတပ်ကြပ်ကြီး စိန်ရွှေနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ခုနစ်မိုင်တကောင်းကားလမ်း မိုင်တိုင်အမှတ် ၁၂/၇ နှင့် ၁၃/၀ အကြား အုံးပိုင်ကျေးရွာအနီး ယာဉ်အမှတ် AYY/X---- UD HiNo အမျိုးအစား ခြောက်ဘီးယာဉ်မှာ ကားလမ်းမပေါ်တွင် ကန့်လန့်ဖြတ် တိမ်းမှောက်နေသည်ကို တွေ့ရပြီး ယာဉ်ပေါ်တွင် တရားမဝင် ပိတောက်ခွဲသား ၆၄ ချောင်း စုစုပေါင်း (၄ ဒသမ ၆၉၃၀ )တန် စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် ၁၈၇၇၂၀၀ ခန့်အား တင်ဆောင်ထားသည်ကို စစ်ဆေးတွေ့ရှိခဲ့သည်။

## စုံစမ်းဖော်ထုတ်

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ တရားမဝင် ပိတောက်ခွဲသားများအား တင်ဆောင်မောင်းနှင်လာသော ယာဉ်မောင်းနှင့် ပစ္စည်းပိုင်ရှင်တို့အား စုံစမ်းဖော်ထုတ် အရေးယူပေးရန် မြို့နယ်သစ်တောဦးစီးဌာနမှ တိုင်တန်းလာသဖြင့် ဥပဒေအရ သပိတ်ကျင်းမြို့မရဲစခန်းက အမှုဖွင့်ပြီး ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ် ဖမ်းဆီးနိုင်ရေး ဆောင်ရွက်နေကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**



# လူငါးဦး တင်ဆောင်လာသည့် ဆိုင်ကယ်တစ်စီး အမျိုးသမီးတစ်ဦးအား နောက်မှ ဝင်တိုက်မိ၍ ဒဏ်ရာရ

**ဟိုင်းကြီးကျွန်း နိုဝင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ဘန့်ဘွေးကျေးရွာ၌ နိုဝင်ဘာ ၄ ရက် ည ၁၁ နာရီခွဲခန့်က ဈေးဝယ်ရာမှ ပြန်လာသည့် အမျိုးသမီးကို လူငါးဦး တင်ဆောင်စီးနင်းလာသော ဆိုင်ကယ်က နောက်မှ ဝင်တိုက်မိခဲ့သည်။

ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက် နတ်စင်ကုန်းလမ်းတွင် နေထိုင်သူ မောင်နိုင်လင်းသူ(၁၅ နှစ်)က မောင်ကျော်မင်းဖြိုး၊ မောင်ကျော်ရှိန်းနိုင်၊ မောင်သိန်းထက်အောင်နှင့် မောင်သီဟဇော်ဦးတို့ လေးဦးကို တင်ဆောင်မောင်းနှင်လာစဉ် လမ်းလျှောက်လာသူ ဒေါ်သန်းလှအား ရုတ်တရက် အရှိန်မထိန်းနိုင်ဘဲ နောက်မှ ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်စဉ်ကြောင့် ဘန့်ဘွေးကျေးရွာနေ ဒေါ်သန်းလှမှာ ဒဏ်ရာ(စိုးရိမ်ရ)သည့် အခြေအနေကြောင့် ကျောက်ချောင်း တိုက်နယ်ဆရာဝန်က လူနာကို ပုသိမ်မြို့သို့ သွားရောက် ဆေးကုသမှုခံယူရန် လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်မောင်းနှင်သူ မောင်နိုင်လင်းသူအား ဟိုင်းကြီးကျွန်းနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# ဆိပ်ဖြူမြို့နယ် သပြေကျေးရွာအနီးတွင် ထင်းတင်လာသည့် ယာဉ်တစ်စီး တိမ်းမှောက်၊ တစ်ဦးသေဆုံး

**ဆိပ်ဖြူ နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကဇွန်းမနယ်မြေရဲစခန်းအပိုင် ဆိပ်ဖြူ-ဆော-ကန်ပက်လက် ကားလမ်း သပြေကျေးရွာအနီး၌ နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ထင်းများတင်ဆောင်လာသည့် ယာဉ်တစ်စီး တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆိပ်ဖြူမြို့နယ် ရှောက်ပင်အင်းကျေးရွာနေ ကျော်ဝင်းဆောင်(ခ) ဖိုးပေါ မောင်းနှင်လာသည့် ယာဉ်သည် ဆိပ်ဖြူ-ဆော-ကန်ပတ်လက် ကားလမ်း ဆိပ်ဖြူမြို့သို့ မောင်းနှင်လာစဉ် သပြေကျေးရွာအနီး မိုင်တိုင်အမှတ် ၁၉ မိုင် ၄ ဖာလုံ နှင့် ၅ ဖာလုံအကြား ကုန်းအဆင်း၌ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ကျော်ဝင်းဆောင်(ခ) ဖိုးပေါ (၃၈ နှစ်) ရှောက်ပင်အင်းကျေးရွာနေသူသည် ဒဏ်ရာများရရှိကာ အခင်းဖြစ်ရာနေရာတွင် သေဆုံးသွားခဲ့ပြီး ယာဉ်နောက်လိုက် ဝင်းသူ (၂၉နှစ်) ငှက်ပြာကြီးကျေးရွာနေသူမှာ ဒဏ်ရာများရရှိကာ ကဇွန်းမတိုက်နယ်ဆေးရုံ၌ အတွင်းလူနာအဖြစ် တက်ရောက် ဆေးကုသမှု ခံယူလျက်ရှိသည်။

အဆိုပါဖြစ်စဉ်နေရာသို့ ကဇွန်းမနယ်မြေရဲစခန်းမှ ရဲအုပ်သူရဇော်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် တပ်ဖွဲ့ဝင်များ၊ ဒေသခံအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ကဇွန်းမနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုဇွဲ(အညာမြေ)**

# မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွား၍ ကလေးငယ်တစ်ဦးသေဆုံး

**နေပြည်တော် နိုဝင်ဘာ ၅**

ရှမ်းပြည်နယ် နောင်ချိုမြို့ ကြံခင်းကျေးရွာ၌ နိုဝင်ဘာ ၄ ရက် နံနက် ၆ နာရီက မီးလောင်မှုဖြစ်ပွား၍ ဒေသခံများ ဝိုင်းဝန်းမီးငြှိမ်းသတ်မှုကြောင့် မီးငြိမ်းသွားပြီး ကလေးတစ်ဦး မီးလောင်သေဆုံးခဲ့ကြောင်း သိရသည်။

ကြံခင်းကျေးရွာနေ ဦးညွန့်ဖေ(၄၇နှစ်)သည် သားဖြစ်သူ မောင်ဝင်းဆိုင်(၁၀ နှစ်) အား တစ်ဦးတည်း ထားခဲ့၍ နားနွဲ့ကျေးရွာရှိ မင်္ဂလာဆောင်သို့ သွားရောက်ကူညီလုပ်ကိုင်စဉ် နေအိမ် မီးဖိုဆောင်ရှိ မီးကြွင်းမီးကျန်မှ တစ်ဆင့် မီးစတင်လောင်ခဲ့သည်။ မီးလောင်ရာသို့ ကျေးရွာနေ ပြည်သူများ ဝိုင်းဝန်းငြှိမ်းသတ်မှုကြောင့် မိနစ် ၃၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် နေအိမ်၌ အိပ်ပျော်နေသော သားဖြစ်သူ မောင်ဝင်းဆိုင်မှာ မီးလောင်သေဆုံးသွားကြောင်း စစ်ဆေးသိရှိရသဖြင့် ဦးညွန့်ဖေအား ဒိုးပင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# တရားမဝင် သယ်ဆောင်လာသည့် ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၅**

ရှမ်းပြည်နယ် ကွန်ဟိန်းမြို့နယ် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၃ ရက် ညနေ ၆ နာရီက တာကော်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေစဉ် တရားမဝင် သယ်ဆောင်လာသော ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ နမ့်စန်ဘက်မှ ကျိုင်းတုံဘက်သို့ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်နေ အောင်မျိုးဦး(၃၇နှစ်)မောင်းနှင်ပြီး ကျောက်ဆည်မြို့ တင်စုရပ်ကွက်နေ အောင်ကိုမြင့်(၃၅နှစ်) လိုက်ပါလာသည့် EE/--- AD VAN ယာဉ်အား ရပ်တန့်ရှာဖွေ စစ်ဆေးရာ ယာဉ်နောက်ဖုံးခန်းအတွင်းမှ အရွယ်စုံ ကျောက်စိမ်းတုံး ၃၀ (၇၇ ဒသမ ၀၈)ကီလိုခန့်အား သိမ်းဆည်းရမိခဲ့သဖြင့် အောင်မျိုးဦးနှင့် အောင်ကိုမြင့်တို့နှစ်ဦးအား ကာလိနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# အာရှခရီးစဉ် စတင်မှုအနေဖြင့် ဒေါ်နယ်ထရန့် ဂျပန်သို့ ရောက်ရှိ

**ဝါရှင်တန်  နိုဝင်ဘာ ၅**

အမေရိကန်ပြည်ထောင်စုသမ္မတ ဒေါ်နယ်ထရန့်သည် ၁၂ ရက်ကြာ အာရှခရီးစဉ် စတင်မှုအနေဖြင့် ဂျပန်သို့ ရောက်ရှိခဲ့ကြောင်းသိရသည်။ ၎င်း၏ ခရီးစဉ်အတွင်း သွားရောက်မည့်နိုင်ငံများတွင် တောင်ကိုရီးယား၊ တရုတ်၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံများလည်း ပါဝင်သည်။



ယခုခရီးစဉ်သည် ၂၅ နှစ်တာအတွင်း အမေရိကန်သမ္မတတစ်ဦး၏ အကြာမြင့်ဆုံး ခရီးစဉ်တစ်ခု ဖြစ်လိမ့်မည်ဟု သိရသည်။

မြောက်ကိုရီးယားနိုင်ငံက မလျှော့တမ်း ဆောင်ရွက်နေသည့် နျူကလီးယားနှင့်ဒုံးကျည် စမ်းသပ်မှုများကြောင့် နှစ်နိုင်ငံတင်းမာမှုများ အရှိန်အဟုန် ပြင်းထန်နေချိန်တွင် ထရန့်၏ယခုခရီးစဉ် ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။

သမ္မတထရန့်အနေဖြင့် တောင်ကိုရီးယား၊ ဂျပန်နိုင်ငံတို့နှင့် စုစည်းညီညွတ်မှု အင်အားကို ပြသနိုင်ရန် မျှော်လင့်ထားသကဲ့သို့ မြောက်ကိုရီးယားအရေးနှင့် ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် ရပ်တည်ချက်ခိုင်မာစေရန် တိုက်တွန်းသွားနိုင်ရန်လည်း ရည်မှန်းထားသည်။

အာရှခရီးစဉ် သွားရောက်မှုအတွင်း ထရန့်သည် ရုရှားသမ္မတ ဗလာဒီမာ ပူတင်နှင့်လည်း တွေ့ဆုံသွားရန် မျှော်မှန်းထားကြောင်း ထရန့်က Air Force One လေယာဉ်ပေါ်တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

မြောက်ကိုရီးယားအရေးနှင့်ပတ်သက်၍ သမ္မတပူတင်၏ အကူအညီကို ထရန့်က လိုလားကြောင်း ပြောကြားခဲ့သည်။

ထရန့်သည် တနင်္ဂနွေနေ့ အစောပိုင်းတွင် တိုကျိုအနောက်ပိုင်းရှိ ယိုကိုတာ အမေရိကန်လေတပ် အခြေစိုက်စခန်းသို့ ရောက်ရှိခဲ့သည်။

ဂျပန်သို့ သွားရောက်ရာ လမ်းကြောင်းတွင် ထရန့်သည် ၁၉၄၁ ခုနှစ် ဂျပန်တို့ တိုက်ခိုက်မှုလုပ်ဆောင်ခဲ့သည့် ပုလဲဆိပ်ကမ်းရှိ ယူအက်စ်အက်စ် အရီဇိုးနား အထိမ်းအမှတ်နေရာဖြစ်သည့် ဟာဝိုင်ယီ၌ ရပ်နားကာ အလည်အပတ် သွားရောက်ခဲ့သည်။

**ရိုက်တာ**

## တရုတ်နိုင်ငံဝန်ကြီးချုပ် လီခချန် ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်

**ပေကျင်း  နိုဝင်ဘာ ၅**

တရုတ်နိုင်ငံဝန်ကြီးချုပ် လီခချန်သည် ဖိလစ်ပိုင်နိုင်ငံ မြို့တော် မနီလာမြို့သို့ သွားရောက်လည်ပတ်စဉ် နိုဝင်ဘာ ၁၂ ရက်မှ ၁၆ ရက် အထိ ပြုလုပ်မည့် (၃၁)ကြိမ်မြောက် အရှေ့အာရှထိပ်သီးညီလာခံ အစည်းအဝေးကို တက်ရောက်သွားမည်ဟု သိရသည်။ ဝန်ကြီးချုပ် လီခချန်သည် ဖိလစ်ပိုင်နိုင်ငံ သမ္မတ ရိုဒရီဂို ဒူတာတေး၏ ဖိတ်ကြားချက်ဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်လည်ပတ်ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချွမ်းရင်က ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင်ကျင်းပမည့် (၂၀)ကြိမ်မြောက် တရုတ်-အာဆီယံ (၁၀+၁)ခေါင်းဆောင်များ အစည်းအဝေး၊ (၂၀)ကြိမ်မြောက် အာဆီယံ-တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယား (၁၀+၃)ခေါင်းဆောင်များ အစည်းအဝေးများသို့ တက်ရောက်သွားမည်ဖြစ်ကြောင်း ဟွာက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## တိဗက်ဒေသတွင် နက္ခတ်တာရာစခန်း တည်ဆောက်

**လာဆာ  နိုဝင်ဘာ ၅**

တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပထမဆုံးနှင့် ကမ္ဘာ့အမြင့်ဆုံး နက္ခတ်တာရာစခန်းအား လာမည့် ၂၀၁၈ ခုနှစ်တွင် စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း ဒေသအာဏာပိုင်များက မကြာသေးမီက ပြောခဲ့သည်။ ယင်းနက္ခတ်တာရာစခန်းတွင် အချင်း ၁ မီတာရှိ မှန်ဘီလူးတစ်ခုပါရှိသော တိဗက်ဒေသ၏ အကြီးဆုံး နက္ခတ်တာရာကြည့် မှန်ပြောင်းတစ်ခု ပါရှိမည်ဖြစ်သည်။ အဆိုပါ စခန်းသည် သုတေသနပြုသူများနှင့် အများပြည်သူများအတွက် သိပ္ပံပညာရပ်ကို လေ့လာနိုင်မည့် အဓိကကျသော ဒေသတွင်း စခန်းတစ်ခုဖြစ်လာမည် ဖြစ်သည်။

**ဆင်ဟွာ**

## ဆော်ဒီမြို့တော် ရီယာ့ဒ်အနီးတွင် ဒုံးကျည်တစ်စင်း ကျရောက်

**ရီယာ့ဒ်  နိုဝင်ဘာ ၅**

ယီမင်ဘက်မှ ပစ်ခတ်လိုက်သည့် တိုက်ချင်းပစ် ဒုံးကျည်တစ်စင်း ရီယာ့ဒ် လေဆိပ်အနီးသို့ စနေနေ့ ညနေခင်းက ကျရောက်လာခဲ့ကြောင်း ဆော်ဒီက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

ဒုံးကျည်သည် ရီယာ့ဒ်မြို့ကို ကျော်လွန်၍ ဖျက်ဆီးခံလိုက်ရပြီး အပျက်အစီးအပိုင်းအစများ လေဆိပ်ဧရိယာအနီးတစ်ဝိုက်တွင် လွင့်စဉ်ကျရောက်ခဲ့ကြောင်း ဆော်ဒီအာဏာပိုင်များ၏ ပြောပြချက်ကို ကိုးကားလျက် နိုင်ငံပိုင် ဆော်ဒီသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ဟူသီသူပုန်များနှင့်အဆက်အသွယ်ရှိသည့် တီဗီချန်နယ်တစ်ခုက အဆိုပါ တိုက်ချင်းပစ်ဒုံးကျည်ကို King Khalid နိုင်ငံတကာလေဆိပ်သို့ ပစ်လွှတ်လိုက်ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ဒုံးကျည်ကျရောက်မှုသည် လေကြောင်းခရီးစဉ် သွားလာမှုများကို အနှောင့်အယှက်ဖြစ်ခဲ့ခြင်းမရှိကြောင်း ဆော်ဒီပြည်တွင်းလေကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

ယခင်ကလည်း ဟူသီတို့ပစ်လွှတ်ခဲ့သည့် ဒုံးကျည်များကို ပစ်ချခဲ့ကြောင်း၊ သို့သော် မည်သည့် ဒုံးကျည်မျှ အဓိကလူဦးရေအများစုရှိသည့် အချက်အချာမြို့နှင့်နီးကပ်စွာ ကျရောက်လာခဲ့ခြင်း မရှိသေးကြောင်း ဆော်ဒီတပ်ဖွဲ့ဝင်များက ပြောကြားခဲ့သည်။

အရပ်သားများနှင့် ထင်ရှားကျော်ကြားသည့် ဧရိယာများကို ပစ်မှတ်ထားကာ ဒုံးကျည်ကို မဆင်မခြင် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ယီမင်ရှိဆော်ဒီဦးဆောင်သည့် စစ်ဘက်မဟာမိတ်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တာကီအယ်လ်မာလာကီက ပြောကြားခဲ့သည်။ ဒုံးကျည်ထိမှန်ကျရောက်မှုအတွင်း ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း ဖော်ပြထားသည်။

ပစ်လွှတ်ခဲ့သည့် ဒုံးကျည်မှာ Burkan H2 ဒုံးကျည် ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



# ကက်တလိုနီးယားခေါင်းဆောင်ဟောင်း ဘယ်လ်ဂျီယံတရားရုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ဖြစ်နေ




**ဘရပ်ဆဲလ်  နိုဝင်ဘာ ၅**

ကက်တလိုနီးယားခေါင်းဆောင်ဟောင်း Carles Puidgemont သည် ဘယ်လ်ဂျီယံ တရားစီရင်ရေးစနစ်နှင့် အတူတကွ ပူးပေါင်းသွားရန် လိုလားလျက်ရှိနေကြောင်း စနေနေ့တွင် တွစ်တာပေါ်၌ ရေးသားဖော်ပြခဲ့သည်။

စပိန်ကပို့ဆောင်လိုက်သည့် ဥရောပသမဂ္ဂ ဖမ်းဆီးမိန့် ဝရမ်းနှင့်ပတ်သက်၍ ၎င်းတို့အနေဖြင့် ဘယ်လ်ဂျီယံ တရားရုံးနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မစ္စတာ Puidgemont က ဒတ်ချ်၌ ရှိနေစဉ်အတွင်း တွစ်တာပေါ် ရေးသားခဲ့သည်။

ဘယ်လ်ဂျီယံ ဖက်ဒရယ်ရှေ့နေများရုံးသည် သောကြာနေ့ ညနေခင်းက Puidgemont နှင့်၎င်း၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း လေးဦးတို့ကို ဖမ်းဆီးရန် စပိန်မှပေးပို့လိုက်သည့် ဥရောပသမဂ္ဂဖမ်းဆီးမိန့် ဝရမ်းငါးခုကို ရရှိခဲ့သည်။

၎င်းတို့ကို ပုန်ကန်ထကြွမှု၊ ပုန်ကန်ထကြွရန်လှုံ့ဆော်အားပေးမှု၊ ပြည်သူ့ဘဏ္ဍာငွေအလွဲသုံးမှုနှင့် ယုံကြည်မှုကို ချိုးဖောက်မှုတို့ဖြင့် တရားစွဲဆိုခဲ့သည်။

ဖက်ဒရယ်ရှေ့နေရုံးက စနေနေ့တွင် တရားရေးစီရင်မှုဆိုင်ရာ နည်းလမ်းကျင့်ထုံးများကိုမည်သို့ဖွဲ့စည်းသွားမည်နှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များ ဖော်ပြလျက် တရားဝင် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ပုံနှိပ်ဖော်ပြခဲ့သည်။

Puidgemont နှင့် ၎င်း၏ အပေါင်းအပါ လေးဦးတို့ကို ၂၄ နာရီအတွင်း ဆုံးဖြတ်ချက်ချမှတ်မည့် တရားသူကြီးရှေ့မှောက်သို့ ခေါ်ဆောင်လာရမည်ဖြစ်သည်။

အကယ်၍ အီးယူ၏ ဖမ်းဆီးမိန့်ဝရမ်းကို ပို့ဆောင်ပြီးပါက တရားရုံးသည် ဖမ်းဆီးမိန့်ကို လက်ခံကြောင်း သို့မဟုတ် တရားဝင်ဖြစ်ကြောင်း ဆုံးဖြတ်ရမည်ဖြစ်သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဆိုမာလီယာနိုင်ငံအတွင်းရှိ အိုင်အက်စ်များကို အမေရိကန်ဗုံးကြဲ

**ဝါရှင်တန် နိုဝင်ဘာ ၅**

ဆိုမာလီယာနိုင်ငံအတွင်းရှိ အိုင်အက်စ် အကြမ်းဖက်တပ်ဖွဲ့များကို အမေရိကန် လေတပ်အဖွဲ့က လေကြောင်းတိုက်ခိုက်မှု နှစ်ကြိမ်ဆောင်ရွက်ခဲ့ရာ အစွန်းရောက် တပ်ဖွဲ့ဝင်အများအပြား ရှင်းလင်းဖယ်ရှား နိုင်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့ သည်။

အမေရိကန်နိုင်ငံ လေတပ်သည် ဆိုမာလီယာအရှေ့မြောက်ပိုင်းဒေသရှိ အိုင်အက်စ်အစွန်းရောက်တပ်ဖွဲ့များအား ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း၊ ထို့အပြင် ဆိုမာလီယာ နိုင်ငံအစိုးရတပ်ဖွဲ့နှင့် အာဖရိကမဟာမိတ်တပ်ဖွဲ့တို့ ပူးပေါင်း ကာ အကြမ်းဖက်နှိမ်နင်းရေး ဆောင်ရွက် မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံ စစ်ဘက်ဆိုင်ရာ အာဖရိက ညွှန်ကြားရေးဌာနချုပ်က ထုတ်ပြန်ခဲ့သည်။

ယခုနှစ် စက်တင်ဘာလပိုင်းတွင် လည်း အမေရိကန်နိုင်ငံသည် ဆိုမာ လီယာနိုင်ငံအတွင်းရှိ အယ်လ်ရှာဘတ် အစွန်းရောက်တပ်ဖွဲ့များကို လေကြောင်း ချီတိုက်ခိုက်မှုများလုပ်ဆောင်ခဲ့ရာ အကြမ်းဖက်သမား ခြောက်ဦးကို ရှင်း လင်းသုတ်သင်နိုင်ခဲ့ကြောင်း သိသည်။

**ဆင်ဟွာ**

### အမေရိကန်သမ္မတ ထရန့်အတွက် လုံခြုံရေး တင်းကျပ်မှုများ တိုကျို၌ ပြုလုပ်

**တိုကျို နိုဝင်ဘာ ၅**

နိုဝင်ဘာ ၅ ရက်တွင် အမေရိကန် သမ္မတ ဒေါ်နယ်ထရန့် ဂျပန်နိုင်ငံသို့ လာရောက် လည်ပတ်မည်ဖြစ်ရာ တိုကျိုရဲအရာရှိများ လုံခြုံရေးဆိုင်ရာ တင်းကျပ်မှုများ လုပ်ဆောင်ထား ကြောင်း အင်န်အိတ်ချ်ကေသတင်း တစ်ရပ်တွင် ဖော်ပြခဲ့သည်။

ထရန့်လာရောက်မည့် နိုဝင်ဘာ ၅ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ စုစုပေါင်းသုံးရက်ကြာ ခရီးစဉ်အတွင်း တိုကျိုရဲအရာရှိ စုစုပေါင်း ၁၈၀၀၀ ခန့် တိုကျိုမြို့အနှံ့ လှည့်လည်ကာ လုံခြုံရေး ဆောင်ရွက်နေကြောင်း၊ ယခုကဲ့သို့ ရဲတပ်ဖွဲ့ဝင်များ ဖြန့်ကြက်ချထားခြင်း သည် တိုကျိုသမိုင်းတွင် မကြုံစဖူး ထူးကဲသော များပြားမှုပင်ဖြစ်သည်။

ထရန့်၏ခရီးစဉ်အတွင်း လုံခြုံရေး ဆိုင်ရာ ကျိုးပေါက်မှုမရှိစေရေး အစွမ်းကုန်ကြိုးစားဆောင်ရွက်ရန် လို ကြောင်း ထိုရှိဒါက တိုကျိုရဲတပ်ဖွဲ့ဝင် များကို တိုက်တွန်းထားကြောင်း သိရ သည်။

ရဲများသည် တိုကျိုမြို့လယ် ယာဉ် ကြောများကို စစ်ဆေးခြင်းနှင့် အဓိက အရေးပါသောနေရာများကို လှည့် ကင်းဆောင်ရွက်စစ်ဆေးရမည် ဖြစ် ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ယခင်ကထက် ပိုမိုတင်းကျပ်လာတဲ့ အမေရိကန်ရဲ့လူဝင်မှုကြီးကြပ်ရေး

**ဖြူးစန္ဒီမွေး**

ဒေါ်နယ်ထရန့်သမ္မတဖြစ်လာပြီးတဲ့ နောက်ပိုင်းအပြောင်းအလဲတွေ လုပ် ခဲ့တဲ့အထဲမှာ လူဝင်မှုကြီးကြပ်ရေးနဲ့ ပတ်သက်တာတွေလည်း ပြုလုပ်ခဲ့ပါ တယ်။ လွန်ခဲ့တဲ့ သီတင်းပတ်တွေ အတွင်း ထရန့်အစိုးရ လုပ်ဆောင်ခဲ့ တဲ့ လူဝင်မှုကြီးကြပ်ရေးနဲ့ ပတ်သက် တဲ့ ကန့်သတ်ချက်တွေကတော့ ရွှေ့ ပြောင်း အခြေချနေထိုင်သူတွေရဲ့ ကလေးတွေကို အဓိကပစ်မှတ်ထား ဆောင်ရွက်ခဲ့တာပဲ ဖြစ်ပါတယ်။




အမေရိကန်ပြည်ထောင်စုထဲကို တရားမဝင် ဝင်ရောက်နေထိုင်နေတဲ့ ကလေးတွေကို တိုင်းပြည်အတွင်းက နေနှင်ထုတ်ဖို့၊ တိုင်းပြည်အတွင်းကို နောက်ထပ် ဝင်ရောက်လာမယ့် ကလေးတွေကို တားဆီးနိုင်ဖို့ ရည်ရွယ်ပြီး အခုလိုအရေးယူ ဆောင် ရွက်မှုတွေ ပြုလုပ်ခဲ့တာပဲ ဖြစ်တယ်။ သမ္မတထရန့်ဟာ စက်တင်ဘာ အတွင်းမှာပဲ ရွှေ့ပြောင်းနေထိုင်သူ တွေရဲ့ ကလေးတွေကို လက်ခံတဲ့ အစီအစဉ်ကို ရပ်ဆိုင်းဖို့ဆုံးဖြတ်ခဲ့ပြီး တဲ့နောက် ဒီလိုမျိုးမူဝါဒအပြောင်း အလဲတွေ လုပ်ဆောင်ခဲ့တာပဲဖြစ် တယ်။ ၂၀၁၂ ခုနှစ် သမ္မတအိုဘားမား လက်ထက်တုန်းကတော့ အမေရိကန် နိုင်ငံအတွင်း ကလေးငယ်အဖြစ် တရားမဝင် ဝင်ရောက်နေထိုင်ကြတဲ့ လူငယ်တွေကိုလက်ခံခဲ့ပါတယ်။ အဲဒီ ကလေးတွေဟာ အလုပ်လုပ်နိုင်တယ်၊ အမေရိကန်နိုင်ငံအတွင်းမှာ ပညာ သင်ကြားမှုတွေ ပြုလုပ်နိုင်တယ်ဆိုရင် နိုင်ငံအတွင်းကနေ နှင်ထုတ်ခံရမှာ ကို စိုးရိမ်စရာမလိုဘဲ နေထိုင်ဖို့ခွင့်ပြု ပေးထားတယ်။ အဲဒီလူငယ်အရေ အတွက်ဟာဆိုရင် ၈၀၀၀၀၀ နီးပါး ရှိတယ်လို့ သိရပါတယ်။

သမ္မတထရန့် အစိုးရ တက်လာ တဲ့အခါမှာတော့ဒီလိုမဟုတ်တော့ပါ ဘူး။ အမေရိကန်နိုင်ငံအတွင်းမှာ တရားမဝင်နေထိုင်မှုတွေကိုတင်းတင်း ကျပ်ကျပ်ကိုင်တွယ်လာပါတယ်။ ဒီတော့ရွှေ့ပြောင်းအခြေချနေထိုင် သူတွေရဲ့ ကလေးတွေဟာလည်း အရင်လို အခွင့်အရေး မရတော့ပါဘူး။ နယ်စပ်ကို တစ်ဦးတည်းဖြတ်ကျော် လာကြတဲ့ ကလေးငယ်တွေထဲကမှ ဘယ်သူကတော့ အကာအကွယ်ပေးဖို့ ထိုက်တန်တယ်၊ ဘယ်သူကတော့ မလိုဘူးဆိုတာ ကန့်သတ်ဖို့အတွက် နည်းလမ်းတွေ ရှာဖွေနေပါတယ်။ အဖော်မပါဘဲတစ်ဦးတည်း ဝင်ရောက် လာတဲ့ ကလေးအဖြစ်နဲ့ အမေရိကန် နိုင်ငံအတွင်းမှာ နေထိုင်ခွင့်ရဖို့ လူမှောင်ခိုသမားတွေကို ပိုက်ဆံပေး ပြီး ဝင်ရောက်ဖို့ ကြိုးစားကြပါတယ်။ ဒါတွေကို တားဆီးနိုင်ဖို့အတွက် ခြေလှမ်းသစ် စတင်လိုက်တာပဲဖြစ် တယ်။

လူဝင်မှုကြီးကြပ်ရေးစခန်းမှာ ရောက်ရှိနေတဲ့ ကလေးတွေကို ဘယ်လို မျိုးအခြေအနေတွေအောက်မှာ ထားမယ်၊ ဘယ်လောက်ကြာကြာ ထားမယ်ဆိုတဲ့ ကန့်သတ်ချက်တွေ ပြုလုပ်ထားတဲ့ တရားဝင်အကာအကွယ်ပေးမှုတွေကို ပယ်ဖျက်ဖို့အတွက် ထရန့်အစိုးရဟာ နည်းလမ်းတွေ ရှာဖွေနေပါတယ်။ အဲဒီ အချိန်မှာပဲ ပြောင်းလဲသွားတဲ့ လူဝင်မှု ကြီးကြပ်ရေးမူဝါဒဟာ ဘာကြောင့် ကလေးတွေအပေါ်မှာ ပစ်မှတ်ထားရတာ လဲဆိုတဲ့ မေးခွန်းတွေ ပေါ်ထွက်လာပါ တယ်။ ဒေါ်နယ်ထရန့်ဟာ အမေရိကန် နိုင်ငံအတွင်း အခြေချဝင်ရောက်နေ ထိုင်သူတွေကို ဖြိုခွင်းမယ်ဆိုတဲ့ ကြွေးကြော်မှုနဲ့ အတူသမ္မတဖြစ်လာသူပါ။ ယခု သီတင်းပတ်အတွင်းမှာပဲ ဂရင်းကတ် ကိုင်ဆောင်ထားတဲ့ အသက် ၂၉ နှစ် အရွယ် ရွှေ့ပြောင်းအခြေချနေထိုင်သူ တစ်ဦးဟာ နယူးယောက်မြို့မှာ အကြမ်း ဖက်တိုက်ခိုက်မှုလုပ်ဆောင်ခဲ့တဲ့နောက် မှာတော့ သူ့ရဲ့ဆုံးဖြတ်ချက်ဟာ ပိုပြီးတော့ ခိုင်မာလာခဲ့ပါတယ်။ နယူးယောက် မှာအကြမ်းဖက်တိုက်ခိုက်ဖို့ကြံရွယ်ခဲ့တဲ့ လူဟာ သမ္မတထရန့် အခုအဆုံးသတ်ဖို့ ပြုလုပ်နေတဲ့ ဗီဇာထီစနစ် ကနေတစ်ဆင့် ဂရင်းကတ်ကို ရရှိခဲ့တာပဲဖြစ်တယ်။ ကလေးတွေ ရွှေ့ပြောင်းအခြေချနေထိုင် တာနဲ့ ပတ်သက်ပြီးကန့်သတ်မှုတွေ ပြုလုပ်ရတာကတော့ လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုတွေကြောင့်လည်း ပါပါတယ်။ နောက်တစ်ခုကတော့ အမေရိကန် ပြည်ထောင်စုမှာ လာရောက်နေထိုင်ခွင့် ရဖို့အတွက် ကလေးတွေဟာ အန္တရာယ် များတဲ့လမ်းခရီးကိုစွန့်စားပြီးမလာစေ လိုတာရယ်၊ လူငယ်ရွှေ့ပြောင်း နေထိုင် သူတွေအတွက် ပြုလုပ်ထားတဲ့အစီအစဉ် မှတစ်ဆင့်လိမ်လည်မှုတွေကို ဖယ်ရှား ပစ်ချင်တာရယ်စတာတွေကြောင့် အခုလို ပြုလုပ်ရတာပါလို့ထရန့်အစိုးရအဖွဲ့က ပြောပါတယ်။ကလေးတွေအမေရိကန်မှာ တရားမဝင်လာရောက်နေထိုင်ဖို့ မက်လုံး ပေးဆွဲဆောင်မှုတွေကို သမ္မတထရန့် ရပ်တန့်ပစ်လိုက်ချင်ပြီလို့ ရှေ့နေချုပ်က အောက်တိုဘာလအတွင်း တက္ကဆက် ပြည်နယ်မှာ ပြောကြားခဲ့တဲ့မိန့်ခွန်းမှာ ပြောခဲ့ပါတယ်။

ရွှေ့ပြောင်းနေထိုင်သူတွေရဲ့ရှေ့နေ တွေကတော့ ကလေးငယ်တွေနယ်စပ် ဖြတ်ကျော်မှုနဲ့ပတ်သက်ပြီးသမ္မတရဲ့ လုပ်ဆောင်မှုတွေအပေါ်မှာ တစ်မျိုးထင် မြင်ယူဆကြပါတယ်။

ကလေးငယ်တွေဟာ အခြားသော ရွှေ့ပြောင်းနေထိုင်သူတွေထက်တရားဝင် အကာအကွယ်ပေးမှုတွေ ပိုမိုရရှိပြီး အာဏာပိုင်တွေအနေနဲ့ ၎င်းတို့ကို နယ်နှင်ဒဏ်ပေးဖို့လည်း မလွယ်ကူဘူးလို့ သူတို့က ပြောကြပါတယ်။ အစိုးရဟာ ဒီကလေးတွေကို ပဋိပက္ခတွေကြောင့် ထွက်ပြေးလာပြီး ခိုလှုံရာရှာဖွေကြတဲ့ ကလေးတွေလို့မယူဆဘဲ ရာဇဝတ်မှု ကျူးလွန်သူတွေအဖြစ် မြင်ကြတယ်လို့ အမေရိကန်အရပ်ဘက်လွတ်မြောက်ရေး အဖွဲ့မှ ရှေ့နေမိုက်ကယ်တင်က ပြောပါ တယ်။ပြည်သူလူထုက ဒီကလေးငယ်တွေ ကိုခိုလှုံရာရှာဖွေနေတဲ့ ကလေးတွေလို့ မမြင်စေဘဲ၊ မကောင်းဆိုးဝါးအဖြစ်ရှုမြင် စေဖို့အစိုးရလုပ်ဆောင်နေတာပဲလို့ သူက ပြောပါတယ်။ နယ်စပ်ကနေဖြတ်ကျော်ပြီး အမေရိကန်နိုင်ငံအတွင်းကို ခိုးဝင်ဖို့ကြိုး စားသူတွေကို နှိမ်နင်းဖို့ကြိုးစားသူဟာ ထရန့်တစ်ဦးတည်းတော့ မဟုတ်ပါဘူး။ သမ္မတအိုဘားမားဟာလည်း ဒီလိုတရား မဝင် ဝင်ရောက်လာသူတွေကို ဖယ်ရှား ပစ်ဖို့ အလေးထားဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၄ ခုနှစ်မှာ အမေရိကန်-မက္ကဆီကို နယ်စပ်ကနေ ဝင်ရောက်ဖို့ကြိုးစားတဲ့ လူငယ်ရွှေ့ပြောင်းနေထိုင်သူ အရေ အတွက်ဟာ ၆၈၀၀၀ ကျော် ရှိလာတဲ့ အခါ ဒီလူငယ်ရွှေ့ပြောင်းနေထိုင်သူတွေ ကို ဖယ်ရှားပစ်ဖို့ ဦးစားပေး ဆောင်ရွက် ခဲ့ပါတယ်။

သမ္မတထရန့်ကတော့အိုဘားမားရဲ့ မူဝါဒတွေဟာအလုပ်မဖြစ်ဘူး၊ သူသမ္မတ ဖြစ်လာတဲ့အခါကျရင် ဒီထက်ပိုပြီး တင်းကျပ်မယ်လို့ မဲဆွယ်စည်းရုံးခဲ့ပါ တယ်။ ၂၀၁၇ ခုနှစ် ထရန့်အမေရိကန် သမ္မတဖြစ်လာတဲ့အခါ တရားမဝင် ဝင်ရောက်နေထိုင်တဲ့ကလေးငယ်ဦးရေ ဟာကျဆင်းလာပါတယ်။ ဒါပေမယ့်လည်း ဖမ်းဆီးတဲ့အရေအတွက်ကတော့ ပိုမို များပြားလာပါတယ်။ဩဂုတ်လအတွင်း မှာပဲ တရားမဝင်နေထိုင်တဲ့ကလေး ၃၀၀၀ ကိုဖမ်းဆီးခဲ့တယ်လို့ အစိုးရအချက် အလက်တွေအရ သိရပါတယ်။ အခု အမေရိကန်အစိုးရရဲ့လုပ်ဆောင်မှုတွေက နယ်စပ်ကနေတစ်ဆင့်ကလေးတွေတရား မဝင် ဝင်ရောက်နေထိုင်တာကို တားဆီးဖို့ တင်မဟုတ်ပါဘူး။ အမေရိကန်မှာနေထိုင် နိုင်ခွင့်နဲ့ ပတ်သက်ပြီး ကန့်သတ်ဖို့တွေပါ ဝင်ပါတယ်။ အဲဒီအထဲကမှ ပစ်မှတ် တစ်ခုကတော့ ရွှေ့ပြောင်းနေထိုင်သူ လူငယ်တွေနဲ့ပတ်သက်တဲ့ အထူးအခွင့် အရေးအခြေအနေနဲ့ပါပဲ။ အဲဒီအစီအစဉ် ကို SIJS လို့လည်း အတိုကောက်ခေါ် ပါတယ်။ အဲဒီအစီအစဉ်ဟာ စွန့်ပစ်ခံရတဲ့၊ လျစ်လျူရှုခံရတဲ့ ကလေးတွေနဲ့ပတ်သက် တဲ့ အစီအစဉ်ပဲ ဖြစ်တယ်။ ကလေးငယ် တွေဟာသူတို့ နှိပ်စက်ခံရတယ်၊ စွန့်ပစ် ခံရတယ်လို့ သက်သေပြနိုင်ရင်သူတို့ဟာ ဂရင်းကတ် လျှောက်ထားခွင့်ရရှိပါတယ်။ SIJS အစီအစဉ်မှာ လျှောက်ထားသူဦး ရေဟာလည်း တစ်ဟုန်ထိုး တိုးတက်များ ပြားလာခဲ့ပါတယ်။ လျှောက်ထားသူဦးရေ ဟာ ၂၀၁၆ ခုနှစ်မှာ ၁၉၄၇၅ ဦးထိတိုးမြင့် လာပါတယ်။ရွှေ့ပြောင်းနေထိုင်သူတွေ ရဲ့ ရှေ့နေတွေဟာ ဒီအခွင့်အရေးကို ကောင်းကောင်းအသုံးချလာခဲ့ကြတယ် လို့ အိမ်ဖြူတော်က ပြောပါတယ်။ ရှေ့နေတွေဟာ နှိပ်စက်ခံရတာမျိုး၊ စွန့်ပစ်ခံရတာမျိုးမရှိတဲ့ ကလေးငယ် တွေကိုလည်း စွန့်ပစ်ခံရသယောင်နဲ့ ဒီအခွင့်အရေးကို လက်လွတ်မခံဘဲ အရယူကြတယ်လို့ ဆိုပါတယ်။ ဒါကြောင့် အစိုးရဟာ ဒီအစီအစဉ်ကို ကန့်သတ်ဖို့ ဦးတည်ဆောင်ရွက်နေ တာပဲ ဖြစ်တယ်။

အသက် ၂၀ အရွယ်ရှိဒရူဆီလာ ဟာ အမေရိကန်ကိုပြောင်းရွှေ့အခြေ ချ နေထိုင်သူဖြစ်ပြီး သူ့အမေဟာ သူ့ ကို ဂွါမေကာကနေ အမေရိကန်ထဲကို တရားမဝင် ခိုးသွင်းခဲ့တာပါ။ အဲဒီ နောက်မှာတော့ သူ့အမေဟာသူ့ကို လျစ်လျူရှုခဲ့တယ်လို့ ဒရူဆီလာက ဆိုပါတယ်။ အဲဒီနောက်မှာတော့ သူဟာ အဒေါ်ဖြစ်သူနဲ့အတူ နယူး ယောက်ကိုလိုက်လာခဲ့ပြီး SIJS အစီ အစဉ်နဲ့အမေရိကန်မှာ ဆက်လက် နေထိုင်ခွင့်ရရေး လျှောက်ထားခဲ့ပါ တယ်။ ဒါပေမယ့်လည်း သူ့ရဲ့အသနား ခံလျှောက်ထားမှုဟာ အဆင်ပြေပါ့ မလား။ ဒီလိုမျိုးလျှောက်ထားသူတွေ ဟာလည်း အများကြီးပါပဲ။ မက္ကဆီကို နယ်စပ်ကနေတစ်ဆင့် ခိုးဝင်တဲ့ လူတွေနဲ့ လူမှောင်ခိုသမားတွေ ကြောင့်အမေရိကန်ကို ခိုးဝင်တဲ့ လူဦး ရေတွေများပြားခဲ့ပြီး အမေရိကန် အတွက်လည်း စိန်ခေါ်မှုတစ်ရပ်ပါပဲ။ အမေရိကန်- မက္ကဆီကိုနယ်စပ်မှာ တံတိုင်းခတ်ဖို့အရေး ကုန်ကျစရိတ်နဲ့ ပတ်သက်ပြီးလည်း သူပေးရမယ် ငါပေးရမယ်နဲ့ နှစ်ဖက်ညှိနှိုင်းလို့မရ ဖြစ်နေပါတယ်။ သမ္မတထရန့်ကတော့ တရားမဝင် နေထိုင်သူတွေကို တိုက်ဖျက်ချင်တာကတော့ အမှန်ပါပဲ။ ပိုဆိုးတာက ဂရင်းကတ်ကိုင်ဆောင် ထားတဲ့လူက နယူးယောက်မှာ အကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်ခဲ့ တော့ သမ္မတထရန့်ကိုလုံခြုံရေးနဲ့ ပတ်သက်ပြီး ပိုပြီးစိတ်ပူစေခဲ့တယ် ဆိုရင်လည်း မမှားပါဘူး။ ဘာပဲ ပြောပြော အမေရိကန် လူဝင်မှု ကြီးကြပ်ရေးနဲ့ပတ်သက်ပြီး ယခင်က ထက် ပိုမိုတင်းကျပ်လာတာကတော့ အမှန်ပါပဲ။ **ကိုးကား-ရိုက်တာ**

> **“သမ္မတထရန့် အစိုးရတက်လာတဲ့အခါမှာတော့ဒီလိုမဟုတ်တော့ပါဘူး၊ အမေရိကန် နိုင်ငံအတွင်းမှာ တရားမဝင်နေထိုင်မှုတွေကို တင်းတင်းကျပ်ကျပ်ကိုင်တွယ်လာပါ တယ်၊ ဒီတော့ ရွှေ့ပြောင်းအခြေချနေထိုင်သူတွေရဲ့ ကလေးတွေဟာလည်း အရင်လို အခွင့်အရေး မရတော့ပါဘူး”**

# အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို အမျိုးသားလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

၈။ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေပုဒ်မ၁၁၊ ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၁။(ခ) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ သက်တမ်းသည် သုံးနှစ်ဖြစ်သည်။"

၉။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၂။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည် တိုင်ကြားလာသည့် သို့မဟုတ် လက်ခံရရှိသည့် အငြင်းပွားမှုအား ပြေငြိမ်းစေရေးအတွက် သတ်မှတ်ချက်များနှင့်အညီသတ်မှတ်ကာလအတွင်း ဖျန်ဖြေဆောင်ရွက်ရမည်။"

၁၀။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး မူလဥပဒေပုဒ်မ ၁၂ ၏ နောက်တွင် ပုဒ်မ ၁၂-က ကိုအောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၁၂-က။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ၊ နည်းဥပဒေများ၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် အကျုံးမဝင်သည့် အငြင်းပွားမှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဦးစီးဌာနများ၊ စီရင်ပိုင်ခွင့်ရှိသောတရားရုံးသို့ လျှောက်ထားနိုင်ရန် သက်ဆိုင်ရာ အလုပ်ရှင်အလုပ်သမားများထံသို့ အသိပေးရမည်။"

၁၁။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၁၃ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၃။ ဝန်ကြီးဌာနသည် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ ခုံသမာဓိအဖွဲ့များ၊ ခုံကောင်စီအဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းနှင့် ယင်းတို့ကို ပြင်ဆင်ခြင်း ကိစ္စရပ်များအား ဆောင်ရွက်ရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် အုပ်ချုပ်မှုဆိုင်ရာ ကူညီထောက်ပံ့မှုပေးရမည်။"

၁၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၄ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၄။ မြန်မာနိုင်ငံအတွင်းတည်ထောင်ထားရှိသည့် အထူးစီးပွားရေးဇုန်တွင်အငြင်းပွားမှုများ ညှိနှိုင်းဖြေရှင်းရေးအတွက် သီးခြားဥပဒေပြဋ္ဌာန်းချက် မရှိလျှင် ဝန်ကြီးဌာနသည် ပုဒ်မ၁၀ပါအတိုင်းအထူးညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းရမည်။"

၁၃။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၆ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၆။(က) ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့ကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(၁) သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် မြို့နယ်အဆင့် အလုပ်ရှင်အဖွဲ့အစည်းများက ရွေးချယ်သောပုဂ္ဂိုလ် ငါးဦး — အဖွဲ့ဝင်

(၂) သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် မြို့နယ်အဆင့် အလုပ်သမားအဖွဲ့အစည်းများက ရွေးချယ်သောပုဂ္ဂိုလ် ငါးဦး — အဖွဲ့ဝင်

(၃) ဝန်ကြီးဌာနက တာဝန်ပေးအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ကိုယ်စားလှယ်ငါးဦးတို့ဖြင့် ဖွဲ့စည်းရမည်။ — အဖွဲ့ဝင်

(၄) ထိုဖွဲ့စည်းပြီးသော ကိုယ်စားလှယ်များပါဝင်သည့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့ဝင်များထဲမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို အဖွဲ့ဝင်များ၏ ဆန္ဒမဲဖြင့် ရွေးချယ်ရမည်။

(ခ) ဝန်ကြီးဌာနသည် နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေ တစ်ခုခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ရွေးချယ်တင်မြှောက်လိုက်သော ခုံသမာဓိအဖွဲ့အမည်စာရင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းနိုင်သည်။"

၁၄။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၇။(ခ) ခုံသမာဓိအဖွဲ့၏သက်တမ်းသည် သုံးနှစ်ဖြစ်သည်။"

၁၅။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ၁၉ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၉။ ဝန်ကြီးဌာနသည် ဥပဒေရေးရာကျွမ်းကျင်သူများနှင့် အလုပ်သမားရေးရာ ကျွမ်းကျင်သူများထဲမှ ကိုယ်ကျင့်တရား ကောင်းမွန်သည့်ပုဂ္ဂိုလ် ၁၅ ဦး ပါဝင်သော အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိကောင်စီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ဝန်ကြီးဌာနက ရွေးချယ်သော ပုဂ္ဂိုလ် ငါးဦး၊

(ခ) နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေ၊တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အလုပ်ရှင်အဖွဲ့ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် မြို့နယ်အဆင့် အလုပ်ရှင် အဖွဲ့အစည်းများက ပူးပေါင်းရွေးချယ်သောပုဂ္ဂိုလ် ငါးဦး၊

(ဂ) နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် မြို့နယ်အဆင့် အလုပ်သမားအဖွဲ့အစည်းများက ပူးပေါင်းရွေးချယ်သောပုဂ္ဂိုလ် ငါးဦး၊

(ဃ) ထိုဖွဲ့စည်းပြီးသော ကိုယ်စားလှယ်များ ပါဝင်သည့် ခုံသမာဓိကောင်စီဝင်များထဲမှဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့ကို အဖွဲ့ဝင်များ၏ ဆန္ဒမဲဖြင့် ရွေးချယ်ရမည်။"

၁၆။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၀။(ခ) ခုံသမာဓိကောင်စီ၏ သက်တမ်းသည် သုံးနှစ်ဖြစ်သည်။"

၁၇။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၁။(ခ) လက်ခံရရှိသည့် အငြင်းပွားမှုအား ကြားနာစစ်ဆေးရန် ပုဒ်မ၁၉ပါ ပုဂ္ဂိုလ်များအနက်မှ ကိုယ်စားပြုအဖွဲ့အစည်းတစ်ခုစီမှ ပုဂ္ဂိုလ်တစ်ဦးစီပါဝင်သော သုံးဦးပါခုံအဖွဲ့ကို သတ်မှတ်ချက်နှင့်အညီ ဖွဲ့စည်းပေးခြင်းနှင့် စစ်ဆေးဆုံးဖြတ်စေခြင်း၊"

၁၈။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၂။(က) ဝန်ကြီးဌာနသည် ခုံသမာဓိကောင်စီက ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ သတ်မှတ်ရမည်။"

၁၉။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၃။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ သို့မဟုတ် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီသည် အငြင်းပွားမှုများဖြေရှင်းရာတွင်တည်ဆဲအလုပ်သမားဥပဒေများမှ ပြဋ္ဌာန်းချက်များအပေါ်တွင်သာ အဓိကထား စဉ်းစားဆုံးဖြတ်ရမည်။"

၂၀။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၂၄ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၄။ အငြင်းပွားမှုနှင့်စပ်လျဉ်း၍ အလုပ်ရှင် သို့မဟုတ် အလုပ်သမားတစ်ဖက်ဖက်၏ တိုက်ကြားချက်အရ ဖြစ်စေ၊ ဝန်ကြီး၏ အကြောင်းကြားချက်အရဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အကြောင်းကြားချက်အရ ဖြစ်စေ၊ အခြားနည်းလမ်းတစ်ခုခုအရဖြစ်စေ သိရှိသည့် သို့မဟုတ် လက်ခံရရှိသည့် အငြင်းပွားမှုကို သက်ဆိုင်ရာညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အငြင်းပွားမှုနှင့်စပ်လျဉ်း၍ သိရှိသည့် သို့မဟုတ် လက်ခံရရှိသည့် နေ့ရက်မှ ခုနစ်ရက်အတွင်း ပြေငြိမ်းစေရန် ဖျန်ဖြေပေးခြင်း၊

(ခ) ပုဒ်မခွဲ(က)အရ ဖျန်ဖြေရာတွင် ပြေငြိမ်းမှုရရှိပါက ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်တွင် နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုစေခြင်း၊

(ဂ) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ရှေ့မှောက်တွင် ချုပ်ဆိုသည့် နှစ်ဖက်သဘောတူစာချုပ်ဖောက်ဖျက်လျှင် ဦးစီးဌာနမှ တာဝန်ပေးအပ်သည့်အရာရှိက ဖောက်ဖျက်သည့်ဘက်ကို တရားစွဲရမည်။"

၂၁။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၂၅ တွင်ပါရှိသော "စုပေါင်းအငြင်းပွားမှုကို" ဆိုသည့်စကားရပ်ကို "အငြင်းပွားမှုကို" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၂။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၂၆ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၆။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည် ဖျန်ဖြေရေးဆောင်ရွက်ရာတွင် ပြေငြိမ်းမှုမရသည့် အချက်များအပေါ် သုံးသပ်အကြံပြုချက်ပါဝင်သော အသေးစိတ် အစီရင်ခံစာနှင့်အတူ အမှုတွဲအား တရားဝင်ရုံးပိတ်ရက်များမပါ နှစ်ရက်အတွင်း သက်ဆိုင်ရာခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရမည်။"

၂၃။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၂၇ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၇။ သက်ဆိုင်ရာခုံသမာဓိအဖွဲ့သည် ပုဒ်မ ၂၆ အရ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က လွှဲအပ်သော အငြင်းပွားမှုအား လက်ခံရရှိသည့် နေ့ရက်မှ ခုနစ်ရက်အတွင်း ဆုံးဖြတ်ချက် ချမှတ်ရမည်ဖြစ်ပြီး တရားဝင်ရုံးပိတ်ရက်များမပါ နှစ်ရက်အတွင်း သက်ဆိုင်ရာ အငြင်းပွားသူများထံ ဆုံးဖြတ်ချက်ပေးပို့ရမည်။ မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနှင့် သက်ဆိုင်သည့်ဆုံးဖြတ်ချက်ဖြစ်ပါက ဝန်ကြီးနှင့်သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့ မိတ္တူပေးပို့ရမည်။"

၂၄။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၈။ မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်မှတစ်ပါး ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို မကျေနပ်ပါက အငြင်းပွားသူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့် နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားခြင်း၊

(ခ) အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ်မှောက်ခြင်းကို သက်ဆိုင်ရာ ဥပဒေအရပြုလုပ်ခြင်း။"

၂၅။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၃၁၊ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၁။ (က) ပုဒ်မ ၂၈၊ ပုဒ်မခွဲ(က) အရ လျှောက်ထားသည့် အငြင်းပွားမှုကို လက်ခံရရှိသည့်နေ့ရက်မှ ၁၄ ရက်အတွင်း ဆုံးဖြတ်ချက်ချမှတ်ရမည်။"

၂၆။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ၃၂၊ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၂။ (က) ပုဒ်မ ၂၉ အရ လျှောက်ထားသည့် အငြင်းပွားမှုကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ဆုံးဖြတ်ချက်ချမှတ်ရမည်။"

၂၇။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၃၃ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၃၃။ ခုံသမာဓိကောင်စီသည် ပုဒ်မ၃၂၊ပုဒ်မခွဲ(က)အရ ခုံအဖွဲ့က ချမှတ်သော ဆုံးဖြတ်ချက်မိတ္တူကို ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ နေပြည်တော်အပါအဝင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသဦးစီးအဖွဲ့များထံပေးပို့ရမည်။"

၂၈။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၃၄ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၃၄။ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို နှစ်ဖက်အငြင်းပွားသူများက သဘောတူလျှင် သို့မဟုတ် အငြင်းပွားသူတစ်ဖက်ဖက်က သတ်မှတ်ကာလအတွင်း ခုံသမာဓိကောင်စီသို့ တင်ပြလျှောက်ထားခြင်းမရှိလျှင် ယင်းဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့မှစ၍ အတည်ဖြစ်သည်။"

၂၉။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၃၆ တွင် ပါရှိသော "သုံးလကျော်လွန်ပါက" ဆိုသည့်စကားရပ်ကို " ရက်ပေါင်း၉၀ ကျော်လွန်ပါက" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၀။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၈။ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့သည် တောင်းဆိုတိုင်ကြားချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းဖြေရှင်းရန် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ချိန်းဆိုသည့်နေ့ရက်၊အချိန်တွင် ကာယကံရှင် အလုပ်ရှင်နှင့်အလုပ်သမားများ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြစ်စေ၊ တက်ရောက်ရန် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ပျက်ကွက်ခြင်း မရှိစေရ။"

၃၁။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၃၈ ၏နောက်တွင် ပုဒ်မ ၃၈-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၃၈-က။ မည်သည့်အလုပ်ရှင်၊အလုပ်သမားမျှ ပုဒ်မ၃ ပါပြဋ္ဌာန်းချက်နှင့်အညီ ညှိနှိုင်းရေးကော်မတီဖွဲ့စည်းရန် ပျက်ကွက်ခြင်းမရှိစေရ။"

၃၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၃၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၉။ မည်သည့်အလုပ်ရှင်မျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က အငြင်းပွားမှုစစ်ဆေးနေစဉ် ထိုအငြင်းပွားမှု မစမီ တစ်ဆက်တည်း အချိန်က ချမှတ်ထားသော အလုပ်သမားများနှင့် သက်ဆိုင်သည့် ဝန်ထမ်းစည်းကမ်းများကို ၎င်းအလုပ်သမားများ၏ အကျိုးထိခိုက်စေရန် ရုတ်တရက် ပြောင်းလဲခြင်းမပြုရ (သို့မဟုတ်) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ အလုပ်ပိတ်ခြင်းမပြုရ။"

၃၃။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၃၉ ၏နောက်တွင် ပုဒ်မ ၃၉-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

*(ဆက်လက်ဖော်ပြပါမည်)*

# ကျွန်တော်နဲ့ ဆယ်နှစ်ကာလ

● ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက် ●



အချိန်ကလည်း အကုန်မြန်လိုက်တာ။ အသက်ကြီးလာလို့ ထင်ပါရဲ့။ အချိန်ကာလကို ပိုပြီး သတိထားလာတယ်။ တန်ဖိုးထားလာတတ်တယ်။ ကျွန်တော် မိသားစုနဲ့အတူ မြန်မာပြည် ပြန်ရောက်တာ ၁၀ နှစ်တင်းတင်း ပြည့်ခဲ့ပြီ။ ကျွန်တော် ၁၉၉၂ ခုနှစ်က မြန်မာပြည်က ထွက်ခွာပြီး ကုလသမဂ္ဂ အဖွဲ့အစည်းမှာ တာဝန်ယူခဲ့တယ်။ အငြိမ်းစားကို ၂၀၀၇ ခုနှစ်မှာ ယူခဲ့ပြီး ပြန်လာခဲ့တယ်။ အငြိမ်းစားယူပြီး ကျွန်တော်နဲ့ မိသားစုက မြန်မာပြည်ပြန်ဖို့ပဲ စိတ်ကူးရှိတာ။ အပြင်မှာနေဖို့ စိတ်မကူးခဲ့ဘူး။ ကိုယ့်နိုင်ငံပြန်ပြီး တတ်နိုင်သလောက် လုပ်ပေးမယ်။ လုပ်နိုင်သလောက် လုပ်ဖို့ ဆုံးဖြတ်ခဲ့တာ။ တစ်ဖက်ကလည်း သမီးငယ်ကို မြန်မာအကြောင်း သိစေချင်တဲ့ စေတနာလည်း ပါခဲ့တာ။ အငြိမ်းစား ယူခဲ့ပေမယ့် နားဖို့လည်း မစဉ်းစားမိခဲ့ဘူး။ ကျန်းမာရေး ကောင်းသလောက် လုပ်ဖို့သာ အာရုံရှိခဲ့တာ။

၂၀၀၇ ခုနှစ်ကနေ အခုအထိ ဆယ်နှစ်အတွင်း မြန်မာပြည်မှာ အကြီးအကျယ် ပြောင်းလဲခဲ့သလို ဒီဆယ်နှစ်အတွင်းမှာလည်း ကျွန်တော်နဲ့ ကျွန်တော်တို့ မိသားစုဟာလည်း ထူးထူးခြားခြား ပြောင်းလဲခဲ့တယ်။ ကျွန်တော်တို့ ၂၀၀၇ ခုနှစ်မှာ အပြီးအပိုင် ပြန်လာခဲ့ပေမယ့် အခွင့်ရေးရတိုင်း ခွင့်နဲ့ အိမ်ပြန်လာခဲ့တာမို့ မျက်ခြည်မပြတ်ခဲ့မိဘူး။ ပြန်လာတဲ့ အခါတိုင်းလည်း ကျွန်တော်ချစ်တဲ့ တက္ကသိုလ်မှာ ဟောပြောပွဲတွေ လုပ်ပေးခဲ့တယ်။

ကျွန်တော်တို့ ပြန်ရောက်ပြီး မကြာခင်မှာ ရွှေဝါရောင်တော်လှန်ရေး ဖြစ်ခဲ့တယ်။ အခြေအနေတွေက တင်းမာနေတာမို့ အိမ်ထဲမှာပဲနေခဲ့တယ်။ ဒါပေမယ့်ညနေပိုင်း ကျွန်တော်တို့အိမ်အနီးရှိတဲ့ အင်းယားလမ်းမီးပွိုင့်ကို လင်မယားနှစ်ယောက် မိုးထဲမှာ လမ်းလျှောက်ပြီး သွားခဲ့တယ်။ မကြာမီ လှည်းတန်းက လှုပ်ရှားမှုမှာ ပါဝင်တဲ့ သံဃာတွေ ချီတက်လာတာကို တွေ့ရတယ်။ မေတ္တာဝေပြီး ချီတက်လာကြတဲ့ သံဃာတွေကို ကြည့်ပြီး စိတ်ထဲမှာ အကြီးအကျယ် ခံစားရတယ်။ တစ်ဦးနဲ့တစ်ဦး လက်တွဲကြပြီး အခုလို မေတ္တာပို့နေကြတာကို မြင်ရတော့ ရင်ထဲမှာ နာကျင်မိတယ်။ မျက်ရည်တောင်ကျမိတယ်။ ဇနီးသည်ကလည်း စိတ်မကောင်းဘူး။ သံဃာတွေ မီးပွိုင့်ကျော်ပြီး တက္ကသိုလ်ရိပ်သာလမ်းအမှတ် (၅၄) ကို ချီတက်ကြတယ်ဆိုတာ သိရပြန်တော့ စိတ်ပူစိုးရိမ်မိပြန်တယ်။ ဒီတုန်းက ရွှေတောင်ကြားလမ်း ထိပ်ကစပြီး လမ်းတိုင်းတားပြီး လုံခြုံရေးတပ်ဖွဲ့တွေ ချထားတယ်။ အခုလို တားဆီးထားတာကို ဖြတ်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ဖို့ စဉ်းစားနေကြတာမို့ ပြဿနာ အကြီးအကျယ် ဖြစ်တော့မှာကို ပူပန်မိတယ်။ သွေးမြေမကျစေချင်တော့ဘူး။ နားလည်မှုတွေ၊ သည်းခံမှုတွေ၊ ခွင့်လွှတ်မှုတွေ ရှိကြပါစေလို့ တဖွဖွ ဆုတောင်းနေမိတယ်။ နောက်မှာ လုံခြုံရေးအဖွဲ့တွေ ခွင့်ပေးလို့ သံဃာတော်တွေ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ရပြီး ပဋိပက္ခမဖြစ်ခဲ့တာမို့ စိတ်သက်သာရမိတယ်။ ဂြိုဟ်တုက ရုပ်ပုံတွေ မြင်ရပြန်တော့ ရွှေတိဂုံဘုရားမှာ ဖြစ်နေတဲ့ အနေအထားတွေကို သိရပြန်တယ်။ ဒီတုန်းက Facebook သာရှိရင် ဘယ်လိုများ ဖြစ်မလဲလို့ စဉ်းစားမိတယ်။ ရေသန့်ဘူးတွေ ဝေပေးနေကြသူတွေ၊ အစားအသောက်တွေ ဝေနေကြသူတွေကို ကျေးဇူးတင်မိပြီး သာဓုခေါ်ခဲ့ပါတယ်။

ကျွန်တော်က ၂၀၀၇ မကုန်မီ အီတလီနိုင်ငံ တူရင်းမြို့ကို သုံးလ ပြန်သွားခဲ့တယ်။ တာဝန်ယူခဲ့တဲ့ ကုလသမဂ္ဂ ဝန်ထမ်းတက္ကသိုလ်မှာ အလုပ်တာဝန်တစ်ခု ဆောင်ရွက်ဖို့။ ဒါကြောင့် နှစ်ကုန်ခါနီးမှာ မြန်မာပြည် ပြန်လာခဲ့ပြန်တယ်။ ၂၀၀၈ ခုနှစ်က စပြီး ရန်ကုန်မှာ အခြေစိုက်တဲ့ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့မှာ အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ဆက်ယူခဲ့တယ်။ တစ်ဖက်ကလည်း စီးပွားရေး တက္ကသိုလ်မှာ စာတွေသင်ခဲ့တယ်။ သမီးကလည်း ရန်ကုန်မြို့မှာ ကျောင်းပြန်တက်တယ်။ မကြာမီ နာဂစ်နဲ့ ဆုံပြန်တယ်။ ကျွန်တော် ထင်ထင်ရှားရှား မှတ်မိသေးတယ်။ မေလ ၁ ရက်နေ့ ရုံးမှာရှိတဲ့ ကွန်ပျူတာက တစ်ဆင့် ဂြိုဟ်တုက မြင်တဲ့ပုံထဲမှာ နာဂစ်မုန်တိုင်း တဖြည်းဖြည်း မြန်မာနိုင်ငံကို ရွေ့လာတာကို ထင်ထင်ရှားရှား မြင်ခဲ့ရတယ်။ ဒါပေမယ့် စိတ်ထဲမှာ သိပ်ပြီး စိတ်မပူမိဘူး။ ညနေဘက်ကြပြန်တော့ လင်မယားနှစ်ယောက် အင်းယားလိတ်ဟိုတယ်မှာ ကျင်းပတဲ့ မင်္ဂလာညစာစားပွဲ တက်ခဲ့တယ်။ ည ၈ နာရီကျော်လောက် ညီတော်မောင်လုပ်တဲ့သူက အစ်ကိုတို့ ဘယ်မှာလဲ။ လေမုန်တိုင်း ကျတော့မယ်ဆိုပြီး ပြောမှ အိမ်ကို ပြန်ခဲ့ကြကာ ညဘက်ကျတော့ အကြီးအကျယ် လေပြင်းတွေ၊ မိုးတွေရွာပြီး အိမ်ကမှန်တွေလည်း အားလုံးကွဲကုန်တယ်။ အိမ်ရှေ့က သစ်ပင်တွေလည်း ပြိုလဲခဲ့တယ်။

နာဂစ်မှာ ကျွန်တော့်ကို တာဝန်တွေ ပေးခဲ့ပါတယ်။ သုံးပွင့်ဆိုင်အဖွဲ့အစည်းနဲ့ ပတ်သက်ပြီး သင်တန်းတွေ လုပ်ပေးနိုင်ခဲ့တယ်။ နိုင်ငံတကာ အဖွဲ့အစည်းတွေကတစ်ဆင့် ပြည်တွင်း အရပ်ဘက် လူ့အဖွဲ့အစည်းတွေကို ကွင်းဆင်း သုတေသနပြုဖို့ အထောက်အပံ့တွေ ပေးနိုင်ခဲ့တယ်။ ဒီအထဲ အထိတ်တလန့်ဖြစ်ခဲ့တဲ့ ဖြစ်ရပ်တစ်ခုကို အမှတ်မထင် ကြုံတွေ့ခဲ့ရတယ်။ စာရင်းကောက် အရပ်ဘက် လူ့အဖွဲ့အစည်းတွေအနက် တစ်ဖွဲ့က ရန်ကုန်မြို့အလုံလမ်းမှာရှိတဲ့ ပိုးကရင်အဖွဲ့။ သူတို့ကို လိုအပ်တဲ့ သင်တန်းတွေပေးပြီး နာဂစ်ဖြစ်တဲ့ နေရာတွေ စာရင်းကောက်ဖို့ လွှတ်ခဲ့တယ်။ သူတို့အနေနဲ့ ကရင်လူမျိုးတွေ ဖြစ်တာမို့ နယ်မြေ ကျွမ်းတယ်။ ဒါကြောင့်လည်း ချောင်ကြိုချောင်ကြား ခရီးထွက်ခဲ့ကြတယ်။ ကရင်လူငယ် ၂၅ ကျော် အခုလို ခရီးသွားနေတာကို သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့တွေနဲ့ ကြိုတင်ညှိနှိုင်းမှု မရှိတာမို့ ညဥ့်နက်မှာ ဖုန်းလာပြီး ကျွန်တော်တို့တော့ အထိန်းသိမ်းခံနေရပြီး ကူညီပါလို့ ပြောတာနဲ့ နေပြည်တော်ကို အကြောင်းကြား၊ အကျိုးအကြောင်းကို ရှင်းပြပြီး ထိန်းသိမ်းခံရတဲ့ သူတွေကို လွှတ်အောင် ဆောင်ရွက်နိုင်ခဲ့တယ်။ ခေတ်တစ်ခေတ်မှာ ကြုံရတဲ့ စိန်ခေါ်မှုတွေ ဖြစ်တယ်။

နာဂစ်ဒဏ်ကို ခံခဲ့ရတဲ့ လူငယ်အချို့ရဲ့ စိတ်ပိုင်းဆိုင်ရာ အားပေးမှု လုပ်ငန်းတွေကိုလည်း ဆောင်ရွက်ခဲ့တယ်။ ဒီအလုပ်တွေ လုပ်ရင်း အရပ်ဘက် လူ့အဖွဲ့စည်းတွေနဲ့ ရင်းနှီးခဲ့ရပြန်တယ်။

ကျွန်တော် နိုင်ငံခြားမှာ ရှိကတည်းက Egress အဖွဲ့နဲ့ ရင်းနှီးခဲ့တယ်။ တူဖြစ်သူ ဒေါက်တာ ထွန်းသူရသက်က တစ်ဆင့် ဒေါက်တာ နေဝင်းမောင်နဲ့ ရင်းနှီးခဲ့တယ်။ ကျန်တဲ့ Egress တည်ထောင်ခဲ့သူ ခြောက်ဦးနဲ့လည်း သိကျွမ်းခဲ့တယ်။ ကျွန်တော်က နိုင်ငံခြားမှာ ရှိပေမယ့် သူ့ရဲ့ သင်တန်းတွေနဲ့ ပတ်သက်ပြီး သင်ရိုးညွှန်းတမ်းတွေ ရေးဆွဲပေးခဲ့တာ။ ရန်ကုန်ပြန်ရောက်ပြီး Egress မှာ သင်တန်းတွေ သင်ပေးခဲ့တယ်။ လူငယ်တွေရဲ့ အရည်အသွေးမြှင့် လုပ်ငန်းတွေကို ဝင်ရောက် လုပ်ပေးနိုင်တာမို့ အားရကျေနပ်မိတယ်။

၂၀၀၈ နောက်ပိုင်းမှာ ကျွန်တော့်ကို ကုလသမဂ္ဂဌာနေညှိနှိုင်းမှုရုံးမှာ တာဝန်ပေးခဲ့ပြန်တယ်။ တစ်ဖက်မှာလည်း ပုဂ္ဂလိက လုပ်ငန်းတွေအတွက် အကြံတွေပေးခဲ့တယ်။ ဟောပြောပွဲတွေလည်း မကြာခဏ လုပ်ခဲ့တာ။ တက္ကသိုလ်မှာလည်း စာသင်မပျက်။ ဒီအလုပ်က ကျွန်တော် ဝါသနာပါတဲ့ အလုပ်။ ၂၀၁၀ အပြီးမှာ ကျွန်တော့်ကို ပြည်သူ့လွှတ်တော်ကော်မရှင်မှာ အဖွဲ့ဝင်အဖြစ် တာဝန်ပေးခဲ့တယ်။ နောက်ပိုင်းမှာ စီးပွားရေးအကြံပေးအဖြစ် တာဝန်ယူခဲ့ရတယ်။ တစ်ဖက်ကလည်း နိုင်ငံခြားတက္ကသိုလ်တွေမှာ အလုပ်လုပ်ခွင့် ရခဲ့ပြန်တယ်။

၂၀၁၆ ခုနှစ်ကစပြီး ကျွန်တော်က အစိုးရအသစ်ရဲ့ ငြိမ်းချမ်းရေးကော်မရှင်မှာ ပါဝင်ခွင့် ရခဲ့တယ်။ နိုင်ငံရေးနဲ့ စီးပွားရေး ဆက်စပ်မှုကို ဖော်ထုတ်ခွင့် ရခဲ့တယ်။ ဒုတိယ သမ္မတ ဦးမြင့်ဆွေရဲ့ မောင်တောကော်မရှင်မှာ ပါခွင့်ရခဲ့ပြန်တယ်။ အခုတော့ UEHRD မှာ ပါဝင်ပတ်သက်ခွင့်ရခဲ့တယ်။

ဒီဆယ်နှစ်ကာလကို ပြန်သုံးသပ်ရင် ကျွန်တော့်ရဲ့ ဘဝ အပြောင်းအလဲတွေ ဖြစ်ခဲ့သလို ဒီဆယ်နှစ်အတွင်း နိုင်ငံမှာ အလွန်ကြီးကျယ်တဲ့ ပြောင်းလဲမှု သုံးရပ် ရှိခဲ့တယ်။ တပ်မတော် အစိုးရလက်ထက် မြန်မာပြည် ပြန်ရောက်တဲ့ ကျွန်တော်ဟာ ဦးသိန်းစိန် အစိုးရကို မြင်ရသလို အခုတော့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ဦးစီးတဲ့ အစိုးရနဲ့ ကြုံရပြန်တယ်။ ဒီပြောင်းလဲမှုဟာ အလွန်ထူးခြားလှတဲ့ ပြောင်းလဲမှုတွေ ဖြစ်တယ်။ ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်နေတာကို ကြိုဆိုရမှာသာ ဖြစ်တယ်။

အခုလည်း ကျွန်တော်တို့နိုင်ငံမှာ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရတယ်။ ဒါပေမယ့် ဒီစိန်ခေါ်မှုတွေကို ကျော်လွှားနိုင်မယ်လို့ ယုံကြည်မိတယ်။ ကျွန်တော်တို့ အနာဂတ်က လှပမှာသာ ဖြစ်တယ်။

ကျွန်တော့်ရဲ့ သမီးဟာလည်း အခုတော့ ဘွဲ့ရပြီး အလုပ်လုပ်နေပြီ။ ကျွန်တော်တက်စေချင်တဲ့ ဘွဲ့လွန်သင်တန်းတက်ဖို့ ပြင်ဆင်နေပြီး ကျွန်တော်ဟာလည်း မငယ်တော့ဘူး။ အသက်ရလာပေမယ့် လုပ်ချင်တာတွေက အများကြီး ရှိသေးတယ်။ ပညာရေးလုပ်ငန်းတွေကို ဆက်လုပ်ချင်တယ်။ နိုင်ငံအတွက် တတ်နိုင်တဲ့ဘက်က လုပ်ပေးချင်တယ်။

၁၀ နှစ်ကာလအတွင်း ကျွန်တော်က ဘဝကို အစက ပြန်စခဲ့ရတာ။ ပြန်ရောက်တဲ့အချိန်မှာ ဘယ်သူမှလည်း မသိ၊ ဘယ်သူ့မှလည်း အဆက်သွယ်မရှိ။ ဒါကြောင့်လည်း အစကနေ ပြန်ဆောက်တည်ခဲ့ရတာ။ ဆယ်နှစ်ကာလအတွင်း အခက်အခဲ အမျိုးမျိုး ကြုံခဲ့၊ ရင်ဆိုင်ခဲ့ရတယ်။ ဒါပေမယ့် ကိုယ့်စိတ်ထဲမှာ လုပ်ချင်တဲ့စိတ်ပဲရှိတယ်။ ကျွန်တော် စာသင်တာ ဝါသနာပါလို့ တက္ကသိုလ်တွေမှာ သင်ခဲ့ရတယ်။ ကာကွယ်ရေးတက္ကသိုလ်မှာလည်း ပို့ချခွင့်ရခဲ့တယ်။ ဟောပြောပွဲတွေကိုတော့ အချိန်ရတိုင်း လုပ်ပေးတယ်။ တစ်ဖက်ကလည်း ကျွန်တော်က B2B မဂ္ဂဇင်း တည်ခဲ့တဲ့ ဦးတင်ဇံကျော်မိသားစုနဲ့အတူ လစဉ် မျက်နှာဖုံး အင်တာဗျူးတွေလုပ်နိုင်ပြီး ပုဂ္ဂလိက ကဏ္ဍနဲ့ ရင်းနှီးခဲ့တယ်။ တစ်ဖက်ကလည်း တာဝန်ကျေပွန်တဲ့ စီးပွားရေး ပေါ်ပေါက်အောင် လုပ်ငန်းရှင်များနဲ့ ကြိုးစားခဲ့တယ်။ လုပ်စရာတွေက အများကြီး ကျန်သေးတာ။ ၁၀ နှစ် ကိုယ်အသက်ရှင်နေသေးရင် လုပ်ရမယ့် အလုပ်၊ လုပ်သင့်တဲ့ အလုပ်တွေနဲ့ အလုပ်အကျွေး ပြုချင်တာပါပဲ။ ॥

**“ ဒီဆယ်နှစ်ကာလကို ပြန်သုံးသပ်ရင် ကျွန်တော့်ရဲ့ ဘဝ အပြောင်းအလဲတွေ ဖြစ်ခဲ့သလို ဒီဆယ်နှစ်အတွင်း နိုင်ငံမှာ အလွန်ကြီးကျယ်တဲ့ ပြောင်းလဲမှု သုံးရပ်ရှိခဲ့တယ်၊ တပ်မတော် အစိုးရလက်ထက် မြန်မာပြည် ပြန်ရောက်တဲ့ ကျွန်တော်ဟာ ဦးသိန်းစိန် အစိုးရကို မြင်ရသလို အခုတော့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ဦးစီးတဲ့ အစိုးရနဲ့ ကြုံရပြန်တယ်၊ ဒီပြောင်းလဲမှုဟာ အလွန်ထူးခြားလှတဲ့ ပြောင်းလဲမှုတွေ ဖြစ်တယ်၊ ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်နေတာကို ကြိုဆိုရမှာသာ ဖြစ်တယ် ”**

# ဝင်းစိန်တောရ ဆရာတော်ကြီး တည်ထားတော်မူခဲ့သော ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဥဏ္ဏာလုံတော် တပ်ဆင်ပူဇော်မည်

**မုဒုံ နိုဝင်ဘာ ၅**

ပျံလွန်တော်မူသွားပြီဖြစ်သော ဝင်းစိန်တောရ မွန်ဆရာတော်ဘုရားကြီး အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ ဒေါက်တာ ဘဒ္ဒန္တကေသရ (Hon. PhD) က မွန်ပြည်နယ် မုဒုံမြို့နယ် လက်တက်ကျေးရွာ သာသနာ့မြေ ဧက ၈ ဒသမ ၇၀ ပေါ်တွင် တည်ထားတော်မူခဲ့သော ဉာဏ်တော်အမြင့်ပေ ၁၈၀ ရှိ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ နဖူးဉဏ္ဏာလုံတော် တပ်ဆင်ရန် ဆရာတော်ကြီး၏ သားတော် ဝင်းစိန်တောရကျောင်း ဆရာတော် အရှင်သောဟုလာက စီစဉ်လျက်ရှိသည်။

အဆိုပါ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်သည် မဏိတော်အမြင့် ၉ ပေ၊ ဦးခေါင်းတော်လုံးပတ်ပေ ၉၀၊ မျက်လုံးတော်အရှည် ၇ ဒသမ ၅ ပေ၊ မျက်လုံးတော်အကျယ် ၃ ပေ၊ နှာခေါင်းတော်အကျယ် ၇ ဒသမ ၅ ပေ၊ မျက်နှာတော်အရှည်ပေ ၃၀၊ နှုတ်ခမ်းတော်အရှည် ၁၁ ပေ၊ နှုတ်ခမ်းတော်အကျယ် ၃ ပေ၊ နားရွက်တော်အရှည် ၂၂ ဒသမ ၅ ပေ၊ နားရွက်တော်အကျယ် ၆ ပေ၊ ခါးတော် အရှည် ၃၈ ပေ၊ တင်ပါးတော်မှ ပခုံးတော်အထိ ၁၀၈ ပေ၊ ပခုံးတော်အကျယ် ၇၂ ပေ၊ တင်ပါးတော်မှ ဒူးတော်အထိ ၇၈ ပေ၊ ဒူးတော်အကျယ်ပေ ၁၂၀၊ ခြေဖဝါးတော်အရှည် ၃၉ ပေ၊ ခြေဖဝါးတော်အကျယ် ၁၅ ပေနှင့် ဉာဏ်တော် အမြင့်ပေ ၁၈၀ ရှိသည်ဟု သိရသည်။

ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဆရာတော်ကြီး ပျံလွန်တော်မမူခင် ၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၈ ရက်နေ့နံနက် ၈ နာရီအချိန် (လွန်ခဲ့သော ၁၀ နှစ်ကျော်က) ပထမအကြိမ် ဌာပနာပိတ်ပွဲ ပြုလုပ်ခဲ့ပြီး ဆက်လက် တည်ဆောက်ခဲ့ရာ ယခု ဖူးတွေ့ရသည့် ပုံတော်အတိုင်း ရုပ်လုံးပေါ်ခဲ့သဖြင့် ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်ကြီး၏ ရောင်ခြည်တော်လွှတ်ရာတည့်တည့် နဖူးဉဏ္ဏာလုံတော်ကို ရွှေအစစ်၊ စိန်အစစ်၊ ပတ္တမြားအစစ်၊ ကျောက်စိမ်းအစစ်တို့ဖြင့် ငွေကျပ်သိန်း ၅၀၀ ကျော် အကုန်အကျခံကာ လာမည့်တပေါင်းလတွင် တပ်လှူ ပူဇော်သွားမည် ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**



# ချင်းစို၊ ချင်းခြောက် ပို့ကုန်လိုင်စင် လျှောက်ထားရာတွင် သီးခြားထောက်ခံချက် တင်ပြရန် မလိုအပ်ဘဲ လွယ်ကူ မြန်ဆန်စွာ ဆောင်ရွက်ပေးမည်


ဓာတ်ပုံ- ကေဇူး (AMIA)

ချင်းစို၊ ချင်းခြောက် ပို့ကုန် လိုင်စင် လျှောက်ထားရာတွင် သီးခြား ထောက်ခံချက် တင်ပြရန် မလိုအပ်ဘဲ သတ်မှတ် လုပ်ထုံး လုပ်နည်းများနှင့်အညီ လွယ်ကူ မြန်ဆန်စွာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ချင်း (ဂျင်း) ခြောက် ဘဏ္ဍာနှစ်အလိုက်၊ နိုင်ငံအလိုက် ပြည်ပ တင်ပို့မှုများအရ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံး တင်ပို့ပြီး စင်ကာပူ၊ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ယူအေအီး၊ သီရိလင်္ကာ၊ ဂျာမနီနိုင်ငံများသို့လည်း နှစ်စဉ် ဈေးကွက်မပျက် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ပြည်ပ ဝယ်လက် ဈေးကွက်များလည်း ပုံမှန်ရှိနေပြီး ဈေးကောင်းရရှိနေသည့် ပို့ကုန်အမယ်ဖြစ်သည့်အတွက် ပိုမို တိုးချဲ့ စိုက်ပျိုး ထုတ်လုပ်သင့်ကြောင်း၊ မြန်မာနိုင်ငံမှ တင်ပို့နေကြသည့် လုပ်ငန်းရှင်များအနေဖြင့် အခွင့်အရေး မဆုံးရှုံးရအောင် ဂျပန် ဈေးကွက်အကြိုက်နှင့် ဈေးကွက်ရရှိပြီးသော နိုင်ငံများသို့လည်း သတ်မှတ်ထားသည့် အရည်အသွေး စံချိန်စံညွှန်းအတိုင်း တင်ပို့ကာ ဈေးကွက် ထိန်းသိမ်းသွားရန် လိုအပ်ကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ပြည်တွင်း ကုန်သွယ်မှုဌာနခွဲ ညွှန်ကြားရေးမှူး ဦးမျိုးသူက ပြောသည်။

လိုင်စင် ကန့်သတ်ချက် မရှိခြင်းကြောင့် တင်ပို့လိုသည့် လုပ်ငန်းရှင်များအနေဖြင့် ပိုမို တိုးတက် တင်ပို့နိုင်ရန် ဈေးကွက်ချိတ်ဆက်ခြင်းများ ပြုလုပ်ထားသင့်ပြီး ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအား နှစ်စဉ် တိုးတက်နေသည့်အပြင် နိုင်ငံတကာ စားသုံးမှုလည်း တိုးမြင့်လျက်ရှိသော ချင်း (ဂျင်း)ကို အိမ်နီးချင်း နိုင်ငံများတွင်လည်း တိုးမြှင့်စိုက်ပျိုး ထုတ်လုပ်နေသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း တိုးမြှင့် စိုက်ပျိုး ထုတ်လုပ်ပြီး ဈေးကွက် ပိုမို ခိုင်မာလာစေရေးကိုလည်း ဆောင်ရွက်သင့်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ချင်း (ဂျင်း) ကို နေရာအနှံ့အပြား စိုက်ပျိုးနိုင်ပြီး ရှမ်းပြည်နယ်တောင်ပိုင်းတွင် အများဆုံး စိုက်ပျိုးသည်။ ချင်း (ဂျင်း) အများဆုံး စိုက်ပျိုးသော မြို့နယ်မှာ ပင်လောင်းနှင့် ကလောမြို့နယ်ဖြစ်ကြောင်း သိရသည်။

ကလောနှင့် ပင်လောင်းဒေသမှ ထွက်ရှိသော ချင်း (ဂျင်း) များကို အောင်ပန်းမြို့သို့ တင်ပို့ပြီး ယင်းမှ တစ်ဆင့် ပြည်တွင်း တင်ပို့မှုအဖြစ် ရန်ကုန်၊ စစ်တွေ၊ မန္တလေးနှင့် အခြားမြို့ ဈေးကွက်များသို့ တင်ပို့လျက်ရှိသည်။

ကမ္ဘာပေါ်တွင် ချင်း (ဂျင်း) အများဆုံးစားသုံးသည့် ၁၀ နိုင်ငံမှာ အိန္ဒိယ၊ အင်ဒိုနီးရှား၊ နီပေါ၊ တရုတ်၊ နိုင်ဂျီးရီးယား၊ ဂျပန်၊ ထိုင်း၊ ပါကစ္စတန်၊ အမေရိကန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

**ဇာလင်းသူ (AMIA)**

## စိုက်ပျိုးရေး လုပ်ငန်းခွင်နှင့် ပတ်သက်သည့် သင်တန်းပို့ချ

**နေပြည်တော် နိုဝင်ဘာ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသန ဦးစီးဌာန (ရေဆင်း) မျိုးစေ့ဘဏ် အစည်းအဝေးခန်းမ၌ စိုက်ပျိုးရေး သုတေသနဦးစီးဌာနနှင့် Myanmar Financial Center (MFC) တို့ ပူးပေါင်း၍ စိုက်ပျိုးရေး တက္ကသိုလ်မှ လုပ်ငန်းခွင် အတွေ့အကြုံသင်တန်း တက်ရောက်ခဲ့ကြသည့် စိုက်ပျိုးရေး တက္ကသိုလ် Intership ကျောင်းသား ကျောင်းသူများအား Presentation Skill ခေါင်းစဉ်ဖြင့် နောက်ဆက်တွဲသင်တန်းကို အောက်တိုဘာလ နောက်ဆုံးပတ်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းကို မကြာမီ ဘွဲ့ရရှိတော့မည့် ကျောင်းသား ကျောင်းသူများ အနေဖြင့် လုပ်ငန်းခွင်သို့ ဝင်ရောက်ရာတွင် အရည်အသွေး ပြည့်မီသော စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်နိုင်သူများအဖြစ် ရပ်တည်နိုင်စေရန်သာမက လုပ်ငန်းခွင်အတွင်း လူမှုဆက်ဆံရေးတွင် Personal Skill မြင့်မားစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းတွင် စိုက်ပျိုးရေး သုတေသနဦးစီးဌာန ဒေသသုတေသန ဌာနစုမှ ဌာနစု တာဝန်ခံ ဒေါက်တာ ခင်သိန်းညွန့်၊ လုပ်ငန်းခွင် အတွေ့အကြုံသင်တန်းမှ တာဝန်ရှိသူများ၊ MFC မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ပြည့်သီရိဇော်၊ Dr. Elina Koski နှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးတက္ကသိုလ် Intership ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့သည်။

**မင်းမင်းလတ် (ရုပ်ဖေဒ)**

## အရည်အသွေးကောင်း မျိုးစေ့ ထုတ်လုပ် ပွားများ စိုက်ပျိုးနိုင်ရန် ထပ်မံ နှိုးဆော်

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ကာ အကျိုးအမြတ် ရရှိရေးအတွက် သီးနှံများ စိုက်ပျိုး ထုတ်လုပ်ရာတွင် အထွက်နှုန်း မြင့်မား၍ အရည်အသွေး ကောင်းမွန်သော စပါးသီးနှံအပါအဝင် သီးနှံများ၏ မျိုးကောင်း မျိုးသန့် မျိုးစေ့များ ထုတ်လုပ် ပွားများပြီး လွယ်လင့်တကူ ရယူ စိုက်ပျိုးနိုင်ရေးမှာ အထူးပင် လိုအပ်လျက်ရှိသည်။

စပါးသီးနှံမျိုးစေ့ ထုတ်လုပ်ခြင်း လုပ်ငန်းအား မျိုးစေ့ထုတ် တောင်သူများနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ ပူးပေါင်း၍ ၂၀၁၆- ၂၀၁၇ ခုနှစ်တွင် ဧက ၁၀၀၀၀ စိုက်ပျိုး ထုတ်လုပ်ခဲ့ပြီး ၂၀၁၇- ၂၀၁၈ ခုနှစ်တွင် ၆၉၇၃၄ ဧက တိုးမြှင့် စိုက်ပျိုး ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေး ဦးစီးဌာနပိုင် ခြံ၊ စိုက်ကွင်းများနှင့် တောင်သူများ ပူးပေါင်း၍ အကျိုးတူ မျိုးစေ့ ထုတ်လုပ်ခြင်းနှင့် ဌာန၏ ကြီးကြပ်မှုဖြင့် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် တောင်သူများ ပူးပေါင်း၍ (Private Public Producers Partnership- PPPP) မျိုးစေ့ ထုတ်လုပ်ခြင်း လုပ်ငန်းများသည် နိုင်ငံတော်၏ အကျိုး၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် တောင်သူများ၏ အကျိုးစီးပွား ဖြစ်ထွန်းမှုကို ကောင်းစွာ ဆောက်တည်နိုင်သည့် ပူးပေါင်း ဆောင်ရွက်မှု ရလဒ်အဖြစ် လက်တွေ့ အကျိုးကျေးဇူးများစွာ ခံစားရရှိနေပြီ ဖြစ်သည်။

မျိုးစေ့ ထုတ်လုပ်မှုကဏ္ဍ ပိုမို ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေး ဦးစီးဌာနမှ အရည်အသွေးကောင်း မျိုးစေ့၊ နည်းပညာနှင့် ပြည်တွင်း၊ ပြည်ပမှ အရင်းအနှီးများ ရရှိနိုင်ရေး ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံလိုသူ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများအနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ပါရန် ထပ်မံ နှိုးဆော်အပ်ပါသည်။ အသေးစိတ် သိရှိလိုပါက နီးစပ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး ဦးစီးဌာန ရုံးများနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ် (နည်းပညာ)၊ နေပြည်တော် ရုံးချုပ်၊ ဖုန်းနံပါတ် ၀၆၇- ၄၁၀၂၃၉၊ ၄၁၀၅၆၈ တို့သို့ ဆက်သွယ် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## မျိုးစေ့ သွင်းကုန် လိုင်စင် လျှောက်ထားရာတွင် စိုက်ပျိုးရေးဦးစီးဌာန၏ သွင်းကုန်လိုင်စင် လက်မှတ်ဖြင့် လျှောက်ထားနိုင်

မျိုးစေ့ သွင်းကုန် လိုင်စင် လျှောက်ထားရာတွင် တစ်ဖက်နိုင်ငံ၏ အပင် ပိုးမွှားရောဂါ ကင်းရှင်းကြောင်း ထောက်ခံချက် မလိုတော့ဘဲ စိုက်ပျိုးရေး ဦးစီးဌာန၏ သွင်းကုန် လိုင်စင်လက်မှတ်ဖြင့် လိုင်စင် လျှောက်ထားခွင့်ပြုကြောင်း စိုက်ပျိုးရေး သုံးပစ္စည်း တင်သွင်းသူများထံမှ သိရသည်။

"ပြည်ပက အပင်နဲ့ အပင်ထွက် ပစ္စည်းတွေ တင်သွင်းတဲ့အခါမှာ သက်ဆိုင်ရာ မူရင်းနိုင်ငံကနေ ထုတ်ပေးတဲ့ အပင်ပိုးမွှားရောဂါ ကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ် (Phytosanitary Certificate-PC) နဲ့ စိုက်ပျိုးရေး ဦးစီးဌာန သီးနှံ ကာကွယ်ရေးဌာနခွဲက ထုတ်ပေးတဲ့ တင်သွင်းခွင့် ထောက်ခံချက် (Import Certificate-IC) ပါရှိမှသာ သွင်းကုန် လိုင်စင် ထုတ်ပေးတာပါ။ အခု နောက်ပိုင်း ကုမ္ပဏီဘက်က နမူနာပစ္စည်းတွေကို စိုက်ပျိုးရေးဦးစီးဌာနကို နမူနာ ယူလာပြပြီးတော့ သွင်းကုန် လိုင်စင် လျှောက်ထားလို့ ရနေပြီ" ဟု စိုက်ပျိုးရေးသုံး ပစ္စည်းလုပ်ငန်းမှ မန်နေဂျာ ဦးသောင်းငွေလင်းက ပြောသည်။


ဓာတ်ပုံ- ကေဇူး (AMIA)

စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရန်အတွက် ရည်ရွယ်၍ မျိုးစေ့ တင်သွင်းခွင့် လျှောက်ထားသူများအား မျိုးစေ့များ ရောက်ရှိလာမှသာ မျိုးစေ့ဌာန၏ ထောက်ခံချက်နှင့်အတူ မျိုးစေ့နမူနာ တစ်ပါတည်းတင်ပြရန် ကတိခံဝန်ချက်ဖြင့် သွင်းကုန် ထောက်ခံချက်ကို ထုတ်ပေးနေကြောင်း သိရသည်။

အကယ်၍ မျိုးစေ့များ ရောက်ရှိလာသည့်အခါ မျိုးစေ့နမူနာပေးအပ်ရန် ပျက်ကွက်ခဲ့ပါက နောက်တစ်ကြိမ် ထုတ်ပေးမည် မဟုတ်ကြောင်း သိရသည်။

**ဇာလင်းသူ (AMIA)**

## ကောင်းမွန်သော စိုက်ပျိုးရေးနည်းစနစ် ဆွေးနွေးခြင်းနှင့် ခေါင်နှံ မျိုးပွား စိုက်ခင်း လက်တွေ့သရုပ်ပြ

**သီပေါ နိုဝင်ဘာ ၅**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ်တွင် တောင်သူလယ်သမားများ၏ အကျိုးကို ရည်မျှော်လျက် ကောင်းမွန်သော စိုက်ပျိုးရေး (GAP) နည်းစနစ် နည်းပညာ ဆွေးနွေးခြင်းနှင့် ခေါင်နှံ မျိုးပွား စိုက်ခင်းသို့ ကွင်းဆင်း လက်တွေ့ သရုပ်ပြ ဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၂ ရက်က ဘော်ကြို ကျေးရွာအုပ်စု မော်ကေစံပြစိုက်ကွင်း၌ ကျင်းပသည်။

အဆိုပါ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်အေးနှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမိုးကျော်စွာဝင်းတို့က ဘက်စုံ နည်းပညာသုံး အဆင့်မြင့် စိုက်ပျိုးနည်းစနစ်များကို ပညာပေး ဆွေးနွေးကြပြီး ခေါင်နှံမျိုးပွား စိုက်ခင်းတွင် လက်တွေ့ကွင်းဆင်း ပညာပေး ပြသခဲ့သည်။ ဆက်လက်၍ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက နည်းပညာပေး လက်ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့ပြီး သရုပ်ပြပွဲသို့ တောင်သူလယ်သမား ၇၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုင်း (သီပေါ)**



# နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့် လယ်ယာဝန်ဆောင်မှုလုပ်ငန်း




တောင်သူဦးကြီးများအနေဖြင့် လယ်ယာလုပ်ငန်းလုပ်ကိုင်ရာတွင် လယ်ယာလုပ်သားများ ရှားပါးမှုကြောင့် လည်းကောင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် လည်းကောင်း၊ အရည်အသွေးကောင်း စိုက်ပျိုးထုတ်ကုန်များ ရရှိရေးအတွက်ကြောင့် လည်းကောင်း စသည့်အချက်များက အမြဲတမ်းကြုံတွေ့ရလျက်ရှိသည်။ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုရပြီး အဆိုပါ အခက်အခဲများကို ကျော်ဖြတ်ရန် လယ်ယာသုံးစက်ကိရိယာများကို အစားထိုးသုံးစွဲလာလျက်ရှိသဖြင့် သုံးစွဲမှုအားလည်း နိုင်ငံတစ်ဝန်း များပြားလျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကလယ်ယာဝန်ဆောင်မှုအသင်းများ တိုးချဲ့ဖွဲ့စည်း၍ တောင်သူဦးကြီးများ လိုအပ်လျက်ရှိသည့် ထွန်ယက်ရေး၊ ရိတ်သိမ်းခြွေလှေ့ရေးအပါအဝင် လယ်ယာဝန်ဆောင်မှုများကို လယ်ယာလုပ်ငန်းများအတွက် လယ်ယာသုံးစက်ကိရိယာများကို ကနဦးပေးသွင်းငွေအနည်းငယ်မျှဖြင့် ဝယ်ယူသုံးစွဲနိုင်ရန် ပုဂ္ဂလိကကဏ္ဍနှင့် ပေါင်းစပ် ဖြည့်ဆည်းပေးလျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်ပိုင်းကလည်း စက်မှုလယ်ယာစခန်းများမှ တစ်ဆင့် လုပ်ကွက်ငယ် တောင်သူများအတွက် ဌာနပိုင် စက်ကိရိယာများဖြင့် ဈေးနှုန်းသက်သာစွာဝန်ဆောင်မှုလုပ်ငန်းများ လယ်ကွင်းထဲအထိအရောက် သွားရောက်ဆောင်ရွက်နေပြီဖြစ်သည်။

နိုင်ငံတစ်ဝန်းရှိ စိုက်ပျိုးဧရိယာများပြားသကဲ့သို့ လယ်ယာသုံးစက်ကိရိယာများအသုံးပြုမှု ပမာဏမှာလည်း များစွာလိုအပ်လျက်ရှိသဖြင့် လယ်ယာလုပ်ငန်းသုံး စက်ကိရိယာများကို ဝန်ဆောင်မှုပေးလိုသည့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံလိုသူများအား ဝန်ကြီးဌာနလက်အောက်ရှိ စက်မှုလယ်ယာဦးစီးဌာနမှ ကျွမ်းကျင်စက်မောင်း၊ စက်ပြင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားရန် ဖိတ်မန္တကပြုထားကြောင်း သိရသည်။

ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် မိမိ ရင်းနှီးမြှုပ်နှံသည့် စက်ကိရိယာများအား ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို စနစ်တကျလေ့ကျင့်ထားပြီး အတွေ့အကြုံကျင့်သားပြည့်ဝပြီးသော ကျွမ်းကျင်စက်မောင်း၊ စက်ပြင်များက စက်မှုလယ်ယာစခန်းများမှ တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်၍ မိမိ၏ ရင်းနှီးမြှုပ်နှံငွေများ ပိုမိုစီးပွားရေးတွက်ခြေကိုက်သော လုပ်ငန်းတစ်ခုအဖြစ် လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့အပြင် စက်ကိရိယာအသုံးပြုလိုသော တောင်သူများ၏ လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ရာ နှစ်ဦးနှစ်ဖက် အကျိုးရှိစေနိုင်မည့် လုပ်ငန်းရပ်ဖြစ်ကြောင်း အထူးသတင်းကောင်းပါးလိုပါသည်။ သို့ဖြစ်၍ နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိက အခန်းကဏ္ဍဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းကောင်းတစ်ခုကိုဖော်ထုတ်လိုက်ခြင်းပင် ဖြစ်သည်။

ယင်းတို့ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်တွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံလိုသူများ တစ်တပ်တစ်အား ပါဝင်အားဖြည့်လိုပါက စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

## ကုလားပဲစိုက်တောင်သူများ ကုမ္ပဏီတစ်ခုနှင့် Contract Farming စနစ်နှင့် ပူးပေါင်း စိုက်ပျိုးမည်

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်ရှိ ကုလားပဲစိုက်တောင်သူများ ကိုးသုံးလုံး မဟာ သမာဓိရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်နှင့် Contract Farming စနစ်နှင့် ပူးပေါင်းစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ကုမ္ပဏီအနေနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်တဲ့ တောင်သူတွေကို မျိုးတစ်တင်း ငွေကျပ် ၆၅၀၀၀ ဈေးရှိတဲ့ အထွက်နှုန်းမြင့် ရေဆင်း ၈ နဲ့ ရေဆင်း ၁၂ မျိုးတို့ကို ဖြန့်ဝေပြီးဖြစ်ပါတယ်။ မျိုးတစ်တင်းပေး၊ တစ်တင်းခွဲယူစနစ်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်၊ မကြာခင်မှာ ကုမ္ပဏီ၊ တောင်သူနဲ့ ပူးပေါင်းဆောင်ရွက်မယ့် အဆင့်ရောက်လာတော့မှာ ဖြစ်ပါတယ်" ဟု ယင်းကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးအောင်ကျော်ကျော်က ပြောသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပံ့ပိုးမှုအနေဖြင့် ဓာတ်မြေဩဇာ၊ မှိုသတ်ဆေး၊ ပိုးသတ်ဆေး၊ သွင်းအားစုများအတွက် တောင်သူအနေဖြင့် နှစ်သက်ရာ တစ်မျိုးကို ရွေးချယ်ရယူနိုင်ကြောင်း၊ မျိုးစေ့ရွေးချယ်ရာတွင် မျိုးတစ်တင်းပေး၊ တစ်တင်းခွဲယူစနစ်ဖြင့်လည်း ဆောင်ရွက်လျက်ရှိကြောင်း တောင်သူများထံမှ သိရသည်။




မြင်းခြံခရိုင်ရှိ တောင်သူများအနေဖြင့် အိန္ဒိယမှ ဝယ်ယူမှုကန့်သတ်လိုက်သည့် ပဲများနေရာတွင် အစားထိုးသီးနှံများအဖြစ် ဆီထွက်သီးနှံများနှင့်ကုလားပဲပြောင်းလဲစိုက်ပျိုးရန် ပြင်ဆင်နေကြောင်း သိရသည်။

ဈေးကွက်ဝင်သီးနှံများ အစားထိုးစိုက်ပျိုးနိုင်ရေးအတွက် ဒေသနှင့် ကိုက်ညီသည့်အပြင် ပြည်တွင်း ဈေးကွက်သာမက ပြည်ပဈေးကွက်မှာပါ ကျယ်ပြန့်သည့် ကုလားပဲကို အစားထိုးစိုက်ပျိုး ရန် တောင်သူများအနေနှင့် စိတ်ဝင်စားမှုများပြားနေကြောင်း သိရသည်။

ကျေးရွာများတွင် Contract Farming စနစ်ဖြင့် ကုလားပဲ စိုက်ပျိုးရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ညှိနှိုင်း၍ ကုလားပဲစိုက်ဧက ၃၀၀ ဝန်းကျင် လျာထားကြောင်း သိရသည်။

မြင်းခြံမြို့နယ် တလုပ်ကျေးရွာမှာ ဧက ၇၀၊ တောပု ၁၇ ဧက၊ ထနောင်တိုင် ၁၄ ဧကနှင့်သစ်ပင်ရှည် ၅ ဧက စုစုပေါင်း ၉၆ ဧက၊ အခြားသော ကျေးရွာများတွင် ဧက ၂၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာလင်းသူ (AMIA)**



## ဆန်မှုန့်နှင့်ပတ်သက်သော နည်းပညာ ဆွေးနွေး

**မုံရွာ နိုဝင်ဘာ ၅**

ရေရှည်ကျန်းမာရေးအတွက် ဂျုံအဓိကစားသုံးသောနိုင်ငံများတွင် ဆန်ကိုအစားထိုး စားသုံးသင့်ကြောင်း မုံရွာကုန်စည်ဒိုင်ခန်းမ၌ နိုဝင်ဘာ ၂ ရက်က ကျင်းပခဲ့သော ရှမ်းမောမြေကုမ္ပဏီမှကျင်းပသည့် ဆန်မှုန့်နှင့်ပတ်သက်သည့် နည်းပညာဆွေးနွေးဟောပြောပွဲတွင် ရှမ်းမောမြေကုမ္ပဏီ ပရောဂျက်မန်နေဂျာ ကိုဟိန်းမင်းသက်က ပြောသည်။

"မြန်မာ့ရိုးရာစားသောက်ကုန်အနေနဲ့ ဂျုံအစားထိုးဆန်မှုန့်၊ ကိတ်မုန့်နဲ့ အခြားမုန့်တွေလုပ်လို့ရတယ်ဆိုတာကို မုံရွာကုန်စည်ဒိုင်မှာ လာမိတ်ဆက်တာပါ။ ဆန်နဲ့မုန့်လုပ်တာ နှစ်နှစ်လောက်ရှိပါပြီ၊ ဈေးကွက်ထဲမကျယ်ပြန့်သေးတာက ရှေးရိုးစွဲဂျုံဆိုတာကြီးကို ဖျောက်ဖျက်ဖို့လိုပါသေးတယ်၊ တစ်ပြည်လုံး အတိုင်းအတာနဲ့ဆိုရင် ထိုးဖောက်ဖို့ကြာမှာဖြစ်တဲ့အတွက် ဆန်လုပ်ငန်းရှင်၊ မုန့်လုပ်ငန်းရှင်ကို ဖိတ်ပြီး မိတ်ဆက်ပွဲတွေကို လုပ်တာပါ၊ မိတ်ဆက်ပွဲကို မန္တလေး၊ မုံရွာနဲ့ ရွှေဘိုမှာ လုပ်ပါမယ်၊ အရင်က ပဲခူးတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီး စတာတွေမှာလည်း မိတ်ဆက်ပွဲတွေ လုပ်ခဲ့ပါသေးတယ်"ဟု ၎င်းက ပြောပြသည်။

ဂျုံ၊ ဆန်နှင့်အခြားနှံစားသီးနှံများ၏ အာဟာရဓာတ်ဆိုင်ရာ သုတေသနများပြုလုပ်ရာတွင် ဂျုံဖြင့်ပြုလုပ်သောအစားအစာများတွင် ဆန်ဖြင့် အစားထိုးပြုလုပ်ပါက စားသုံးသူများ၏ ရေရှည်ကျန်းမာရေးကို ပိုမိုအထောက်အကူပြုသည်ကို စမ်းသပ်တွေ့ရှိရကြောင်း နည်းပညာဆွေးနွေးဟောပြောပွဲ၌ ကုမ္ပဏီမှမုန့်ပညာရှင်က အသိပေးပြောကြားသည်။

ဈေးကွက်အတွင်းတွင် ထိုင်းမှလာသော ဆန်မှုန့်ဖြင့်လုပ်သည့် မုန့်များဖြင့် ယှဉ်ပြိုင်ရကာ မြန်မာနိုင်ငံထုတ် ဆန်မုန့်များသည် ဈေးကွက်တွင် အထိုက်အလျောက်နေရာယူလာနေပြီဖြစ်ကြောင်း မုံရွာမြို့မှ မုန့်လုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

အဆိုပါ ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံတွင် ပထမဦးဆုံး ဂျပန်နည်းပညာ၊ ဂျပန်စက်ဖြင့် ထုတ်လုပ်ထားသော'ခေါ်မယ်'ကို ဆန်မှုန့်ဖြင့် ကိတ်မုန့်ပြုလုပ်မှုနည်းပညာပြသခြင်းကို မုံရွာကုန်စည်ဒိုင်တွင် ပထမဦးဆုံးအကြိမ်အဖြစ် လာရောက်မိတ်ဆက်ပြသခဲ့ကြောင်း သိရသည်။

**သံတိုင်ထွန်း**

## ကုန်ကြမ်းပေါများပြီး စိုက်ပျိုးရလွယ်ကူသော မှိုစိုက်ပျိုးမှုကို ပြည်သူများ စိတ်ဝင်စားလာ

**မြစ်ကြီးနား နိုဝင်ဘာ ၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တပ်ကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး နန့်ရားဖုန်ခန်းမ၌ နိုဝင်ဘာ ၁ ရက်က မှိုစိုက်ပျိုးနည်း လက်တွေ့လုပ်ငန်းစဉ်များ သရုပ်ပြရှင်းလင်းပွဲကျင်းပရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတူးမိုင်က ဒေသတွင်းကုန်ကြမ်းရှာဖွေရလွယ်ကူပြီး စိုက်ပျိုးရလွယ်ကူကာ ဝင်ငွေကောင်းရရှိနိုင်သည့် မှိုစိုက်ပျိုးနည်းပညာကို ပြည်သူများလည်း စိတ်ဝင်စားမှုများပြားလာကြောင်း ပြောသည်။

မြစ်ကြီးနားမြို့တွင် နေရပ်စွန့်ခွာစခန်းများဖြစ်သည့် ဂျန်မိုင်ကောင်းနှစ်ခြင်းကယ်ဆယ်ရေးစခန်းနှင့် ပလနကျေးရွာအုပ်စု ငွေပျော်စံပြကျေးရွာ ဒေသခံပြည်သူများစခန်း၌ ဒေသခံပြည်သူ ၈၈ ဦးအား မှိုစိုက်ပျိုးထုတ်လုပ်မှု နည်းပညာစာတွေ့လက်တွေ့များကို သင်ကြားပေးခဲ့ပြီး ယခုအခါ စီးပွားဖြစ် မှိုစိုက်ပျိုးထုတ်လုပ်မှုများဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိကြောင်း သိရသည်။

အဆိုပါ မှိုစိုက်ပျိုးထုတ်လုပ်ခြင်း၊ လက်တွေ့သရုပ်ပြခြင်း အခမ်းအနား၌ ကောက်ရိုးမှို၊ ငွေနှင်းမှို၊ ငွေမိုးမှိုနှင့် ကြွက်နားရွက်မှို မျိုးထည့်ခြင်း၊ မြေစာစပ်ခြင်း ပေါင်းမံခြင်း၊ ပုံသွင်းဇလားခွက်အတွင်း ကောက်ရိုးမှိုပြုလုပ်ခြင်းနှင့် အပူအအေးမျှတစေရန် ချိန်ညှိခြင်း၊ မှိုပွင့်များဆွတ်ယူခြင်းတို့အား အဆင့်လိုက်ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# ဦးကြီးတို့ သတိပြုကာကွယ်သင့်သည့် ဝါဖြုတ်စိမ်းပိုး

ခင်ခင်ကြီး(စိုက်ပျိုးရေး)

ကမ္ဘာပေါ်ရှိ ဝါစိုက်ပျိုးသော နိုင်ငံအများစု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ဝါစိုက်ပျိုးထုတ်လုပ်မှုအပေါ်တွင် များစွာမူတည်နေသည်။ ဝါထွက်ကျဆင်းရခြင်း၏ အဓိကအကြောင်းရင်းတစ်ခုမှာ ဝါသီးနှံတွင် ပိုးမွှားများ မြောက်မြားစွာ ကျရောက်ခြင်းကြောင့် ဖြစ်သည်။ ဝါပင်တွင် အဓိကကျရောက်သည့် ပိုးများကို ယင်းတို့၏ ဖျက်ဆီးမှုပုံစံပေါ်မူတည်၍ စုပ်စားပိုး၊ သီးလုံးဖောက်ပိုး၊ အရွက်စားပိုး၊ ပင်စည်ထိုးပိုးဟူ၍ ခွဲခြားထားသည်။ စုပ်စားပိုးများအနက် ရာသီအစောပိုင်းတွင် ကျရောက်သောပိုးအဖြစ် သိရှိထားကြသော ဖြုတ်စိမ်းပိုးမှာ လက်ရှိအချိန်တွင် ဝါသီးနှံသက်တမ်း ကာလတစ်လျှောက်လုံးတွင် အဓိကပိုးအဖြစ် ရောက်ရှိလာကြောင်း တွေ့ရသည်။ ဖြုတ်စိမ်းပိုးကြောင့် ဝါထွက်ဆုံးရှုံးရသည့် ပမာဏမှာ ပါကစ္စတန်နိုင်ငံတွင် ၁၈ ဒသမ ၇၈ ရာခိုင်နှုန်း၊ နီပေါနိုင်ငံတွင် ၃၅ ဒသမ ၈၀ ရာခိုင်နှုန်းနှင့် ဩစတြေးလျနိုင်ငံတွင် ၂၅ ရာခိုင်နှုန်းခန့်အထိရှိကြောင်း မှတ်တမ်းများအရ သိရှိရသည်။ ထိုကဲ့သို့ စီးပွားရေးအရ ထိခိုက်ပျက်စီးစေနိုင်သည့် ဖြုတ်စိမ်းပိုး၏ သဘောသဘာဝကို ဝါစိုက်တောင်သူများ သိရှိစေပြီး လိုအပ်သော ကာကွယ်နှိမ်နင်းမှုများ ပြုလုပ်နိုင်ရန် တင်ပြလိုက်ပါသည်။

### လက်ခံပင်များနှင့်ပျံ့နှံ့ပုံ

ဝါဖြုတ်စိမ်းပိုး (Amrasca biguttula) သည် Order- Hemiptera တွင်


ပိုးသတ်ဆေးတစ်မျိုးတည်းကို ဆက်တိုက် အသုံးပြုခြင်းသည် ပိုးမွှားများအနေနှင့် ပိုးသတ်ဆေးကို ခံနိုင်ရည်ရှိမှု ဖြစ်ပေါ်စေနိုင်ပါသည်။ လက်ရှိ အသုံးပြုနေသော ဘက်စုံပိုးမွှားကာကွယ်ရေးအစီအမံတွင် ပိုးတစ်မျိုးခြင်းစီ၏စီးပွားရေးကျော်လွန်စည်း (Economic threshold level) အပေါ်တွင်အခြေခံ၍ ပိုးသတ်ဆေးကို အသုံးပြုခြင်း ပါဝင်သည်။

### ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းနည်းကို သုံးကြစို့

ဖျက်ပိုးများကို ကာကွယ်နှိမ်နင်းရာတွင် ဓာတုဆေးတစ်မျိုးတည်းကိုသာ အသုံးပြုပါက ပိုးသတ်ဆေးကြောင့် မလိုလားအပ်သော ဆိုးကျိုးများ ရရှိနိုင်ကြောင်းကို ကမ္ဘာပေါ်ရှိ ဝါသီးနှံ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်သော နိုင်ငံများတွင် ကြုံတွေ့ရသော သင်ခန်းစာများအရ သိရှိနိုင်သည်။ ထိုဆိုးကျိုးများကို ကျော်လွှားနိုင်ရန်နှင့် ဝါသီးနှံရေရှည်စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဖျက်ပိုးကာကွယ်နှိမ်နင်းရာတွင် ပတ်ဝန်းကျင် ညစ်ညမ်းမှုကို နည်းပါးစေပြီး ထိရောက်သော ကာကွယ်နှိမ်နင်းနည်းများ တွဲဖက်ပေါင်းစပ်ထားသည့် ဘက်စုံပိုးမွှားကာကွယ်ရေးစနစ်ကို အသုံးပြုပြီး ဖြုတ်စိမ်းပိုးကျရောက်မှုကို ကာကွယ်နှိမ်နင်းရမည် ဖြစ်သည်။ ဘက်စုံပိုးမွှား ကာကွယ်နှိမ်နင်းနည်းများစွာရှိသည့်အနက် အောက်ပါနည်းများမှာ တောင်သူများအတွက် လက်လှမ်းမီ၍ ဖြစ်နိုင်ခြေရှိသောကြောင့် လက်တွေ့အသုံးပြုသင့်လှပေသည်။

### စိုက်ပျိုးနည်းစနစ် ပြုပြင်ပြောင်းလဲခြင်း

သင့်တော်သည့် သီးနှံပုံစံနှင့် သီးနှံအလှည့်ကျ ပြောင်းလဲစိုက်ပျိုးခြင်းသည်




ပ-အဆင့် ဒု-အဆင့် တ-အဆင့် စ-အဆင့် ပဥ္စမ-အဆင့် အကောင်ကြီး ဖြုတ်စိမ်းပိုးအရွယ်ရောက်ကောင် ဖြစ်လာပုံအဆင့်ဆင့်

ပါဝင်သည့် စုပ်စားပိုးဖြစ်ပြီး အစုံစား အင်းဆက်မျိုးတွင် ပါဝင်ပါသည်။ ဝါပင်၊ ရုံးပတီပင်နှင့် ခရမ်းပင်တို့တွင် အများအားဖြင့် ကျရောက်လေ့ရှိပြီး ပဲပုပ်၊ နေကြာ၊ အာလူး၊ မြေပဲ၊ ဂုန်လျှော်၊ ပဲတီစိမ်းနှင့်မတ်ပဲအစရှိသည့် သီးနှံများတွင်လည်း ကျရောက်လေ့ရှိကြောင်း တွေ့ရသည်။ ဝါဖြုတ်စိမ်းပိုးကို အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အာဖဂန်နစ္စတန်၊ ဂျပန်၊ တရုတ်၊ ထိုင်ဝမ်၊ အင်ဒိုနီးရှား၊ လာအို၊ မြန်မာ၊ နီပေါနှင့်ထိုင်းနိုင်ငံတို့တွင် အများအပြား တွေ့ရလေ့ရှိသည်။

### ဘဝစက်ဝန်းနှင့်ပုံသဏ္ဍာန်

ဥများကို အရွက်ကြောထဲတွင် ဥလေ့ရှိပြီး အမတစ်ကောင်သည် ပျမ်းမျှအားဖြင့် ၁၅လုံးခန့် ဥတတ်ပြီး အများဆုံး ၂၉ လုံးအထိ ဥတတ်ကြောင်း သိရသည်။ ဖြုတ်စိမ်းအမသည် ဥများကို ရွက်နုလေးများ၊ ရွက်ညှာတံများ၊ ထိပ်ညွန့်များတွင် ဥလေ့ရှိသော်လည်း အဓိကအားဖြင့် အရွက်အောက်မျက်နှာပြင်ရှိ ရွက်ကြောများတွင် ဥလေ့ရှိသည်။ ဥလေးများမှာ ဘဲဥပုံအဝါဖျော့ရောင်ဖြစ်ပြီး အလွန်သေးငယ်သည့်အတွက် သာမန်မျက်စိဖြင့် မမြင်နိုင်ဘဲ မှန်ဘီလူးနှင့်ကြည့်မှ မြင်တွေ့နိုင်သည်။ ဥအရွယ်အစားမှာ ပျမ်းမျှအားဖြင့် အလျား ဝ ဒသမ ၆၆ မီလီမီတာဖြစ်ပြီး အနံအားဖြင့် ဝ ဒသမ ၁၇ မီလီမီတာခန့် ရှိသည်။ ဥမှပေါက်စ ပိုးမည်လေးမှာ ကြည်လင်သော အဝါဖျော့ရောင်ရှိပြီး မျက်လုံးများမှာ ဘဲဥပုံ နီညိုရောင် ဖြစ်သည်။ ပိုးမည်ကောင်များသည် ပတ်ဝန်းကျင် အခြေအနေနှင့် အစားအသောက်ပေါ် မူတည်၍ သက်တမ်း ၇ ရက်မှ ၂၁ ရက်ခန့်အထိ အကြာတွင် အရွယ်ရောက် အကောင်ကြီးများ ဖြစ်လာကြသည်။ ပိုးမည် အကောင်ငယ် အဆင့်ဖြစ်သည့် ဒုတိယအဆင့်မှ စတုတ္ထအဆင့်တွင် စားသောက်ဖျက်ဆီးမှု ပြင်းထန်ဆုံးဖြစ်သည်။ နေ့ဘက်တွင် ဝါရွက်အောက်မျက်နှာပြင်၌ နေထိုင်ကြပြီး ညအချိန်ကျမှ ဝါပင်ပေါ်တွင် သွားလာလှုပ်ရှားတတ်ကြသည်။

### ဖျက်ဆီးမှုပုံစံနှင့် အလေ့အထ

ဖြုတ်စိမ်းပိုးမှာ စုပ်စားပိုး အမျိုးအစားဖြစ်၍ ပင်ရည်ကိုစုပ်ယူပြီး အစာစားချိန်တွင် အဆိပ်ရှိသည့်တံတွေးကို အပင်တစ်သျှူးအတွင်း ထိုးသွင်းလိုက်သည်။ အများအားဖြင့် အရွက်၏အောက်မျက်နှာပြင်တွင် နေလေ့ရှိပြီး စားသောက်ဖျက်ဆီးခံရသော အရွက်များမှာ အစိမ်းရောင်မှ အဝါရောင်၊ နီညိုရောင်သို့ပြောင်းပြီး အရွက်အနားများ တွန့်လိမ်နေကြပြီး အရွက်အနားများ အောက်သို့ကုတ်၍ ခြောက်သွေ့ခြင်း၊ ဝါပင်ကြီးထွားမှု ရပ်ဆိုင်းခြင်းနှင့် အသီးအပွင့်များ ကြွေကျခြင်းကို ဖြစ်ပေါ်စေသည်။

ဖြုတ်စိမ်းကြောင့်ဖြစ်ပေါ်သည့် အပင်၏ ထိခိုက်မှုလက္ခဏာမှာ

- အဆင့်(၁) ဝါရွက်များ ထိခိုက်ပျက်စီးခြင်း၊ တွန့်လိမ်ခြင်း၊ ကုပ်ခြင်းမရှိဘဲ အကောင်းပကတိ ပုံစံရှိနေခြင်း၊
- အဆင့်(၂) အပင်အောက်ပိုင်းရှိ အရွက်များဝါပြီး အနားများတွန့်လိမ်၍ ကုပ်နေခြင်း၊
- အဆင့်(၃) အပင်အောက်ပိုင်းနှင့် အလယ်ပိုင်းရှိ ဝါရွက်များ ခြောက်သွေ့တွန့်လိမ်၍ ကုပ်နေခြင်း၊
- အဆင့်(၄) တစ်ပင်လုံးရှိ အရွက်များ ဝါခြောက်ပြီး နီညိုရောင် သံကြေးရောင်သို့ ပြောင်းပြီး တွန့်လိမ်၍ကုတ်ခြင်း၊ အပင်ကြီးထွားမှု ရပ်တန့် ခြင်း ဖြစ်သည်။

စိုက်ပျိုးနည်းစနစ်ဖြင့် ကာကွယ်နှိမ်နင်းခြင်း၏ အဓိက နည်းလမ်းတစ်ခု ဖြစ်သည်။ စောစောစိုက်ခြင်း၊ ထယ်ရေးနက်နက်ထိုးခြင်းတို့သည် မြေထဲရှိဖျက်ပိုးများ၏ ရုပ်ဖုံးအိမ်များကို ဖျက်ဆီးရာရောက်သည့်အပြင် ယင်းတို့ပုန်းခိုရာ လက်ခံပင်များကို ရှင်းလင်းပြီးသား ဖြစ်စေသည်။ ရိတ်သိမ်းပြီးကျန်ရှိသော အပင်အကြွင်းအကျန်များနှင့် ဝါရိုးငုတ်များကို ခုတ်ထွင်ရှင်းလင်း၍ မီးရှို့ဖျက်ဆီးရန် လိုအပ်သည်။ ဝါသီးနှံကို လမိုင်းထားခြင်းသည် ဖျက်ပိုးများ ခိုအောင်းစားသောက်နေထိုင်ရန် လက်ခံပင်၏ သက်တမ်းကို ကြာရှည်စွာတည်ရှိစေသဖြင့် မကျင့်သုံးသင့်သော နည်းစနစ်တစ်ခု ဖြစ်သည်။ မြန်မြန်ရင့်မှည့်လွယ်သော သက်တမ်းတိုဝါများကို ရွေးချယ်စိုက်ပျိုးခြင်းဖြင့် ရာသီနှောင်းပိုင်းတွင် စားသောက် ဖျက်ဆီးတတ်သော အင်းဆက်ပိုးများ၏ ရန်မှရှောင်ရှားပြီး ဖြစ်စေသည်။ ဖျက်ပိုးများ၏လက်ခံလွှဲပင်များရှိသော ဒေသများတွင် ဝါစိုက်ပျိုးသင့်ပါ။ နိုက်ထရိုဂျင် ဓာတ်မြေဩဇာကို လွန်ကဲစွာသုံးစွဲခြင်းသည် အပင်ဟုန်မှုကိုဖြစ်ပေါ်စေပြီး ဖြုတ်စိမ်းနှင့် ယင်ဖြူကျရောက်မှုကို အားပေးရာရောက်စေသည်။ ရေသွင်းစိုက်ပျိုးသော ဒေသများတွင် တင်သွင်းသောရေကို စောစီးစွာ ဖြတ်တောက်ပေးခြင်းဖြင့် ပန်းရောင်သီးလုံးဖောက်ပိုး၊ ယင်ဖြူစသည့် ဖျက်ပိုးများ ကျရောက်မှုကို သက်သာစေပြီး မြေကြီးအတွင်း ဆောင်းခိုလေ့ရှိသော ဖျက်ပိုးဦးရေကိုလည်း လျော့နည်းစေနိုင်သည်။

သီးနှံများ မရပ်နားဘဲ ဆက်တိုက်စိုက်ပျိုးပါက ပန်းရောင်သီးလုံး ဖောက်ပိုး၊ ပင်စည်ထိုးပိုးအစရှိသည့် ပိုးများသည် ဝါစိုက်ခင်းများ၊ ဝါလမိုင်းခင်းများတွင် ပိုမိုဆိုးရွားစွာ ကျရောက်စေနိုင်သောကြောင့်ဖြစ်သည်။

### ခံနိုင်ရည်ရှိသော ဝါမျိုးများကို အသုံးပြုခြင်း

ခံနိုင်ရည်ရှိသော မျိုးများကို အသုံးပြုခြင်းသည် ကုန်ကျစရိတ်သက်သာပြီး ပတ်ဝန်းကျင်ထိခိုက်မှုကို လျော့နည်းစေသည့်၊ ထိရောက်သည့် နည်းလမ်းတစ်ခု ဖြစ်ကြောင်းမည်သူမျှ မငြင်းနိုင်ပါ။ ခံနိုင်ရည်ရှိသောမျိုးများ၏ ထူးခြားချက်မှာ ယင်းတို့၏ပြင်ပလက္ခဏာများ သာမက အပင်ထဲတွင် ပါဝင်သော ဓာတ်ပစ္စည်းများ၏ ပါဝင်မှု အနည်းအများသည် ပိုးမွှားများ၏ ကြိုက်နှစ်သက်မှု၊ မျိုးပွားမှု၊ အသက်ရှင်နိုင်မှု၊ ကြီးထွားမှုအစရှိသည်များကို ဟန့်တားနှောင့်ယှက်စေနိုင်ခြင်း ဖြစ်သည်။ ဖြုတ်စိမ်းပိုးသည် စုပ်စားပိုးအမျိုးအစား ဖြစ်သည့်အတွက် ဝါရွက်၏ ရွက်မွှေးပါဝင်မှု အနည်းအများ၊ ရွက်မွှေးအရှည်၊ ဖယောင်းပါဝင်မှု၊ အရွက်အထူအပါး၊ အရွက်အရောင်တို့အပြင် အပင်ဆဲလ်များ၏မာကြောမှု၊ ထူထဲမှု၊ အရွက်ထဲရှိ အစိုဓာတ်ပါဝင်မှု အနည်းအများ၊ အရွက်၏ဧရိယာ၊ အပင်အမြင့်၊ ဆစ်ကြားအရှည်၊ ရိုးတံအရှည် အစရှိသည်တို့ကို ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။ လက်တွေ့စမ်းသက်ချက်များအရ ဖြုတ်စိမ်းပိုး၏ ကြိုက်နှစ်သက်မှု၊ မျိုးပွားမှု၊ အသက်ရှင်နိုင်မှုနှင့် ကြီးထွားမှုတို့သည် ရွက်မွှေးပါဝင်မှု အနည်းအများနှင့်များစွာ ဆက်စပ်မှုရှိကြောင်း တွေ့ရသည်။

အချိုရည်မပါသော ဝါမျိုးများ၊ ဂေါ်ဆီပေါ (gossypol) tannin ဓာတ်ပါဝင်မှုများသောဝါမျိုး၊ အနီရောင်ရှိသော ဝါမျိုးနှင့် ရုံးပတီရွက် (okra leaf type) ကဲ့သို့ လက်ခြားပုံရှိသော ဝါမျိုးများသည်လည်း ရွေးချယ်စိုက်ပျိုးသင့်သော ဝါမျိုးများ ဖြစ်သည်။ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ ဖြန့်ဖြူးပေးလျက်ရှိသည့် ရွှေတောင်(၈)၊ ငွေချည်(၉) အစရှိသော ဝါမျိုးများသည် စုပ်စားပိုးဒဏ်ကို အသင့်အတင့် ခံနိုင်ရည်ရှိကြောင်း တွေ့ရှိရသည်။



ဖြုတ်စိမ်းပိုးကျရောက်မှုလက္ခဏာ

### အကျိုးပြုမိတ်ဆွေပိုးများကို အသုံးပြုခြင်း

ပိုးမွှားများ၏သဘာဝရန်သူ၊ တောင်သူအကျိုးပြု မိတ်ဆွေပိုးများ၏တည်ရှိမှုကို မပျောက်ပျက်အောင် ထိန်းသိမ်းခြင်း၊ ယင်းပိုးများ ကြိုက်နှစ်သက်မည့်အခြေအနေများ ဖန်တီးပေးခြင်း၊ အကျိုးပြုပိုးများအား အချိန်မီ ကြိမ်ဖန်များစွာ စိုက်ခင်းအတွင်း လုံလောက်အောင် လွှတ်ပေးခြင်းသည် ထိရောက်သော နည်းလမ်းတစ်ခု ဖြစ်ပါသည်။ အဝါရောင်၊ အဖြူရောင်ပန်းပွင့်သည့် အပင်များကို စိုက်ခင်းပတ်ဝန်းကျင်နှင့် ကန်သင်းပေါ်တွင် စိုက်ပျိုးထားခြင်းဖြင့် အကျိုးပြုမိတ်ဆွေပိုးများကို ဆွဲဆောင်ရာရောက်သည်။ မြန်မာနိုင်ငံ၌ ဝါသီးနှံတွင်ကျရောက်သော ပိုးမွှားများ၏သဘာဝရန်သူသားရဲနှင့် ကပ်ပါးမျိုးစိတ်ပေါင်းမှာ ၁၀၀ ခန့်ရှိကြောင်း မှတ်တမ်းများအရ သိရသည်။ ယင်းတို့အနက် အရေးပါသော မိတ်ဆွေပိုးများမှာ လိပ်ခုံးပိုး၊ မျက်လုံးကြီးဂျပိုး၊ သားရဲဂျပိုး၊ ဇာတောင်ပိုး၊ ပျစားယင်၊ နဂါးနှင့် ပင့်ကူတို့ဖြစ်ကြောင်း သိရှိရသည်။

### ပိုးသတ်ဆေးများအသုံးပြု၍ ကာကွယ်နှိမ်နင်းခြင်း

ဘက်စုံပိုးမွှား ကာကွယ်ရေးစနစ်တွင် ပိုးသတ်ဆေးများကို အသုံးပြုခြင်းသည် ယခုအချိန်အထိ ရှောင်လွှဲမရ အသုံးဝင်သည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ စိုက်ခင်းအတွင်းရှိ ဖျက်ပိုးအရေအတွက်သည် စီးပွားရေးထိခိုက်စေနိုင်သည့် ပမာဏအထိ များပြားလာပါက ပိုးသတ်ဆေးကို မဖြစ်မနေပက်ဖျန်းပေးရန် လိုအပ်ပါသည်။ ဓာတုပိုးသတ်ဆေးများကို မှန်ကန်စွာအသုံးပြုပါက ပိုးမွှားကာကွယ်နှိမ်နင်းရာတွင် ထိရောက်မြန်ဆန်ပြီး စီးပွားရေးအရ အကျိုးကျေးဇူးများသည့်အတွက် တောင်သူဦးကြီးများအဖို့ အားထားနေရသော နည်းလမ်းလည်း ဖြစ်ပါသည်။ ပိုးမွှားကာကွယ်ရာတွင် ထိရောက်မှုရှိစေရန် ဝါပင်တွင် ကျရောက်ဖျက်ဆီးသော ပိုးများ၏ သဘာဝနှင့် ဖျက်ဆီးမှုလက္ခဏာများကိုသိရှိအောင် လေ့လာထားရန်လိုအပ်သည်။ မိမိစိုက်ပျိုးထားသော စိုက်ခင်းကို အပင်ပေါက်ရပြီးချိန်မှစ၍ အနည်းဆုံးတစ်ပတ်လျှင် တစ်ကြိမ်သွားရောက်ကာ ပိုးမွှားကင်းထောက် မှတ်တမ်းများကို စနစ်တကျကောက်ယူ၍ပိုးမွှားကာကွယ်နှိမ်နင်းရေးကို မျက်ခြည်မပြတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ အကယ်၍ ဖျက်ပိုးအရေအတွက်သည် စီးပွားရေးကျော်လွန်စည်း (ETL) သို့ ရောက် ရှိမှသာ သင့်တော်သည့် ပိုးသတ်ဆေးကို သတ်မှတ်နှုန်းထားအတိုင်း ဖျန်းပေးရမည် ဖြစ်သည်။

မစိုက်ပျိုးခင် မျိုးစေ့ကို အက်စစ်နှင့်ချွတ်၍ အင်မီဒါကလိုပရစ်နှင့် လူးနယ်စိုက်ပျိုးခြင်းသည် ဖြုတ်စိမ်းပိုးအပါအဝင် စုပ်စားပိုးများ ကျရောက်ခြင်းကို ၅၀ ရက်သားခန့်အထိ ကာကွယ်ပေးနိုင်ကြောင်း မှတ်တမ်းများအရ သိရသည်။ ပိုးသတ်ဆေးကို နှစ်မျိုးနှင့်အထက်ရောစပ်၍ အသုံးပြုခြင်း၊ တစ်မျိုးတည်းကို ကြိမ်ဖန် များစွာ ဆက်တိုက် အသုံးပြုခြင်းများကိုလည်း ရှောင်ရှားရန် လိုအပ်ပါသည်။ အပင်ငယ်စဉ်တွင် ပိုင်ရီသရိုက်ကဲ့သို့ ပိုးသတ်ဆေးများကို ပက်ဖျန်းပါက စုပ်စားပိုးများ တဖန်ပွားများလာနိုင်သည့်အတွက် ရှောင်ရှားသင့်ပါသည်။ စုပ်စားပိုးဖြစ်သည့်အတွက် ပင်လုံးပြန့် အာနိသင်ရှိသည့် အုပ်စုမတူသည့် ပိုးသတ်ဆေးများကို စနစ်တကျနှင့် အလှည့်ကျ ပက်ဖျန်းပေးရပါမည်။ ထို့အပြင် တမာပိုးသတ်ဆေး၊ တမာဆီ၊ ဆေးရွက်ကြီးစိမ်ရည် အစရှိသည့် သဘာဝပိုးသတ်ဆေးများကို အလှည့်ကျ ပက်ဖျန်းခြင်းဖြင့်လည်း ဓာတုဆေးများကို ခံနိုင်ရည်ရှိမှု လျော့နည်းသက်သာစေရုံသာမက ပတ်ဝန်း ကျင်ကို ထိန်းသိမ်းရာရောက်စေသည်။ ကျရောက်သောပိုးများနှင့် ကာကွယ်နှိမ်နင်း ရမည့် ပိုးသတ်ဆေးအမျိုးအစားတို့ကို ကိုက်ညီအောင်ရွေးချယ်၍ သတ်မှတ်နှုန်း ထားအတိုင်း မနက်စောစော (သို့မဟုတ်) ညနေခင်းအချိန်တို့တွင် ပက်ဖျန်းပေးရမည်။ ဆေးမဖျန်းမီ ဆေးပုလင်း (သို့) ဆေးထုပ်ပေါ်ရှိ အညွှန်းကို သေချာစွာ ဖတ်ရှုလေ့လာပြီးမှ ပက်ဖျန်းရမည်။

### ဥပဒေဖြင့်ကာကွယ်နှိမ်နင်းခြင်း

ပိုးသတ်ဆေးဥပဒေပြဋ္ဌာန်းခြင်း၊ လေဆိပ်၊ ရေဆိပ်၊ ကားဂိတ်နှင့် နယ်စပ်ဒေသများတွင် Quarantine Section များထားရှိ၍ နိုင်ငံအတွင်းသို့ ထိန်းချုပ်ပိုးမွှားရောဂါများ ဝင်ရောက်ခြင်းကို တားဆီးကာကွယ်နိုင်ခြင်းနှင့် အပင်ပိုးမွှားကာကွယ်ရေးဥပဒေပြဋ္ဌာန်းခြင်းဖြစ်ပါသည်။ ဝါသီးနှံ ဘက်စုံကာကွယ်ရေးတွင် ပါဝင်သည့် အထက်ပါ နည်းလမ်းများကို တစ်ခုတည်း အသုံးမပြုဘဲ သင့်လျော်ပြီး ဖြစ်နိုင်ခြေရှိသည့် နည်းလမ်းများကို ဉာဏ်နှင့်ယှဉ်၍ သုံးစွဲသင့်ပါသည်။ အချိန်ကာလ၊ နေရာဒေသ၊ ပတ်ဝန်းကျင်အခြေအနေများနှင့်ကိုက်ညီအောင် စဉ်းစားချင့်ချိန်သုံးစွဲခြင်းဖြင့် ပတ်ဝန်းကျင်ရှိ သက်ရှိများအတွက် လုံခြုံစိတ်ချ၍ ဘေးအန္တရာယ်ကင်းကာ အထွက်ကောင်းဝါများရရှိပြီး တောင်သူများ ဝင်ငွေတိုးတက်ကြစေရန် ဆန္ဒပြုရင်း။

# နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စပါးအထွက်တိုးရေး

**သတင်းဆောင်းပါး-အောင်ဝင်း(ဖျာပုံ)**

မိုးအကုန် ဆောင်းအကူး ရက်များသည် ကျေးလက်နေတောင်သူတို့ မိမိတို့စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေသည်ကို ကြည့်ပြီး ဝမ်းသာပီတိဖြစ်လျက် အတွေးနယ်ချဲ့နေကြသည့်အချိန်အခါဖြစ်ပေသည်။ စပါးများ အောင်မြင်ဖြစ်ထွန်း အထွက်တိုးပါက တောင်သူများအနေဖြင့် အဆင်ပြေကြမည်ဖြစ်သည်။

နှစ်စဉ် စပါးအထွက်တိုးရေးသည် တောင်သူတို့၏ စီးပွားရေး တိုးတက်မှုအတွက်သာမကဘဲ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း အရေးကြီးသောလုပ်ငန်းတစ်ရပ်ဖြစ်သည်။ နှစ်စဉ် စပါးအထွက်တိုးမှသာလျှင် ပြည်တွင်းစားသုံးမှုအတွက် လုံလောက်စေပြီး ပြည်ပတင်ပို့မှု တိုးလာစေကာ ကျေးလက်နေပြည်သူများ၏ လူမှုဘဝများနှင့် စီးပွားရေးတို့ကိုလည်း မြင့်မားလာစေမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန်လေးသန်းအထိ တင်ပို့နိုင်ရန်နှင့် ကမ္ဘာ့ဆန်အများဆုံးတင်ပို့နိုင်သည့် ငါးနိုင်ငံစာရင်းတွင် ပါဝင်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရပြီး နိုင်ငံတော်အနေဖြင့် ဆန်စပါး ဝယ်လိုအားများသည့် တရုတ်နိုင်ငံအပြင် အာဖရိကဈေးကွက်ကိုပါ ဈေးကွက်ချဲ့ထွင် တင်ပို့လျက်ရှိရာ ၂၀၁၇/၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၂ ဒသမ ၅ သန်းအထိ တင်ပို့နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

ဆန်စပါးများ ပြည်တွင်းစားသုံးမှုဖူလုံစေရေးနှင့် ပြည်ပတိုးမြှင့်တင်ပို့နိုင်ရန်အတွက် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် နှစ်စဉ် စပါးစိုက်ဧက တိုးမြှင့်ရေးနှင့် တစ်ဧကချင်း စပါးအထွက်တိုးရေးတို့ကို ခေတ်မီနည်းစနစ်များဖြင့် တီထွင်ကြံဆကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုအနက် ဧရာဝတီတိုင်းဒေသကြီးသည် ဆန်စပါးအထွက်ကောင်းသော တိုင်းဒေသကြီးဖြစ်ပြီး တိုင်းဒေသကြီးအတွင်းမှ ဖျာပုံခရိုင်သည် နိုင်ငံတော်အတွက် စပါးစိုက်ပျိုးထုတ်လုပ်ရေးတွင် အဓိကကျသည့် ခရိုင်တစ်ခုအဖြစ် ရပ်တည်လျက်ရှိနေပေသည်။

**သက်သေပြု**

စပါးစိုက်ပျိုးရေးနှင့်ပတ်သက်၍ ထူးခြားသည့် ဝိသေသမှာ ဆောင်းစပါးအစ ဖျာပုံခရိုင် ကျိုက်လတ်ကဟု ဆိုရမည်ဖြစ်သည်။ ဆောင်းစပါးစိုက်ပျိုးသည့်စနစ် စတင်ရန် တောင်သူများအား စည်းရုံးဆောင်ရွက်ရာတွင် ကျိုက်လတ်မြို့နယ်သည် စိတ်အဝင်စားဆုံးမြို့နယ်ဖြစ်ခဲ့ပြီး အထူးအောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းခဲ့၍ နိုင်ငံတော်က ဆုများပင် ချီးမြှင့်ခဲ့ကြောင်း သမိုင်းက သက်သေပြုလျက်ရှိနေပေသည်။

ယခုအခါဖျာပုံခရိုင်အတွင်း မိုးစပါးထက် ဆောင်းစပါးများကို တောင်သူများအလေးထားစိုက်ပျိုးနေကြသည်။ ရေခံမြေခံကောင်းမွန်မှုတို့ကြောင့် မိုးစပါးနှင့် ဆောင်းစပါးများ နှစ်စဉ်လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရသည်။



ဖျာပုံ-ကျိုက်လတ်လမ်းဘေး ဂုံညှင်းတန်းတံတားအနီးမှ အောင်မြင်ဖြစ်ထွန်းနေသည့် မိုးစပါးခင်း

၂၀၁၇/၂၀၁၈ မိုးစပါးစိုက်ပျိုးထားမှုများနှင့်ပတ်သက်၍ ဖျာပုံခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်လှိုင်က ခရိုင်အတွင်း စိုက်ပျိုးရန် လျာထားချက်အနေဖြင့် ဖျာပုံမြို့နယ်တွင် ဧက ၂၀၆၆၁၀၊ ဘိုကလေးမြို့နယ်တွင် ၃၁၀၈၂၄ ဧက၊ ကျိုက်လတ်မြို့နယ်တွင် ၁၃၂၇၅၄ ဧကနှင့် ဒေးဒရဲမြို့နယ်တွင် ၁၇၈၂၇၇ ဧက တို့ဖြစ်ကာ ခရိုင်အတွင်း စုစုပေါင်းစိုက်ပျိုးရန် ၈၂၈၄၆၅ ဧက လျာထားဆောင်ရွက်ခဲ့ပြီး အမှန်တကယ် စိုက်ပျိုးနိုင်မှုမှာ ၈၆၂၆၆၂ ဧကအထိ စိုက်ပျိုးနိုင်ခဲ့၍ ရာခိုင်နှုန်းအားဖြင့် ၁၀၄ ဒသမ ၁၁ ရာခိုင်နှုန်း ရှိခဲ့ကြောင်း ပြောပြသည်။

**အများဆုံးစိုက်ပျိုးထား**

ဖျာပုံခရိုင်အတွင်း မိုးစပါးရာသီ၌ စိုက်ပျိုးထားသည့် စပါးမျိုးများထဲတွင် သီးထပ်ရင်၊ ဆင်းသွယ်လတ်၊ ရက် ၉၀ မျိုးများကို အများဆုံးစိုက်ပျိုးပြီး အဆင့်မြင့်မျိုးတွင် ပေါ်ဆန်းရင်မျိုးကို အများဆုံးစိုက်ပျိုးထားကြောင်း၊ ဒေသမျိုးများထဲတွင် မီးတုံးနှင့် နံ့ကားမျိုးများကို အများဆုံး စိုက်ပျိုးထားကြောင်း၊ ဖျာပုံခရိုင်တစ်ခုလုံးအတွင်း အများဆုံးစိုက်ပျိုးထားသောမျိုးမှာ ပေါ်ဆန်းရင်စပါးမျိုးဖြစ်ပြီး စိုက်ဧကပေါင်း ၂၆၀၀၀၀ ရှိကြောင်း လက်ထောက်ညွှန်ကြားရေးမှူးက ဆက်ပြောသည်။

မိုးစပါးစိုက်ပျိုးရာသီတွင် တောင်သူများ စိုက်ပျိုးစရိတ် အဆင်ပြေစေရေးအတွက် ချေးငွေများထုတ်ချေးပေးခဲ့မှုနှင့် ပတ်သက်၍ ဖျာပုံမြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဒေါ်ခင်စောဝတီမြင့်အား တွေ့ဆုံမေးမြန်းရာ မိုးစပါးစိုက်ပျိုးကြသည့် တောင်သူများအား ၂၀၁၇ မေလမှ စက်တင်ဘာလကုန်အထိ ထုတ်ချေးပေးရမည့် ငွေပမာဏ၏ ၈၄ ဒသမ ၂၂ ရာခိုင်နှုန်း ထုတ်ချေးပေးနိုင်ခဲ့ကြောင်း ပြောသည်။

**စတင်ရိတ်သိမ်းရမည်**

ဖျာပုံခရိုင်အတွင်း စိုက်ပျိုးထားကြသည့် မိုးစပါးစိုက်ခင်းများမှာ အခြား တိုင်းဒေသကြီးများနှင့် ပြည်နယ်များနှင့် နှိုင်းယှဉ်လျှင် ရာသီဥတုဒဏ်၊ ပိုးမွှားဒဏ်များ မခံစားခဲ့ရသဖြင့် အထူးအောင်မြင်ဖြစ်ထွန်းနေကြပြီး သက်ငယ်စပါးများမှာ ရိတ်သိမ်းပြီး၊ ရိတ်သိမ်းဆဲနှင့် သက်ကြီးစပါးများမှာ နိုဝင်ဘာလကုန်တွင် စတင်ရိတ်သိမ်းရမည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၄ ရက်နံနက်က ဒေးဒရဲမြို့နယ် ခနောင်ကျေးရွာမှ တောင်သူဦးတူးမောင်က သက်ငယ်စပါး ၂၅ ဧကလုပ်ကိုင်ပြီး ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ ပျမ်းမျှ တစ်ဧက စပါးတင်း ၅၀ ထွက်ရှိကြောင်း၊ ဆောင်းစပါးစိုက်ပျိုးမည့် တောင်သူများအား မျိုးစပါးအဖြစ် ပြန်ရောင်းပါက စပါးတင်း ၁၀၀ လျှင် ကျပ်ကိုးသိန်းခန့်ရနိုင်ကြောင်း ပြောသည်။

ဖျာပုံ-ကျိုက်လတ်ကားလမ်းဘေး ဂုံညှင်းတန်းတံတားအနီးတွင် လယ်ဧက ၂၀ လုပ်ကိုင်နေသူ တောင်သူဦးချစ်အေးက ယခုနှစ် ရာသီဥတုအခြေအနေ ကောင်းသဖြင့် စိုက်ပျိုးပြီး စပါးပင်ဖြစ်လာသည့်အခါတွင်လည်း ပိုးမွှားအန္တရာယ် မကြုံတွေ့ခဲ့ရကြောင်း၊ ရာသီဒဏ်နှင့် ပိုးမွှားဒဏ် မခံခဲ့ရ၍ စပါးပင်များ ဖြစ်ထွန်းအောင်မြင်နေကြောင်း၊ ပေါ်ဆန်းရင်စပါးများစိုက်ပျိုးထားကြောင်း၊ တစ်ဧကလျှင် ပျမ်းမျှ စပါး ၆၅ တင်းခန့် ထွက်ရှိရန် မှန်းထားကြောင်း၊ နိုဝင်ဘာလကုန်လောက်တွင် ရိတ်သိမ်းရမည်ဖြစ်ကြောင်း၊ ဆောင်းစပါး အချိန်မီစိုက်ပျိုးနိုင်ရန် ယခင်နှစ်ကလိုပင် ကောက်ရိတ်စက်နှင့်ပင် ရိတ်သိမ်းမည်ဖြစ်ကြောင်း၊ မိုးစပါးစိုက်ပျိုးခြင်းမှာ တောင်သူများအဖို့ နွေစပါးလောက် အကျိုးအမြတ်မရှိကြောင်း၊ ကိုယ့်အတွက် အရနည်းသော်လည်း နိုင်ငံတော်အတွက်ကြည့်၍ စိုက်ပျိုးနေခြင်းဖြစ်ကြောင်း ပြောသည်။

လယ်ယာလုပ်ငန်းတွင် အထွေထွေလုပ်သား၊ ကောက်စိုက်သမနှင့် စပါးရိတ်သိမ်းရန်အတွက် လုပ်သားအခက်အခဲများရှိကြောင်း တောင်သူများ၏ ပြောကြားမှုများအရ သိရသည်။ လယ်ဧက များသူများအနေဖြင့် စက်ဖြင့် ထွန်ယက်စိုက်ပျိုး ရိတ်သိမ်းမှုများ ဆောင်ရွက်လျက်ရှိကြသော်လည်း လယ်ဧကနည်းသူများအဖို့မှာ အခက်အခဲများကြားမှပင် ကောက်ရိတ်သမများဖြင့်ပင် ရိတ်သိမ်းနေကြရဆဲဖြစ်ကြောင်း သိရသည်။

နှစ်စဉ်လိုလို မိုးစပါးနှင့် ဆောင်းစပါးကို ရာသီလှည့် လုပ်ကိုင်လျက်ရှိကြရာမှ တောင်သူများအနေဖြင့် လယ်ထွန်စက်ကောက်ရိတ်စက်များ၏ အရေးပါ အရာရောက်ပုံတို့ကို သိမြင်လာကြပြီဖြစ်သည်။ တောင်သူတို့၏ လိုအပ်ချက်များဖြစ်သည့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ နည်းပညာ၊ ငွေကြေးပံ့ပိုးမှု တိုးမြှင့်ရရှိရေးနှင့် လယ်ယာသုံးစက်ကိရိယာများကို နိုင်ငံတော်မှ ထောက်ပံ့ပေးလာပါက စပါးပို၍အထွက်တိုးလာမည်ဖြစ်သကဲ့သို့ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အလွယ်တကူ ပြောင်းလဲသွားမည်ဖြစ်ကြောင်း အကြံပြုအပ်ပါသည်။ ။

## ကောက်ကျဲစိုက်နည်းစနစ် မိုးစပါး စံပြကွက် ရိတ်သိမ်း

**ကျောက်တံခါး နိုဝင်ဘာ ၅**

တောင်သူများစပါးအထွက်ကောင်းပြီး ဝင်ငွေတိုးစေရန်အတွက် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပဲနွယ်ကုန်းရွာမကျေးရွာအုပ်စု ဘက်စုံအဆင့်မြင့်နည်းပညာပေး စံပြကျေးရွာ(ဒိုးတန်း)၌ ပျိုးသက်နုကောက်ကျဲစိုက်နည်းစနစ်(SRI)ဖြင့် စိုက်ပျိုးထားသော မိုးစပါးစံပြကွက် ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁ ရက်က အဆိုပါစိုက်ကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ စံပြကွက် ရိတ်သိမ်းပွဲသို့ ဒေသခံတောင်သူများအား လာရောက်လေ့လာကြည့်ရှုစေခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက စိုက်ကွက်ကို ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ရိတ်သိမ်း၍ စပါးထွက်ရှိမှုကို ခြင်တွယ်ရာ တစ်ဧကလျှင် စပါးအစို ၁၂၅ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**



## ကျွဲနှင့် လှည်းရှိသူများ စပါး အငှားတိုက်ခြင်းဖြင့် နေ့စဉ် ဝင်ငွေကောင်းနေ

**ရေတာရှည် နိုဝင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးသည့် တောင်သူများထဲမှ လမ်းပန်းခက်ခဲပြီး စပါးသယ်ယူရန် အခက်အခဲရှိသော တောင်သူများအနေဖြင့် ကျွဲနှင့်လှည်းရှိသူများကို အားထား၍ လှည်းများ ငှားရမ်းသုံးစွဲနေကြရသောကြောင့် ကျွဲနှင့်လှည်းအပိုင်ရှိသူများအနေဖြင့် စပါးအငှားတိုက်ခြင်းဖြင့် နေ့စဉ် ဝင်ငွေကောင်းနေသည်ကို တွေ့ရှိရသည်။



စပါးစိုက်ပျိုးကြရာတွင် မျိုးကွဲပြားမှုကြောင့် စိုက်ချိန်ကွာဟခြင်းနှင့် စပါးပေါ်ချိန်၌ စက်ဝင်ရန် လမ်းမပေါက်ခြင်းတို့ကြောင့် ရိတ်သိမ်းပြီးသည့် စပါးနှင့် ကောက်လှိုင်းများကို တောင်သူများအနေဖြင့် ကျွဲလှည်းဖြင့်သာ အငှားတိုက်ကြရကြောင်း၊ ခြွေလှေ့စက်ဖြင့် ခြွေထားသည့် စပါးများကိုလည်း လမ်းပေါက်သည့်နေရာအရောက် ကျွဲလှည်းဖြင့်သာ ငှားရမ်းသယ်ဆောင်ရသည့်အတွက် နေ့စဉ် ဝင်ငွေရရှိနေကြခြင်းဖြစ်ကြောင်း သိရသည်။

“စပါးတစ်တင်းကို လှည်းတိုက်ခ ၃၀၀ ကျပ် ပေးရတယ်၊ တင်း ၁၀၀ ဆို ငွေသုံး သောင်းကျနေပြီ၊ လှည်းသမားတွေကတော့ တွက်ခြေကိုက်တယ်၊ တောင်သူတွေကျတော့ စပါးဈေးနှုန်းထဲက ပြန်ဖဲ့ပြီး ကုန်ရတော့တာပေါ့”ဟု တောင်သူတစ်ဦးကပြောသည်။

ကျေးလက်ဒေသများတွင် စက်ကိရိယာများ သုံးစွဲမှု မြင့်တက်လာသည့်အလျောက် ကျွဲ၊ နွားကို အသုံးပြုသူ နည်းပါးလာသည်ဖြစ်ရာ ကျေးရွာအလိုက် ကျွဲ/နွား ကောင်ရေသည် သိသာစွာ ရှားပါးနေပြီဖြစ်သည်။

ထို့ကြောင့် အချို့ ကျေးရွာများမှ တောင်သူများမှာ ကျွဲနှင့် လှည်းများ လိုအပ်ချိန်တွင် မိမိတို့ကျေးရွာသာမက အခြားရွာများအထိ လိုက်လံ၍ ငှားရမ်းနေကြရသည်များလည်း ရှိနေသည်ကို တွေ့ရသည်။

**ကိုလွင်(ဆွာ)**

## စိုက်ပျိုးရေးသုတေသန(ရေဆင်း)သို့ နိုင်ငံတကာမှ ကိုယ်စားလှယ်များ လာရောက် လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၅**

ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနနှင့် ကျင်းပပြုလုပ်သည့် တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး အသိဉာဏ်ပစ္စည်းမှုပိုင်ခွင့် အခွင့်အရေးများအ ကြောင်း အကြံပေးသင်တန်း နောက်ဆက်တွဲအစည်းအဝေးသို့ တက်ရောက်လာကြသည့် ဆွီဒင်၊ ဆူဒန်၊ ယူဂန္ဒာ၊ အီသီယိုးပီးယား၊ မာလာဝီ၊ ဇင်ဘီယာ စသည့်နိုင်ငံများမှ ကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရေဆင်း)သို့ အောက်တိုဘာလနောက်ဆုံးပတ်အတွင်းက လေ့လာရေးလာရောက်ခဲ့ကြသည်။

အဆိုပါလေ့လာရေးအဖွဲ့သည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့ဘဏ်သို့ လာရောက်လေ့လာရာ မျိုးစေ့ဘဏ်အစည်းအဝေးခန်းမအတွင်း၌ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ သမိုင်းကြောင်း၊ သုတေသနပြုဆောင်ရွက်နေသော သီးနှံများနှင့် စိုက်နည်းစနစ်များ သုတေသနရလဒ်များ၊ နိုင်ငံအဝန်းရှိ စိုက်ပျိုးရေးသုတေသနခြံများ၊ နိုင်ငံတကာနှင့်ချိတ်ဆက်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုများ အစရှိသည့် မှတ်တမ်းတင်ဗီဒီယိုကို ပြသခဲ့သည်။ ဆက်လက်၍ မျိုးစေ့ဘဏ်ဌာနစုမှ တာဝန်ခံ ဒေါက်တာမင်းစံသိန်းက မျိုးစေ့ဘဏ်အတွင်း ထိန်းသိမ်းထားရှိသော အပင်ဗီဇမျိုးကွဲများအကြောင်းကိုလည်းကောင်း၊ ပေါ်ဆန်းမျိုးကွဲပေါင်း ၁၀၀ ကျော်ပေါ်တွင် ပေါ်ဆန်းစပါးမျိုး၏ ဒေသန္တရမှုပိုင်ခွင့် (Geographical Indication-GI)အတွက် သုတေသနများ ဆောင်ရွက်ထားရှိမှု အကြောင်းကိုလည်းကောင်း Power Point ဖြင့် ရှင်းလင်းပြသပြီး အပင်မျိုးသစ်အကာအကွယ်ပေးရေးဌာနစု၊ ဌာနစုတာဝန်ခံ ဒေါက်တာပပဝင်းက မြန်မာနိုင်ငံအတွင်း အပင်မျိုးမွေးမြူသူ (Breeder)များ၏ ဉာဏပိုင်း ကြိုးပမ်းအားထုတ်မှုဖြင့် ရရှိလာသော ရလဒ်များအပေါ် ဥပဒေအရ အကာအကွယ်ပေးထားသည့် PVP Law နှင့် အပင်မျိုးသစ်များအား ကာကွယ်ခွင့်လျှောက်ထားနိုင်မည့် နည်းလမ်းများကို မြန်မာနိုင်ငံ၌ ကျင့်သုံးနေပုံကို ရှင်းလင်းပြသသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များအား ပြခန်း ၁ တွင် ခင်းကျင်းပြသထားသည့် စပါး၊ ပြောင်းနှင့်အခြား နှံစား၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံသီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ၊ သီးနှံစိုက်စနစ်၊ မြေဆီလွှာစသည့် သီးနှံအလိုက် ပြကွက်များကိုလည်းကောင်း၊ ပြခန်း ၂ အတွင်းရှိ ရေအသုံးချရေး၊ ပိုးမွှား၊ အပင်ရောဂါ၊ ဇီဝနည်းပညာအစရှိသော နည်းပညာသုတေသနပြကွက်များအားလည်းကောင်း၊ စပါးအပါအဝင် အခြားသောသီးနှံမျိုးစေ့များအား နှစ်တို၊ နှစ်လတ် အအေးခန်းစနစ်ဖြင့် သိုလှောင်ထားပုံများကိုလည်းကောင်း လိုက်လံပြသခဲ့သည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# စိတ်တို... အသက်တို၊ စိတ်ရှည်... အသက်ရှည်



**ကြည်လွင်မြင့်(မုံရွာ)**

ယနေ့ခေတ် သတင်းစာ၊ ဂျာနယ်များ ဖတ်လျှင် နေ့စဉ်နှင့်အမျှ လူသတ်မှု၊ ဓားခုတ်မှု၊ ဓားထိုးမှု၊ ရန်ပွဲများ အကြောင်းကို ဖတ်ရှုနေရသည်။ ထိုသို့ သတ်ကြ၊ ဖြတ်ကြ၊ ရန်ဖြစ်ကြခြင်း၏ အကြောင်းရင်းခံများကို ဖတ်ရှုသောအခါ သာမန်ကိစ္စ အသေးအဖွဲလေးမှ စတင်ပြီး စိတ်တို၊ စိတ်တိုရာမှ... ဒေါသထွက်... ဒေါသ၏ နောက်ဆက်တွဲ အဖြစ်... တုတ်ဆွဲ၊ ဓားဆွဲ သတ်ပွဲများ ဖြစ်ကြရသည်။ လူအချင်းချင်း သာမန် ခွင့်လွှတ်သင့်သည်များကို ခွင့်မလွှတ်ကြ။ ဒေါသအလျောက် ဖြေရှင်းကြသည်။ မဖြစ်သင့်တာဖြစ်၊ သေသူသေ၊ ထောင်ကျသူကျ ဘဝပျက်သူ ပျက်ကြရသည်။

**အသက်တိုနိုင်**

အနိဋ္ဌာရုံသတင်းများကို နေ့စဉ် ဖတ်ရှုနေရသူ... ကြားသိနေရသူများမှာ... ကိုယ်တိုင်မမြင်ရသော်လည်း ကြားသိရသည်နှင့်ပင် စိတ်မချမ်းသာ ဖြစ်ကြရသည်။ စိတ်မချမ်းသာခြင်းကြောင့်ပင် ရောဂါရပြီး အသက်တိုနိုင်သည်။

တိုင်းရင်းဆေးပညာတွင် ဝါယော(လေဓာတ်) အမျိုးမျိုး ရှိသည့်အနက်... စိတ္တဇဝါယောဟုခေါ်သည့် (စိတ်ကြောင့်ဖြစ်သော ဝါယော) တစ်မျိုး ရှိသည်။ စိတ်ထိခိုက်သွားသည်နှင့် စိတ္တဇဝါယောသည် ထကြွတော့သည်။ ဝါယောလွန်တွင် ပထမဦးစွာ... အစာမကြေရောဂါဖြစ်လာသည်။ လေပွပြီး မစားချင် မသောက်ချင် ဖြစ်လာသည်။ အစာမကြေခြင်းသည် ရောဂါမှန်သမျှ၏ အစပင်ဖြစ်သည်။ (ရောဂါမူလံ... အဇိဏ္ဏကံ)။

စာရေးသူတွင် သားသမီး လေးယောက်ရှိရာ သမီးအကြီးဆုံးသည် အလွန်စိတ်ကြီးသည်။ မဟုတ်မခံစိတ် ရှိသည်။ သူ့အောက် ညီမငယ်၊ မောင်ငယ်များအပေါ် အလိုမကျမှုများရှိလျှင် ဆူပူလေ့ရှိပြီး သူ့လုပ်ငန်းရှိ ဝန်ထမ်းများအပေါ်တွင်လည်း စည်းကမ်းကြီးသည်။ တစ်ခါတစ်ရံ စိတ်တိုင်းမကျလျှင် အစားစားချိန်ကို မစားဘဲ အလုပ်ကို အချိန်ပိုလုပ်လေ့ရှိသည်။ မကြာမီက ထိုသမီးကြီးတွင် ရောဂါဝေဒနာတစ်ခု ရလာသည်။ ထိုရောဂါမှာ အစာမကြေရာမှစသော အစာအိမ်ရောင်ရောဂါပင်ဖြစ်သည်။ စာရေးသူကိုယ်တိုင်လည်း ငယ်စဉ်က အလွန်စိတ်တိုသူ၊ စိတ်ဆတ်သူဖြစ်ခဲ့သည်။ စာရေးသူမှာ အစာအိမ်ရောဂါဖြစ်ခဲ့ဖူးပါသည်။

အစာအိမ်ရောင်ရောဂါရှိသူများသည် ဆေးသောက်တိုင်း မပျောက်၊ အစားဆင်ခြင်မှ ပျောက်နိုင်သည်။ အစာမကြေနိုင်သော မာကျောသောအစာများ မစားရ။ ဆန်ပြုတ်၊ စွပ်ပြုတ်၊ ခေါက်ဆွဲပြုတ် စသည့် ကြေလွယ်သော အစာများ ကိုစားမှ အစာအိမ်အရောင်ကျမည်ဖြစ်သည်။ ပူစပ်၊ ချဉ်သော အရသာများကိုလည်း ရှောင်ရသည်။ အစပ်ကြိုက်သူများ အစာအိမ်ရောင်တက်သည်။ အကြော်အလှော်များကို စားလျှင် မကြေနိုင်သော အစာ အစအနများသည် အစာ အိမ်နံရံတွင် စူးနိုင်သဖြင့် ဆီကြော်များ အကြွပ်ကြော်များကိုလည်း ရှောင်ရသည်။ ရက်ကြာကြာ အစာရှောင်နေရသော စာရေးသူ၏ သမီးကြီးသည်... ရောဂါဝေဒနာသက်သာ၍ ပျောက် ကင်းလုနီးသောအခါမှ... သူစားချင်တာ မစားရ ဟု စိတ်တို၍ အပူအစပ်များ စားလိုက်ပြန်ရာ... အစာအိမ်ပြန်ရောင်ပြီး ဆေးရုံတက်ရလုနီးပါးအခြေအနေသို့ ရောက်ခဲ့ဖူးသည်။ စိတ်တိုခြင်းကြောင့် ရောဂါပိုဆိုးတတ်သည်ကို သတိပြုဖို့လိုသည်။

**ဝေဒနာခံစား**

တစ်ခါက စာရေးသူ၏မိတ်ဆွေ ဆီးချိုဝေဒနာရှင် တစ်ဦးသည် အထူးကု ဆရာဝန်ကြီးများနှင့် ကုသပြီး သက်သာပျောက်ကင်းနေရာမှ မိသားစုက ထမင်းဝိုင်းတွင် သရက်သီးမှည့်များ စားနေကြသည်ကို မိမိမှာ မစားရဟု စိတ်တိုပြီး စားမိလိုက်သည်။ နောက်တစ်ရက်တွင် သွေးချို၊ ဆီးချိုများစွာတက်ပြီး သတိလစ်သွား၍ ဆေးရုံတင်ရပြီး လေဖြတ်သလို ဖြစ်သွားသည်။ ယနေ့အထိ ခန္ဓာကိုယ်တစ်ခြမ်းလေးသလို ဝေဒနာ ခံစားနေရသည်။ အစားအသောက်ကြောင့် စိတ်တိုခြင်းက ဒုက္ခပေးသည့် အဖြစ်ဆိုး။

အိမ်တစ်အိမ်တွင် ရောဂါဝေဒနာ(ဥပမာ- သွေးတိုး၊ ဆီးချို) ရှိသူနှင့်အတူ နေရလျှင်... ထိုသူ မတည့်သည့် အစားအစာကို အခြားအိမ်သားများက မစားသင့်ပေ။ အကယ်၍ စားလျှင်လည်း အတူမစားဘဲ သီးခြား၊ အချိန်ခွဲခြား၍ စားသောက်သင့်သည်။ အချို့ စိတ်တိုလွယ်သူများသည် သူများစား၍ မိမိမစားရလျှင်...သူများ လုပ်နိုင်သည်ကို မိမိမလုပ်နိုင်လျှင် စိတ်တိုတတ်ကြသည်။ ထိုစိတ်တိုမှုကြောင့်ပင် သူတို့ ဒုက္ခရောက်တတ်သည်။

စာရေးသူငယ်စဉ်က အိမ်နီးချင်း အဒေါ်ကြီး တစ်ဦးမှာ သားသမီးများကို ဆုံးမရာမှ စိတ်ကြီးပြီး တက်သွားရာ အသက်ဆုံးရှုံးသွားသည်ကို တွေ့ဖူးသည်။ သူ၏ သားသမီးများမှာ များစွာ စိတ်ထိခိုက်ကြရသည်။ စိတ်တို အသက်တို ဆိုသော စကားမှာ အလွန်မှန်သောစကား ဖြစ်သည်ကို လက်တွေ့ တွေ့ခဲ့ရဖူးသည်။

ရှေးက ဆေးကျမ်းများတွင်... စိတ်တိုသူများသည် အဖျားရောဂါဖြစ်နိုင်သည်ဟု ဆိုသည်။ စိတ်ကြီးခြင်း၊ စိတ်တိုခြင်း၊ စိတ်သောကများခြင်းကြောင့် အဖျားရောဂါဖြစ်နိုင်သည်။ စိတ်တိုသူများသည် အညောင်းအကိုက် အားကြီးသည်ဟု အဆိုရှိသည်။

ရှေးက တိုင်းရင်းဆေးဆရာကြီးများ လက်စွဲပြုရသော ရှုတော်မူ ဆေးအဘိဓာန်ကျမ်းတွင် အဖျားရောဂါဖြစ်ရခြင်းအကြောင်းကို အောက်ပါအတိုင်း ဖော်ပြထားသည်။

**ဖျားခြင်း ၉ ပါး**

အဖျားရောဂါ ဆိုသည်မှာ ကိုယ်ဣန္ဒြေ စိတ်များကို ပူပန်စေတတ်၏။ ခပ်သိမ်းသော အနာတို့ထက်ကြီးသည်ဟု ဆိုရ၏။ အကြင် အနာသည် ချွေးထွက်ခြင်းမရှိ ချုပ်၏။ ကိုယ်ပူပန်၏။ ကိုယ်လက်ကိုက်ခဲ တောင့်တင်းကျင်နာခြင်း စသည်ဖြစ်တတ်၏။ ထိုအနာကို အဖျားဟူ၍ သာမန်အားဖြင့် ခေါ်ဆိုရ၏။ ထိုအဖျားမျိုးတို့၌ ဖျားခြင်း ၉-ပါး အပြားရှိသည်ဟု ဆို၏။ ၉-ပါး ဟူသော်ကား-

၁။ ဥတုအပြောင်းအလဲ၌ ဖြစ်တတ်သောအဖျား။
၂။ မသင့်သော အစာကို စားမိခြင်း၊ ရေချိုးမှားခြင်းကြောင့် ဖြစ်သောအဖျား။
၃။ ကာမဂုဏ် လွန်ကြူး၍ ဖြစ်သောအဖျား။
၄။ သွေးရဲ သံရဲကိုမြင်၍ ထိတ်လန့်ခြင်းကြောင့် ဖြစ်သောအဖျား။
၅။ ရုက္ခစိုး ဘုမ္မစိုး စသူတို့၏ ဖမ်းစားသော ပယောဂကြောင့် ဖျားသောအဖျား။
၆။ ဒေါသအမျက်ကြီး၍ ဖြစ်သောအဖျား။
၇။ လေထန်ရာအရပ်၌ အိပ်၍ ဖျားသောအဖျား။
၈။ စည်းစိမ်ဥစ္စာ ပျက်စီး၍ ဖျားသောအဖျား။
၉။ အညော်အသင်း မကောင်းသော အပုပ်နံ့ စသည်တို့ကြောင့် ဖြစ်သောအဖျား။

ဤသို့သောအားဖြင့် ဖျားခြင်းအကြောင်း ၉-ပါးရှိသည်ဟု ဆို၏။

**(ရှုတော်မူ ဆေး အဘိဓာန် ၂ စောင်တွဲ၊ ဆရာကြီး ဦးဘသင်၊ ၁၉၅၂ ခုနှစ်ထုတ်မှ)**

အထက်ဖော်ပြသည့်ကျမ်းပါ ဖျားခြင်း ၉ ပါးတွင် နံပါတ် ၆ တွင် ဒေါသအမျက်ကြီး၍ ဖြစ်သောအဖျားဟူ၍ ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသဖြင့် တင်ပြခြင်း ဖြစ်ပါသည်။ ပိုးကြောင့် ဖြစ်သော အဖျား၊ ဥတုအပြောင်းအလဲကြောင့် ဖြစ်သော အဖျား၊ ရေချိုးမှား၍ ဖြစ်သော အဖျားတို့အပြင် ဒေါသကြောင့်ဖြစ်သော အဖျားဟူ၍ ရှေးဆေးကျမ်းများတွင် တွေ့ရှိရသည်။

အချို့မှာ ဒေါသကြီးခြင်း၏ ဆန့်ကျင်ဘက် စိတ်အားငယ်ခြင်း၊ ကြောက်တက်ခြင်း၊ စိတ်ကျရောဂါရှိခြင်းတို့ကြောင့်လည်း မကြာခဏ ဖျားတက်သည်။ အမှန်တော့ စိတ်တိုခြင်းနှင့် စိတ်အားငယ်ခြင်းသည် အစွန်းနှစ်ဖက်ဖြစ်ပြီး ဘယ်အရာမှ မကောင်းပေ။ အလယ်အလတ်စိတ်ထား မဇ္ဈိမပဋိပဒါသာ အကောင်းဆုံးဖြစ်သည်။

အကြောင်းအရာ တစ်ခုကြောင့်၊ ဆုံးရှုံးခြင်း၊ စိတ်တိုင်းမကျခြင်း တစ်ခုခုကြောင့် စိတ်တိုခြင်း သို့မဟုတ် စိတ်ဓာတ်ကျခြင်း မဖြစ်အောင် လက်ကိုင်ထားရမည့် တရားမှာ ဥပေက္ခာ တရားပင်ဖြစ်သည်။ အချို့က ဥပေက္ခာပြုခြင်းကို လျစ်လျူရှုခြင်းဟု ထင်ကြသည်။ မဟုတ်ပါ။ ဥပနှင့် အက္ခ ပေါင်းထားသော အလယ်အလတ်တွင်နေခြင်း တရားဖြစ်သည်။

အလယ်အလတ်တွင် နေခြင်းဖြင့် ဖြစ်ပြီးခဲ့သည်ကို မေ့ပစ်ခြင်းနှင့် မဖြစ်သေးသည်ကို ကြိုတင် ဒေါသထွက်ခြင်း သို့မဟုတ် ကြောက်ရွံ့ခြင်းဘေးမှ ကင်းဝေးနိုင်မည် ဖြစ်သည်။ ဤသည်မှာ အသက်ရှည်ခြင်းတရားပင် ဖြစ်သည်။

ဒေါသစိတ်ကို ထိန်းချုပ်နိုင်သော တရားလေးပါးရှိသည်။ ထိုတရား လေးပါးမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ် တရားလေးပါးပင် ဖြစ်သည်။ ထိုတရား လေးပါးတွင်လည်း ဥပေက္ခာတရားသည် နောက်ဆုံးမှာ ဖြစ်သော်လည်း အရေးကြီးဆုံး ဖြစ်သည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ တရားများမှာ ကောင်းသည့် အရာများပေါ်တွင် သက်ရောက်နေသည်။ မကောင်းသည့်အရာ၊ မနှစ်သက်သည့်အရာ တွေ့ပါက ဥပေက္ခာ တရားထားနိုင်မှသာ ဒေါသသို့ မကူးမည်ဖြစ်သည်။

**သတိပြုဖို့လို**

'စိတ်ထောင်း ကိုယ်ကြေ'ဟူသော စကားလည်း ရှိသေးသည်။ စိတ်ဓာတ်ကျသော အရာမှသာ စိတ်ကထောင်းသည်မဟုတ်၊ ဒေါသစိတ်ကလည်း ထောင်းနိုင်သည်ကို သတိပြုဖို့လိုသည်။ နောက်ဆုံးတွင် စိတ်ကြီးသူများသည် စိတ်လျှော့လိုက်သောအခါ ပုံကျလဲကျသွားသည်ကို တွေ့ရလေ့ရှိသည်။

ဘုရားရှင်လက်ထက်က မြတ်စွာဘုရား သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွစဉ် လမ်းခုလတ်တွင် ဗာဟိရ ဒိဋ္ဌိတက္ကဒွန်းကို ဟောကြားခဲ့ဖူးသည့် (ဒိဋ္ဌေဒိဋ္ဌမတ္တ) တရားတော်မှာ အလွန်မှတ်သားစရာ ဖြစ်သည်။ တရား၏အနှစ်ချုပ်မှာ- မြင်သည်ကို မြင်သည့်နေရာတွင် ရပ်ထားခဲ့၊ ဆက်၍ အကျယ်မချဲ့နှင့်။ ကြားသည်ကို ကြားသည့် ခဏမှာပင် ရပ်ထားခဲ့၊ အကျယ်ဆက်မတွေးနှင့်။ ဤသည်မှာ လောဘ၊ ဒေါသ၊ မောဟကို သတ်သည့် တရားပင်ဖြစ်သည်။ ဒေါသဖြစ်စရာမြင်ကွင်း သို့မဟုတ် ကြားသိခြင်းကို ဆက်၍ အရှည်တွေးလျှင် စိတ်တိုလာမည် ဖြစ်သည်။ စိတ်တိုခြင်းကြောင့် အမှားကို ပြုမိမည်ဟူ၍ ဖြစ်သည်။

စိတ်တိုသူများတွင် ဖြစ်နိုင်သော ရောဂါများမှာ...

၁။ သွေးတိုးရောဂါ
၂။ ခေါင်းကိုက်ရောဂါ
၃။ ဇက်ကြောတက်ရောဂါ
၄။ အစာမကြေရောဂါ
၅။ ဝမ်းချုပ်သောရောဂါ
၆။ အာရုံကြောနှင့်ဆိုင်သောရောဂါ
၇။ အတက်ရောဂါ
၈။ နှလုံးအောင့်ရောဂါ
၉။ အိပ်မပျော်သောရောဂါ
၁၀။ ဦးနှောက်သွေးကြောပြတ်ရောဂါ

အသက်ငယ်ငယ်နှင့် သွေးတိုးရောဂါ ဝင်လာသူများသည် စိတ်တိုသူများ ဖြစ်ကြသည်ကို တွေ့ရသည်။ သွေးတိုးရောဂါကို အငန်ကြိုက်သူများ၊ အဆီနှင့်အသားကို အသီးအရွက်ထက် ပို၍ စားသုံးသူများတွင်သာ ဖြစ်နိုင်သည်ဟုထင်လျှင် မှားမည်ဖြစ်သည်။ အလုပ်အကိုင်များတွင် စိတ်ဖိစီးမှုများသူ၊ ဖိနှိပ်ခံရသူ၊ မကျေနပ်မှုများသူတို့တွင်လည်း သွေးတိုးရောဂါ ဖြစ်နိုင်သည်ဟု စိတ်ပညာရှင်များ၏ သုတေသန တွေ့ရှိချက်များက ဆိုသည်။ သွေးတိုးရောဂါရပြီး နှစ်ကြာလာသောအခါ နှလုံးရောဂါ ဝင်လာတတ်သည်။

**ရုတ်တရက် နှစ်လုံးရပ်**

နှလုံးရောဂါ အမျိုးမျိုးတွင် နှလုံးသွေးကြောကျဉ်းရောဂါသည် အဖြစ်များသော ရောဂါဖြစ်သည်။ နှလုံးကြွက်သားများသည်လည်း သူတို့ကိုယ်တိုင် ရှင်သန်ဖို့အတွက် သွေးထောက်ပံ့မှုရရှိဖို့လိုသည်။ နှလုံးသွေးကြောမကြီးမှ နှလုံးသို့ ပြန်၍ဖြန့်သော သွေးကြော အခက်အလက်များတွင် ကျဉ်းမြောင်းခြင်း၊ ပိတ်ဆို့ခြင်းကြောင့် နှလုံးအောင့်ရောဂါ Angina ဖြစ်ရသည်။ ထိုရောဂါအခံရှိသူသည် ရုတ်တရက် စိတ်တိုပြီး ဒေါသပေါက်ကွဲသောအခါ ရုတ်တရက် နှလုံးရပ်သောရောဂါ(Heart attack)ရပြီး အသက်ဆုံးရသည်ကို များစွာတွေ့ရဖူးသည်။

လေဖြတ်သူများတွင်လည်း ဒေါသဖြင့် အော်ဟစ်ပြောဆိုရာမှ ရုတ်တရက် လဲကျပြီး လေဖြတ်သူ များစွာရှိသည်။ ထိုသူများ၏ နှလုံးညှစ်အားများလာပြီး သွေးခဲ၊ အဆီခဲလေးများ ပြုတ်ထွက်ကာ ဦးနှောက်သို့ သွားရောက် ပိတ်ဆို့ရာမှ (Brain attack) ဖြစ်ပြီး လဲကျသေဆုံးခြင်း၊ သို့မဟုတ် လေဖြတ်ခြင်း ဖြစ်နိုင်သည်။

စိတ်ကြီးသူများ ရောဂါဝေဒနာ တစ်ခုခု ရလာလျှင် ဆန့်ကျင်ဘက် စိတ်ကျရောဂါ ဖြစ်လာသည်ကိုလည်း တွေ့ရသည်။ ထိုသူများကို ကျန်းမာရေးသတင်းမေးသွားသူ မိတ်ဆွေ ငယ်သူငယ်ချင်းများနှင့် တွေ့လျှင် ဝမ်းနည်းခြင်း၊ ငိုကြွေးခြင်းများ ဖြစ်သည်ကို တွေ့ရတတ်သည်။ အစွန်းတစ်ဖက်တွင် နေသူသည် ဆန့်ကျင်ဘက် အခြားအစွန်း တစ်ဖက်သို့လည်း ရောက်ရှိသွားတတ်သည်မှာ နိယာမဖြစ်သည်။

**ကူးပြောင်းသွားသူများ**

အချို့သူများမှာလည်း ငယ်စဉ်က အလွန်စိတ်ကြီး ဒေါသကြီးရာမှ အသက်ကြီးလာသောအခါ ဘဝအတွေ့အကြုံများကြောင့် ပြောင်းလဲသွားသည်ကို တွေ့ရသည်။ တရားဓမ္မအဆုံးအမနှင့် ပါရမီပါ၍ ကြုံတွေ့သွားခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ လူဆိုးလူမိုက်ဘဝမှ တရားအားထုတ်သော ယောဂီဘဝ၊ ရဟန်းဘဝ ကူးပြောင်းသွားသူများစွာရှိသည်။ ထိုသူများသည် အသက်ရှည်စွာနေရသည်ကို တွေ့ရသည်။

စိတ်သည် ပြောင်းလဲနိုင်သောအရာဖြစ်သည်။ အသက်ငယ်စဉ် အတွေ့အကြုံ နုနယ်စဉ်က ခံယူချက်ကို အသက်ကြီးလာ၍ အတွေ့အကြုံ ရင့်ကျက်လာသောအခါ ပြုပြင်ပြောင်းလဲ လိုက်လျှင် စိတ်တိုလွယ်သူများသည် စိတ်ရှည်သူများ ဖြစ်လာကြသည်။

လူတိုင်း အသက်ရှည်ရှည် နေချင်ကြသည်။ အသက်လည်းရှည်၊ အနာလည်းကင်းလျှင် အကောင်းဆုံး ဖြစ်သည်။ အသက်ရှည်စေသော အကြောင်းရင်း ဖြစ်သည့် 'ကံ၊ စိတ်၊ ဥတု၊ အာဟာရ'တို့တွင် ကံကို ဖယ်လိုက်လျှင် စိတ်သည် အဓိကကျသည်ကို တွေ့ရသည်။ 'စိတ်တို... အသက်တို'ဟူသော ရှေးလူကြီးများ လက်သုံးစကားကို ဆန့်ကျင်ဘက် ပြုလုပ်မည်ဆိုလျှင် 'စိတ်ရှည်... အသက်ရှည်' ဟူသော အကြောင်းအရာ ပေါ်လာပါသည်။ စိတ်တိုခြင်းကြောင့် ဖြစ်သော လောဘ၊ ဒေါသ၊ မောဟများကို ဖယ်ရှားပြီး အသက်ရှည်သူများ ဖြစ်ကြပါစေဟု ဆုတောင်းပါသည်။ ။

**"အသက်ငယ်ငယ်နှင့် သွေးတိုးရောဂါ ဝင်လာသူများသည် စိတ်တိုသူများဖြစ်ကြသည်ကို တွေ့ရသည်။ သွေးတိုးရောဂါကို အငန်ကြိုက်သူများ၊ အဆီနှင့်အသားကို အသီးအရွက်ထက် ပို၍ စားသုံးသူများတွင်သာ ဖြစ်နိုင်သည်ဟုထင်လျှင် မှားမည်ဖြစ်သည်၊ အလုပ်အကိုင်များတွင် စိတ် ဖိစီးမှုများသူ၊ ဖိနှိပ်ခံရသူ၊ မကျေနပ် မှုများ သူတို့တွင်လည်း သွေးတိုးရောဂါ ဖြစ်နိုင်သည်ဟု စိတ်ပညာရှင်များ၏ သုတေသန တွေ့ရှိချက်များက ဆိုသည်၊ သွေးတိုးရောဂါရပြီး နှစ်ကြာလာသောအခါ နှလုံးရောဂါ ဝင်လာတတ်သည်"**

## တန်ဆောင်တိုင် စတုဒိသာ နိဗ္ဗာန်ဈေးပွဲ စည်ကားစွာကျင်းပ

**ကော့သောင်း နိုဝင်ဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တန်ဆောင်မုန်းလ စတုဒိသာ နိဗ္ဗာန်ဈေး အလှူတော်ပွဲကို နိုဝင်ဘာ ၂ ရက် ညနေပိုင်းက စုပေါင်းရုံးလမ်းတစ်လျှောက် စည်ကားစွာ ကျင်းပခဲ့သည်။

စတုဒိသာ နိဗ္ဗာန်ဈေး အလှူတော်ပွဲကို မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအရ ကော့သောင်းမြို့ မြို့မလူငယ်အဖွဲ့၏ စီစဉ်မှုဖြင့် နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ်မှာ (၁၈)ကြိမ်မြောက်ဖြစ်ကြောင်း၊ နိဗ္ဗာန်ဈေးတွင် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ အလှူရှင် စေတနာရှင်များ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများက မြန်မာ့ရိုးရာ မုန့်ပဲသရေစာများ၊ အသင့်စားနိုင်သည့်စားသောက်ဖွယ်ရာမျိုးစုံတို့ကို လာရောက်ကျွေးမွေး လှူဒါန်းကြပြီး အိုးစည်ဒိုးပတ်ဝိုင်းများ၊ အကများနှင့် ခေတ်ပေါ်တေးဂီတ အစီအစဉ်များဖြင့် ဖျော်ဖြေပွဲများလည်းပါဝင်ရာ မြို့နေပြည်သူများ ကြိတ်ကြိတ်တိုး စည်ကားခဲ့သည်။

**ကျော်စိုး(ကော့သောင်း)**



## ရိုးရာ လှေလှော်ပြိုင်ပွဲ ဆုပေးပွဲနှင့် ဆီမီး ၁၅၀၀ မီးမျှောပူဇော်ပွဲကျင်းပ

**အထက်မင်းလှ နိုဝင်ဘာ ၅**

သရက်ခရိုင် မင်းလှမြို့နယ် တောင်ရပ်ကွက်တွင် ကျင်းပသည့် ရှင်ဥပဂုတ္တရဟန္တာကိုယ်တော်မြတ်ကြီးအား ဆီမီး ၁၅၀၀ မီးမျှောပူဇော်ပွဲနှင့် ရိုးရာလှေလှော်ပြိုင်ပွဲ ဆုပေးပွဲကို နိုဝင်ဘာ ၃ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။

ရိုးရာလှော်ပြိုင်ပွဲတွင် ဆုရရှိသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက အသီးသီးဆုများပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် ဆီမီး ၁၅၀၀ မီးမျှောပူဇော်ပွဲကို ဆက်လက်ကျင်းပခြင်းဖြစ်ကာ မီးမျှောပူဇော်ပွဲပြုလုပ်ရန် ဖောင်တော်သယ်ဆောင်ရာ မြစ်ကမ်းတစ်လျှောက်၌ တောင်ရပ်ကွက် ဓမ္မစကူးလ်ကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ယိမ်းအဖွဲ့များက အက အလှများဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး ဖောင်တော်နှင့်တကွ ဆီမီး ၁၅၀၀ ကို မီးမျှောပူဇော်ခဲ့ကြကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**



## ညောင်တုန်းမြို့၌ တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ညောင်တုန်း နိုဝင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် နှစ်စဉ်ကျင်းပလေ့ရှိသော အထင်ကရ ဘာသာရေးပွဲတော်တစ်ခုဖြစ်သည့် တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်ကို ယခုနှစ်တွင်လည်း နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်က ကျင်းပခဲ့ပြီး မြို့တွင်းရှိ ရပ်ကွက်အသီးသီးသို့ နှစ်ကျိပ်ရှစ်ဆူ ဘုရားဆင်းတုတော်များ ဒေသစာရီကြွချီ အပူဇော်ခံ လှည့်လည်ရာ ဘုရားဖူးပြည်သူများ၊ ဝတ်ရွတ်အဖွဲ့များပါဝင်၍ အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်ကို နှစ်စဉ်နှစ်တိုင်း နှစ်ညတိတိ မြို့ပေါ်ရပ်ကွက် ၁၀ ခုသို့ ဒေသစာရီကြွချီ အပူဇော်ခံ လှည့်လည်လေ့ရှိကြောင်း၊ နိုဝင်ဘာ ၃ ရက်တွင် မြို့ပေါ်ရှိ (အနောက်ပိုင်းအခြမ်း) နှင့် နိုဝင်ဘာ ၄ ရက်တွင် မြို့ပေါ်ရှိ (အရှေ့ပိုင်းအခြမ်း) ရပ်ကွက်များသို့ လှည့်လည်အပူဇော်ခံကြောင်း၊ ဘုရားဆင်းတုတော်များကို ရပ်ကွက်အသီးသီးမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဝတ်ရွတ်အဖွဲ့များ၊ ဆင်အကအဖွဲ့များ၊ ယိမ်းအကအဖွဲ့များက ကြိုဆိုကြပြီး ရိုးရာတေးဂီတများနှင့် ခေတ်ပေါ်တေးဂီတ အစီအစဉ်များဖြင့် ဖျော်ဖြေ၍ မြို့ပေါ်ရှိ ရပ်ကွက် ၁၀ ခုသို့ လှည့်လည်လေ့ရှိကြောင်း သိရသည်။

ညောင်တုန်းမြို့ တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်သို့ မြို့ခံများအပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ၊ ဈေးဆိုင်များ လာရောက်ဖွင့်လှစ်သူများနှင့် လမ်းမတစ်လျှောက် ရောင်းချသော ဈေးဆိုင်တန်းများတွင် ဈေးဝယ်သူများ၊ ဖျော်ဖြေရေး အစီအစဉ်များကို ကြည့်ရှုအားပေးသော ပရိသတ်များဖြင့် တိုးမပေါက်အောင် စည်ကားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ဆောမြို့၌ကျင်းပ



**ဆော နိုဝင်ဘာ ၅**

ဂန့်ဂေါခရိုင် ဆောမြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှင်မာလဲမြတ်စွာဘုရား ဗုဒ္ဓပူဇနီယပွဲတော် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၃ ရက်က ရှင်မာလဲမြတ်စွာဘုရားအနီးရှိ ဒက္ခိဏာရာမ ဘုန်းတော်ကြီးကျောင်းမှ စတင်ကာ နှင်းဆီလမ်း၊ အနော်ရထာလမ်း၊ စိန်ပန်းလမ်းနှင့် ဗိုလ်ချုပ်လမ်းတစ်လျှောက် ပြုလုပ်ခဲ့သည်။

အဆိုပါဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မြို့နယ်အတွင်းရှိ ပင့်သံဃာ အပါး ၁၆၀ နှင့် သီလရှင် အပါး ၄၀ တို့ကြွရောက်အလှူခံကြရာ ဆောမြို့ပေါ်ရပ်ကွက်များ၊ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများနှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များတို့က သံဃာ့အသုံးအဆောင်များနှင့် နဝကမ္မအလှူငွေတို့ကို လောင်းလှူကြသည်။

ယခုကဲ့သို့ ရှင်မာလဲဗုဒ္ဓပူဇနီယပွဲတော်တွင် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နှစ်စဉ်တန်ဆောင်မုန်းလပြည့်နေ့တိုင်း စဉ်ဆက်မပြတ် ကျင်းပလာခဲ့ရာ ယခုနှစ်သည်(၁၂၇)ကြိမ် ရှိပြီဖြစ်ကြောင်း သိရသည်။ **(၁၀၁)**

## သမိုင်းဝင်ကျိုက္ကဆံစေတီတော်မြတ်ကြီး မသိုးသင်္ကန်းရက်ခတ်ပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် နိုဝင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သမိုင်းဝင် ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီး၌ ၃၈ ကြိမ်မြောက် မသိုးသင်္ကန်း ရက်ခတ်ပူဇော်ပွဲဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၃ရက် ညနေ ၆နာရီခွဲက ကျိုက္ကစံဘုရားဝင်းအတွင်း၌ကျင်းပခဲ့သည်။

ဆုရရှိခဲ့သော အသင်းများကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်ဝေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ပြီး ပထမဆု စနေအသင်း၊ ဒုတိယဆု သောကြာအသင်း၊ တတိယဆု တနင်္လာအသင်း၊ စတုတ္ထဆု သဃ်န်းကျွန်းဈေးအသင်းနှင့် ပဥ္စမဆု ဘုရားကြီးဈေးအသင်းတို့က ရရှိခဲ့ကြသည်။

ပထမဆုကို ယခင်နှစ်များက ဆုကြေးငွေသီးသန့်သာချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် ဆုကြေးငွေကျပ် သုံးသိန်းအပြင် ရွှေဆွဲပြား သုံးပြားကိုပါ ထည့်သွင်းချီးမြှင့်ပေးခဲ့သည်။ ယခုနှစ်ပထမဆုရရှိခဲ့သော စနေအသင်းမှာ ယမန်နှစ် (၃၇)ကြိမ်မြောက် မသိုးသင်္ကန်း ရက်ခတ်ပူဇော်ပွဲတွင် တတိယဆုသာ ဆွတ်ခူးခဲ့ကြောင်း သိရသည်။

**တင်ကြည်(သဃ်န်းကျွန်း)**




## နိဗ္ဗာန်ဈေးပွဲတော်ကို မြိုင်သာယာကျောင်းတိုက်၌ စည်ကားစွာကျင်းပ

**ရွှေကူ နိုဝင်ဘာ ၅**

ရွှေကူမြို့နယ်၌ နိုဝင်ဘာ ၃ ရက် ညနေ ၄ နာရီခန့်မှစတင်၍ မြိုင်သာယာကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၏ ကျောင်းတိုက်၌ နိဗ္ဗာန်ဈေးပွဲတော်ကို နှစ်စဉ်ကျင်းပလျက်ရှိသည်မှာ ရှစ်ကြိမ်မြောက် ရှိပြီဖြစ်သည်။

ရွှေကူမြို့ပေါ်ရှိ ပြည်သူအများက ဈေးပွဲတော်၌ ပေးဝေသောမဲလိပ်များကိုရယူပြီး မဲလိပ်ကိုပြသကာ ဆိုင်များမှ ပေးဝေသောပစ္စည်းကို ပျော်ရွှင်စွာ လက်ခံရယူပြီး ပွဲတော်သို့ လာရောက်သူများမှာ လူပေါင်း ၃၀၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။

ပေါက်မဲများတွင် ဆိုင်ကယ်၊ ပန်ကာနှင့် အခြားဆုမဲပေါင်းများစွာပါဝင်ကြောင်းလည်း သိရသည်။ ထိုနိဗ္ဗာန်ဈေးပွဲတော်သို့ လာရောက်ကြသူများကို ဆိုင်းကုန်းရပ်မှ အုန်းနို့ခေါက်ဆွဲ အာဟာရကျွေးမွေးပြီး စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

## သတင်းတိုများ

### သာမညဖလသုတ် ရွတ်ဖတ်ပူဇော်ပွဲနှင့် ဆီမီးပူဇော်ပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ ကိုးတိုက်နယ် ဒီပင်္ကရာ မဟာစေတီတော်၌ တန်ဆောင်တိုင် ဆီမီးပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့ ညနေပိုင်းမှ စတင်ကျင်းပသည်။ ဆီမီးပူဇော်ပွဲတွင် မန္တလေးမြို့မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် ဦးသုဇနာဘိဝံသနှင့် ဒီပင်္ကရာ ဩဝါဒဆရာတော်ကြီးများက ဦးဆောင်၍ ကိုးတိုက်နယ် သံဃာတော်များက ဘုရားရင်ပြင်တော်အတွင်း၌ သာမညဖလသုတ်တော် ရွတ်ဖတ်ပူဇော်ကြပြီးနောက် ဆက်လက်၍ စေတီတော်ကြီးတွင် ဆီမီးတစ်ထောင်ထွန်းညှိကာ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ကြသည်။ သာမညဖလသုတ် ရွတ်ဖတ်ပူဇော်ပွဲနှင့် ဆီမီးပူဇော်ပွဲသို့ လာရောက်ကြသူများအား ဂေါပကအဖွဲ့နှင့် ကုသိုလ်ရှင်များက အာဟာရဒါနများ ကျွေးမွေးလှူဒါန်းခဲ့ကြောင်းလည်း သိရသည်။

**ညိုမင်းထက်(မြန်မာစာ)**

### (၄)နှစ်မြောက် နိဗ္ဗာန်ဈေးရောင်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ


ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျိုက်ဒုံမြို့ အမှတ်(၃)ရပ်ကွက် တိဿာရာမစာသင်တိုက် တောင်ပေါ်ကျောင်း၌ နိဗ္ဗာန်ဈေးရောင်းပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်(အဖိတ်နေ့)ညပိုင်းက ကျင်းပပြီး ဒေသတွင်းမှ စေတနာရှင် အလှူရှင်များက တောင်ပေါ်ကျောင်းဆရာတော်ထံတွင် သီလခံယူဆောက်တည်ကာ (၄) နှစ်မြောက် နိဗ္ဗာန်ဈေးပွဲတော်ကို ဆက်လက်ကျင်းပခဲ့သည်။ ဆက်လက်၍ တန်ဆောင်မုန်းလပြည့်နေ့တွင်လည်း ကျိုက်ဒုံမြို့မိတန်သမဂ္ဂဘုန်းကြီးကျောင်းနှင့် တောရဘုန်းကြီးကျောင်းတို့၌ နိဗ္ဗာန်ဈေးရောင်းပွဲများကို ဒေသခံ အလှူရှင်များ စုပေါင်း၍ ကျင်းပခဲ့ကြောင်း သိရသည်။

**သန်းထွန်းနိုင် (ပြန်/ဆက်)**

### ကျောင်းကုန်းမြို့ဘုရားများ၌ ဆီမီးပူဇော်ပွဲနှင့် ဒါးကမြစ်အတွင်း ဆီမီးမျှောပွဲ ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ပေါ် အမှတ်(၁)ရပ်ကွက်ရှိ မိုယ်းကောင်းဘုရား၊ အမှတ်(၂)ရပ်ကွက် မျက်ရှင်တော်ပြည်လုံးချမ်းသာဘုရားနှင့် ဓမ္မနန္ဒာဘုရား၊ သစ်ဆိမ့်ကုန်းကျေးရွာ ဓမ္မစာဂီအုတ်တွင်းကျောင်းတို့၌ တန်ဆောင်မုန်းလပြည့်နေ့ ညပိုင်းက ဆီမီးပူဇော်ပွဲများကို စည်ကားစွာ ကျင်းပခဲ့သည်။ ထို့အပြင် ဒါးကမြစ်အတွင်း ဆီမီးထွန်းညှိကာ မီးမျှောပွဲကိုလည်း အစဉ်အလာမပျက် ကျင်းပခဲ့ကြပြီး မြို့နေပြည်သူများက အိုးစည်ဒိုးပတ်ဝိုင်းများဖြင့် တီးမှုတ်ကခုန်၍ ပျော်ရွှင်စွာ ဆီမီးမျှောခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



ဂန့်ဂေါမြို့ မြို့မရပ်ကွက် ဒက္ခိဏာရာမကျောင်းတိုက်၌ ဖွင့်လှစ်ထားသည့် မွေ့ခံထိုက်စေ ဓမ္မစကူးလ်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၅၀ က ကျောင်းတိုက်၌ မြတ်ဗုဒ္ဓအား ဆီမီး၊ ပန်းတို့ဖြင့်ပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့ ညပိုင်းက ကျင်းပရာ ကျောင်းတိုက်ပတ်လည်၌ ဆီမီးများ ပူဇော်ထားစဉ်။ (၁၀၁)

# လိုင်စင်မဲ့ကားများကို မြစ်ကြီးနားမြို့အဝင်ဂိတ်တွင် စတင်စစ်ဆေးနေ

**မြစ်ကြီးနား နိုဝင်ဘာ ၅**

မြစ်ကြီးနားမြို့နယ်အတွင်းရှိ လိုင်စင်မဲ့ကားများကို ဝိုင်းမော်မြို့နယ် ဗလမင်းထင် ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ၂၁ မိုင် မြို့အဝင်ဂိတ်တို့၌ နိုဝင်ဘာ ၂ ရက်မှစတင်၍ စစ်ဆေးနေသည်ဟု အမှတ်(၁၅) ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

နယ်စပ်ဖြတ်ကျော်သွားလာပါက အရေးယူမည်ဟု ယခုနှစ် ဩဂုတ်လမှ စတင်၍ အောက်တိုဘာ ၃၁ ရက်အထိ ပညာပေးကာလ သတ်မှတ်ကာ မြို့အဝင်ဂိတ်တွင် ပညာပေးမှုများ ဆောင်ရွက်ခဲ့ပြီးနောက် ယခု နိုဝင်ဘာလဆန်းမှစတင်၍ စစ်ဆေးကာ အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနေ့ စဆောင်ရွက်နေတယ်။ ၂၁ မိုင်ဂိတ်မှာ ယာဉ်ထိန်းအရာရှိတစ်ယောက်ရယ်၊ အခြားအဆင့် တစ်ယောက်ရယ်၊ နောက် နယ်ရဲတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေတယ်။ ဗလမင်းထင်မှာတော့ ယာဉ်ထိန်းရဲတပ်ဖွဲ့နဲ့ ရဲအရာရှိတွေ ဆောင်ရွက်နေတယ်။ ဖမ်းဆီးရမိတာတော့ လောလောဆယ် မရှိသေးဘူး။ ညနေကျမှ စာရင်းသေချာသိရမယ်"ဟု အမှတ်(၁၅) ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးစိုးမင်းက ပြောကြားသည်။

ဖမ်းဆီးစစ်ဆေးနေသည့် မြို့အဝင်ဂိတ်နှစ်ခုမှာ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာတွင်ရှိသည့် ဗလမင်းထင် တံတားအနီးမှ ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ၁၈ မိုင်ကျေးရွာနှင့် မိုးကောင်းမြို့နယ် မရမ်းကျေးရွာကြားမှ ၂၁ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တို့ ဖြစ်သည်။

ဒေသခံပြည်သူတစ်ဦးကမူ "ဗလမင်းထင် ပူးပေါင်းစစ်ဆေးရေးဂိတ်မှာ ဒီနေ့မနက်က ဖြတ်လာတာပါ။ သွားနေလာနေကြတာ လိုင်စင်မဲ့တွေ အများကြီးပါ။ စစ်ဆေးမှု မရှိသေးပါဘူး။ ဒီနေ့က ဝိုင်းမော်မှာ ဘုံကထိန် လှည့်ပွဲရှိနေတာကြောင့် ဖြစ်မလားတော့ မပြောတတ်ဘူး"ဟု နိုဝင်ဘာ ၁ ရက်က မျက်မြင်တွေ့ရသည့် အခြေအနေကို ပြောပြသည်။

**မင်းမင်းဦး**




# ကမ်းပါးပြို၍ နေအိမ်ပျက်စီး ရွှေ့ပြောင်းရသူများအား ထောက်ပံ့ငွေများပေးအပ်

**ပခုက္ကူ နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းမှ ကမ်းပြိုကျမှုကြောင့် နေအိမ်ပျက်စီး ရွှေ့ပြောင်းရသည့် အိမ်ထောင်စုများအား လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ထောက်ပံ့ငွေပေးအပ်ပွဲကို ပခုက္ကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၃ ရက်က ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသများတွင် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းဒေသကြီးများရှိ ဆင်းရဲနွမ်းပါးသော ပြည်သူများအနေဖြင့် သဘာဝဘေးတစ်ခုခုကြောင့် အခက်အခဲပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ရလျှင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ သက်ဆိုင်ရာခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ကူညီထောက်ပံ့ခြင်းများ အစဉ်ပြုလုပ်နေကြကြောင်း၊ သဘာဝဘေးများကြုံတွေ့ခဲ့၍ ပျက်စီးဆုံးရှုံးသွားသော ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို နိုင်ငံတော်အစိုးရအနေဖြင့် အပြည့်အဝကာကွယ်ပေးခြင်း၊ ကူညီထောက်ပံ့ပေးခြင်းများ မလုပ်ဆောင်နိုင်သော်လည်း အမှန်တကယ် သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသော ပြည်သူများအား နေထိုင်ရေး၊ စားဝတ်နေရေးများ အဆင်ပြေစေရန်၊ မိမိလုပ်ကိုင်နေသည့်အလုပ်များ ဆက်လက်လုပ်ကိုင်နိုင်စေရန် အတွက် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက လိုအပ်သလို အစဉ်အမြဲ ဖြည့်ဆည်းကူညီပေးလျက်ရှိကြောင်း၊ သဘာဝဘေးကြုံရသော ပြည်သူများအနေ ဖြင့်လည်း မိမိတို့ ရပ်ကွက် ကျေးရွာများတွင် သဘာဝဘေးအန္တရာယ်များ ထပ်မံ မကြုံတွေ့စေရန်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန်လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပခုက္ကူမြို့နယ်အတွင်း ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြို၍ ပြောင်းရွှေ့ခဲ့ရသော ဆိတ္တဝကျေးရွာအုပ်စု အနောက်သီရိကျေးရွာနှင့် ကျွန်းညိုကြီးကျေးရွာအုပ်စု ကျွန်းညိုကြီးကျေးရွာတို့မှ အိမ်ထောင်စု ၂၆ စုအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တစ်အိမ်ထောင်လျှင် ကျပ် တစ်သိန်းစီကိုလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရက တစ်အိမ်ထောင်လျှင် ကျပ် နှစ်သိန်းစီကိုလည်းကောင်း ပေးအပ်ကြပြီး ကမ်းပြိုရွှေ့ပြောင်းအိမ်ထောင်စုဝင်များအား ဝန်ကြီးနှင့်အဖွဲ့က အားပေးစကားပြောကြားသည်။

ထောက်ပံ့ငွေပေးအပ်ပွဲသို့ မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်နီနီဝင်း၊ ပခုက္ကူခရိုင် အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဆလိုင်းကိုကီး**



# လှိုင်းဘွဲ့မြို့နယ်မှ ကျေးလက် ရေရရှိရေးနှင့် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး

**ဘားအံ နိုဝင်ဘာ ၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် အထက်ရေပူကျေးရွာအုပ်စုနှင့် အောက်ရေပူကျေးရွာအုပ်စုများရှိ ကျေးရွာတွင် ဆောင်ရွက်နေသော ကျေးရွာရေရရှိရေးလုပ်ငန်းများ၊ ကမော့ကချုံးကျေးရွာအုပ်စုတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများနှင့် ကျေးရွာချင်းဆက်လမ်းလုပ်ငန်းများကို ဘားအံခရိုင်နှင့် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ နိုဝင်ဘာ ၃ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

လှိုင်းဘွဲ့မြို့နယ်အတွင်း ကျေးလက်ဒေသများတွင် သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရန်ပုံငွေဖြင့်လည်းကောင်း၊ ဒေသခံပြည်သူများ ထည့်ဝင်ငွေနှင့် ယူနီဆက်ဖ်မှ ပံ့ပိုးမှုများဖြင့်လည်းကောင်း အဝီစိတွင်းနက် လေးတွင်း၊ တွင်းတိမ်ရှစ်တွင်း၊ လက်တူးတွင်း သုံးတွင်းနှင့် မြေသားရေကန်တစ်ကန် စုစုပေါင်းလုပ်ငန်း ၁၆ ခုကို ခွင့်ပြုရန်ပုံငွေကျပ် ၁၁၉ ဒသမ ၈၉ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကမော့ကချုံးကျေးရွာအုပ်စု ဖာပွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ဈေးရောင်းဈေးဝယ်လုပ်ငန်းများ၊ ဝင်းစိန်ကျေးရွာအုပ်စု ဘုရားငုတ်တိုကျေးရွာ၌ VDP စီမံကိန်းဖြင့် ဆောင်ရွက်ထားသော အမကကျောင်းအဝင်လမ်း ကွန်ကရစ်ခင်းခြင်း၊ အောက်ရေပူကျေးရွာအုပ်စုအတွင်း ကျေးရွာချင်းဆက် ဂဝံလမ်းခင်းခြင်း လုပ်ငန်းများကို ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးသန်းဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။**နေမျိုးလွင်**

# ဆိုလာစနစ်ဖြင့် ကျေးရွာများတွင် မီးလင်းပြီးနောက် ဒေသခံများ အဆင်ပြေလျက်ရှိ

**မော်လိုက် နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာတွင် NEP စီမံကိန်းအရ ဆိုလာစနစ်ဖြင့် မီးရရှိရေးအတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ်အလိုက် ဆိုလာ ၇၈၅ လုံးကို ပြီးခဲ့သော အောက်တိုဘာလအတွင်းက တပ်ဆင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ထိုကျေးရွာများအတွက် အိမ်မီးသာမက၊ လမ်းမီး၊ စာသင်ကျောင်း၊ ဆေးပေးခန်းနှင့် ဘာသာရေးကျောင်းများကိုပါ ဆိုလာမီးများ အခမဲ့ထောက်ပံ့ပေးနိုင်ခဲ့ရာ လက်ရှိအချိန်တွင် ဆိုလာမီးရရှိနေခြင်းကြောင့် ဒေသခံပြည်သူများ အဆင်ပြေလျက်ရှိကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟန်မင်းဆွေ၏ ပြောကြားချက်အရ သိရသည်။

ဆိုလာစနစ်တပ်ဆင်သည့် ကျေးရွာ ၁၆ ရွာတွင် ပါဝင်သော တောင်းအင်ကျေးရွာမှ ကျေးလက်မီးလင်းရေးကော်မတီဥက္ကဋ္ဌက တောင်းအင်ကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းအတွက် အခမဲ့ထောက်ပံ့ပေးသည့် ဆိုလာမီးဖြင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာတွင် အလင်းရောင်ကောင်းမွန်စွာ ရရှိပြီး ညပိုင်းအချိန်များတွင်လည်း အချိန်ပို သင်ကြားပေးနိုင်သဖြင့် ပညာရေးအတွက် များစွာအဆင်ပြေကြောင်း၊ လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဝေးကွာသည့် မိမိတို့ကျေးရွာများတွင် (NEP)စီမံကိန်းအရ တစ်အိမ်သုံးဆိုလာများ တပ်ဆင်ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ကျေးရွာနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများအတွက် သိသိသာသာ အထောက်အကူပြု အကျိုးဖြစ်ထွန်းခဲ့ကြောင်း ပြောသည်။

**မော်လိုက်သားလေး**



# ကွန်ကရစ်တံတားသစ် ဖွင့်လှစ်နိုင်ခြင်းကြောင့် ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေစေမည်

**ကျောင်းကုန်း နိုဝင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အစုကြီးကျေးရွာအုပ်စု အောင်ပန်းချောင်းရွာ၌ အောင်သိဒ္ဓိ ကွန်ကရစ်တံတား ဖွင့်ပွဲကို နိုဝင်ဘာ ၄ ရက်က ကျင်းပခဲ့ပြီး အဆိုပါတံတားသစ် ဖွင့်လှစ်နိုင်ခြင်းကြောင့် ဒေသခံပြည်သူများ၏ နေ့စဉ် သွားလာရေးကို များစွာအဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

တံတားဖွင့်ပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊မွေးမြူရေး၊ ဆည်မြောင်း၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဘဟိန်းနှင့် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျိုးမြတ်မြတ်သူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကျေးရွာဦးစီးနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတက ဩဝါဒချီးမြှင့်ကာ ကွန်ကရစ်တံတားကို တာဝန်ယူတည်ဆောက်ခဲ့သော ဂဏိမ်းဆရာတော်က တံတားတည်ဆောက်ခဲ့ပုံကို ရှင်းလင်းပြောကြားသည်။

တံတားကို ယခုနှစ် မတ်လဆန်းက စတင်ဆောက်လုပ်ခဲ့ပြီး ဇွန်လထဲတွင် တံတားပေါ် ဖြတ်သန်းသွားလာနိုင်သည်အထိ ပြီးစီးခဲ့ကြောင်း၊ တံတား အရှည်ပေ ၁၀၀၊ အကျယ် ၁၆ ပေနှင့်ရေကင်းလွတ်အမြင့် ခုနစ်ပေရှိကြောင်း၊ တံတားအတွက် ပစ္စည်းတန်ဖိုး ကျပ် ၂၆၃ သိန်း ကုန်ကျပြီး ကျေးရွာနေ ဒေသခံပြည်သူများ၏ လုပ်အားဒါနများဖြင့် တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုဖွင့်လှစ်သော ကွန်ကရစ်တံတားနေရာရှိ ယခင် တံတားဟောင်းမှာ စက်ဘီး၊ ဆိုင်ကယ်များသာ သွားလာနိုင်ပြီး ယခု ကွန်ကရစ်တံတားသစ် ဖွင့်လှစ်လိုက်ခြင်းကြောင့် ထန်းကုန်း၊ အစုကြီး၊ ဂဏိမ်းလေး(မကျည်းတန်း)၊ အောင်ပန်းချောင်း၊ ပျားဇလက်၊ ကြို့ပင်ဆိပ်၊ လယ်တီစု၊ ကွမ်းခြံကုန်း(ရွာသစ်) နှင့် နောင်ခူဘို ကျေးရွာများမှ လူဦးရေ ငါးထောင်ကျော်တို့အတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးတို့တွင် များစွာ ပို၍အဆင်ပြေစေကြောင်း သိရသည်။

**ဝင်းကြိုင်(မြန်/ဆက်)**

# ရွှေဝါထွန်းမျိုး မိုးစပါးစံပြကွက် စံကွက်ရိတ်သိမ်း

**ပုလော နိုဝင်ဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ ပူးပေါင်း၍ ပုလောမြို့ဇရပ်ဆိပ်ကျေးရွာရှိ ရွှေဝါထွန်းမျိုး မိုးစပါးစံပြကွက်၌ တောင်သူပညာပေး စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ရွှေဝါထွန်းမျိုး မိုးစပါးစံပြကွက် ရိတ်သိမ်းပွဲတွင် စပါးမျိုးကွဲ ရွှေဝါထွန်းစိုက်ဧက သုံးဧကကို ရိတ်သိမ်းခဲ့ရာ တစ်ဧက အထွက်နှုန်း ၁၁၅ ဒသမ ၃၄ တင်း ရရှိခဲ့ကြောင်း သိရသည်။ စံကွက်ရိတ်သိမ်းပွဲတွင် မြိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ပိုးမွှားရောဂါတာဝန်ခံ ဒေါ်အေးသန္တာစိုးနှင့် ဝန်ထမ်းများ၊ ပုလောမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက စိုက်ပျိုးရေးဆိုင်ရာ သိကောင်းစရာများကို တောင်သူများအား ရှင်းလင်းပြောကြားကာ စံကွက်ကို စနစ်တကျ ရိတ်သိမ်းခဲ့သည်။ စံကွက်ရိတ်သိမ်းပွဲသို့ ဇရပ်ဆိပ်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

**မြို့နယ် (မြန်/ဆက်)**

# ကျေးရွာ ၃၆ ရွာအကျိုးပြု ကျုံလမု-အစုကြီး ချောင်းကူးတံတားသစ်ဖွင့်

**မော်လမြိုင် နိုဝင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ငွေးကုန်းကျေးရွာအုပ်စုနှင့် ဘုရားကြီးကုန်းကျေးရွာအုပ်စု ပြည်သူများ စုပေါင်းဆောက်လုပ်သော ကျေးရွာ ၃၆ ရွာအကျိုးပြုအမှတ်(၁) ဒေသဖွံ့ဖြိုးရေး ကိုယ့်အားကိုယ်ကိုး ကျုံလမု-အစုကြီး ချောင်းကူးတံတားသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၃ ရက်က အမှတ်(၁) ဒေသဖွံ့ဖြိုးရေး ချောင်းကူးတံတားသစ်ပေါ်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ကျုံလမု-အစုကြီးချောင်းကူးတံတားသစ်အား မတည်အလှူရှင်များဖြစ်သော ဦးဝင်းမောင်နှင့် ဦးကျော်ကျော်မျိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ တံတားသစ်ဖွင့်လှစ်နိုင်ခဲ့သောကြောင့် ငွေးကုန်း၊ ဘုရားကြီးကုန်းကျေးရွာအုပ်စုတို့နှင့် နယ်မြေတစ်လျှောက်ထိစပ်နေသော ကျေးရွာပေါင်း ၃၆ ရွာတို့မှ ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်သွားမည်ဖြစ်သည်။

ချောင်းကူးတံတားသစ်မှာ တံတားအရှည် ၁၂၆ပေ၊ တံတားအကျယ် ခုနစ်ပေရှိပြီး ငွေကျပ်သန်း ၂၂၀ ကျော်ဖြင့် ဆောက်လုပ်ခဲ့သော အာရ်စီကွန်ကရစ်ချောင်းကူးတံတားဖြစ်သည်။

**မော်ကျွန်း-မြင့်အောင်**

# လူထုဗဟိုပြုစီမံကိန်းနှင့် လူထုရဲ့ခံစားမှု

**ရွှေကျွန်းသား**

ကျွန်တော် ၁၉၇၆ ခုနှစ်က ၁၀ တန်းအောင်ပြီး တက္ကသိုလ်တက်၊ ထို့နောက် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ် ၃၀ ကျော် တာဝန်ထမ်းဆောင်ခဲ့ရာ ဇာတိ ချောင်းဆုံမြို့နယ်သို့ ပြန်မရောက်ဖြစ်ခဲ့ပါ။ ၂၀၁၇ ခုနှစ်တွင် အငြိမ်းစားယူပြီးမှ ဇာတိရွာမှာ တစ်လခန့် သွားရောက်နေထိုင်ဖြစ်ခဲ့ပါသည်။

နှစ်ပေါင်း ၃၀ အတွင်း တိုးတက်ဖွံ့ဖြိုးမှုတွေက များပါသည်။ ကျေးရွာအများစုက နိုင်ငံတော် လျှပ်စစ်ဓာတ်အားပေးစနစ်မှ ၂၄ နာရီ လျှပ်စစ်မီး ရရှိသလို ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း) ဆောက်လုပ်ပြီးခဲ့၍ အချိန်မရွေး သက်သောင့် သက်သာ ဆက်သွယ်သွားလာနိုင်သည့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုတွေကိုလည်း တွေ့မြင်ခဲ့ရပါသည်။ ငယ်သူငယ်ချင်းတွေနဲ့တွေ့ဖို့ ကျေးရွာတော်တော်များများကိုလည်း အလည်ရောက်ခဲ့သည်။

မရမ်းကျေးရွာမှာ ငယ်သူငယ်ချင်းက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဖြစ်နေကြောင်း သိရှိရ၍ မရမ်းကျေးရွာသို့ အလည်ရောက်ရှိခဲ့ပါသည်။ လူထုဗဟိုပြုစီမံကိန်း အစည်းအဝေးရှိ၍ ရွာဓမ္မာရုံသို့သွားနေကြောင်း သူငယ်ချင်း၏ဇနီးက ပြောသည်။ နာရီဝက်လောက်ရှိတော့ သူငယ်ချင်းက ပြန်ရောက်လာပြီး သူနှင့်အတူပါလာသော လူထုဗဟိုပြုစီမံကိန်း၊ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီဝင်များနှင့် မိတ်ဆက်ပေးသည်။ ဥက္ကဋ္ဌနှစ်ဦးတွင် ကျားတစ်ဦး၊ မတစ်ဦးဖြစ်နေ၍ ကျွန်တော့်စိတ်ထဲ တစ်ခုခု မှားနေသလိုခံစားရပြီး သူတို့ကိုကြည့်နေမိရာ ‘ကျွန်တော့် အမှုအရာကို’ သတိထားမိတဲ့ အမျိုးသမီးတစ်ဦးက ကျွန်တော့ကို ရှင်းပြသည်။

သူ့အမည်က ဒေါ်ခင်သန်းဖြစ်ပြီး ယခု လူထုဗဟိုပြုစီမံကိန်းမှာ ကော်မတီဥက္ကဋ္ဌတစ်ဦးဖြစ်ကြောင်း၊ ယခင်က မည်သည့်စီမံကိန်းလုပ်လုပ် ကျေးရွာဥက္ကဋ္ဌ(ယခု) ကျေးရွာအုပ်ချုပ်ရေးမှူးကသာ ဥက္ကဋ္ဌ တာဝန်ယူပြီးလုပ်ကြောင်း၊ နီးစပ်သူများသာ သိရကြောင်း၊ ယခု စီမံကိန်းတွင် ထိုသို့မဟုတ်ကြောင်း၊ မြို့နယ်တွင် စီမံကိန်းရုံးရှိကြောင်း၊ စီမံကိန်းရုံးက ကျေးရွာနေပြည်သူများအား စီမံကိန်းသဘာဝကို ရှင်းပြကြောင်း၊ ရန်ပုံငွေကို ရွာသို့ တိုက်ရိုက်ချပေးကြောင်း၊ ကျေးရွာလူထု အစည်းအဝေးခေါ်၍ ကျေးရွာအစည်းအဝေးမှ ရွေးချယ်သော ကော်မတီဝင်များက စီမံကိန်းလုပ်ငန်းခွဲများကိုသာ လုပ်ခွင့်ရကြောင်း၊ ကျေးရွာလူထု ကိုယ်တိုင် လုပ်ဆောင်ရကြောင်း၊ မရမ်းကျေးရွာ၌ စီမံကိန်း အကောင်အထည်ဖော်သည်မှာ နှစ်နှစ်ရှိပြီဖြစ်ကာ ရွာတွင်းလမ်းအားလုံးကို ကျေးရွာလူထုဆန္ဒအရ ကွန်ကရစ်လမ်းခင်းပြီးဖြစ်ကြောင်း ရှင်းပြသည်။

ကျွန်တော်တို့စကားကောင်းနေစဉ် ငယ်သူငယ်ချင်း ကိုအေးမင်း ထပ်ရောက်လာသည်။ ၎င်းက လူထုဗဟိုပြုစီမံကိန်း အကြောင်းကို ထပ်ရှင်းပြသည်။ “စီမံကိန်းက ထူးခြားတယ်ကွဲ့၊ မင်းတို့ ငါတို့ လမ်းစဉ်ပါတီ လမ်းစဉ်လူငယ်တွေဆိုတော့ ကျေးရွာဖွံ့ဖြိုးရေးအကြောင်း သိကြတယ်၊ တပ်မတော်အစိုးရလက်ထက်မှာ ငါက ရွာဥက္ကဋ္ဌ လုပ်ခဲ့တယ်၊ ဖွံ့ဖြိုးရေးလုပ်တဲ့အလုပ်တွေမှာ ဒီစီမံကိန်းက ပွင့်လင်းမြင်သာမှု အရှိဆုံးပဲ၊ မင်း ကြည့်ကွာ ကော်မတီကို ရွာလူထု ၅၀ ရာခိုင်နှုန်းကျော်

> “လူငယ်လေးဦးအနက် ခေါင်းဆောင်ဖြစ်သူက လူထုဗဟိုပြု စီမံကိန်း၏ အဓိကလုပ်ငန်းစဉ်များကို ရှင်းပြသည်။ ကျေးရွာတိုင်းသို့ ကျေးရွာအုပ်စု လူဦးရေအပေါ် မူတည်ပြီး ရန်ပုံငွေ ခွဲဝေ ချထားပေးကြောင်း၊ ဇီးကုန်းကျေးရွာသို့ စီမံကိန်းပထမနှစ်တွင် ကျပ်သိန်း ၂၀၀ ခွဲပေးခဲ့ကြောင်း၊ ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ်ကို ကျေးရွာသားများကိုယ်တိုင်ရေးဆွဲပြီး မိမိတို့၏အရင်းအမြစ်များကို အခြေခံကာ ကိုယ်တိုင်ဆောင်ရွက်စေကြောင်း၊ စီမံကိန်းက နည်းပညာပိုင်းအကူအညီပေးရန် လူထုစည်းရုံးရေးမှူး၊ လက်ထောက်နည်းပညာမှူးများကို ခန့်ထားပြီး လူထုနှင့် ကော်မတီများအား ကူညီပေးလျက်ရှိကြောင်း ရှင်းပြသည်”

တက်တဲ့ အစည်းအဝေးက ကျား မ တန်းတူထားပြီး အခွင့်အရေးပေးတယ်၊ သူတို့အခေါ် CDC ၊ ငါတို့အနေနဲ့ ရိုးသားစွာ လုပ်ပါမည်ဆိုတဲ့ ခံဝန်ထိုးရတယ်၊ ဘာမှလည်း ခံစားခွင့်မရှိဘူး၊ အုပ်ချုပ်ရေးမှူးလည်း ဝင်စွက်ခွင့်မရှိဘူး၊ သူက အကြံဉာဏ်သာပေးရတာ၊ အခြေခံလူတန်းစားတွေ၊ ဆင်းရဲနွမ်းပါးသူတွေ၊ မုဆိုးမမိသားစုတွေရဲ့ အကျိုးကိုလည်း စဉ်းစားရတယ်၊ နောက် ရွာမှာ လမ်းခင်းတာ ဘာပဲလုပ်လုပ် ကျား မ တန်းတူ လုပ်အားခလည်း ရသေးတော့ တို့ရွာကလူတွေ သဘောကျတယ်”ဟု ဆိုသည်။

နောက်တစ်ရက် နံနက်စာစားပြီး ရေနွေးကြမ်း သောက်နေတုန်း ကျွန်တော့်အစ်ကိုကြီးက ဇီးကုန်းမှ အမျိုးများ၏ ရှင်ပြုအလှူသို့သွားရန် ကျွန်တော့်အား ပြောသည်။ “အစ်ကိုကြီးရာ ဇီးကုန်းကို မသွားချင်ပါဘူး၊ သုံးနာရီလောက် လမ်းမလျှောက်နိုင်ဘူးဗျာ”လို့ ပြန်ပြောတော့ ဘီလူးကျွန်းရဲ့တိုးတက်မှုတွေကို မင်းမသိပါဘူးကွာ၊ အခုတို့ ဖဖကနေ မုရစ်ကလေးထိ ကတ္တရာလမ်း၊ မုရစ်ကလေးကနေ ခရိုက်ဒူး-ဆယ်ပလာအထိ ငါးမိုင်လောက် ကတ္တရာလမ်းကွ၊ ကျေးလက်ဦးစီးဌာနက ခင်းပေးထားတယ်။ ဆယ်ပလာ-ခရိုက်ဒူး ကနေ ဇီးကုန်းအထိ ကျွန်းပတ်မြေသားလမ်းကွ၊ အကျယ်ကြီး၊ ရာသီမရွေး သွားလို့ရတယ်။ ငယ်ငယ်တုန်းကလို လယ်ကွင်းဖြတ်၊ ချောင်းဖြတ် သုံးနာရီလောက် လမ်းမလျှောက်ရတော့ဘူး၊ မင်းတူကို ဆိုင်ကယ်နဲ့ပို့ခိုင်းလိုက်။ ၄၅ မိနစ်လောက်ပဲကြာမယ်”ဟု ပြောသည်။

တူဖြစ်သူနှင့်အတူ သွားကြည့်တော့ အစ်ကိုကြီးပြောသလို ကတ္တရာလမ်းကလည်း ကောင်း၊ ဆိုင်ကယ်ကလည်းမြန်တာကြောင့် ၄၅ မိနစ်လောက်နဲ့ ဇီးကုန်းရွာထိပ်ကိုရောက်လာပါရော။ ရွာထိပ်တွင် “လူထုဗဟိုပြုစီမံကိန်း ဇီးကုန်းကျေးရွာ ကျောက်ခင်းလမ်းစီမံကိန်းလုပ်ငန်းခွဲ အလျား ပေ ၁၀၀၀၊ အကျယ် ၁၀ ပေ၊ ထု ၈ လက်မ၊ ကုန်ကျငွေ ၅၁ ဒသမ ၆ သိန်းကျပ်” ဆိုသည့် ဗီနိုင်းဆိုင်းဘုတ်ကို တွေ့လိုက်ရသည်။

ရှင်ပြုအလှူသို့ရောက်တော့ ကျေးရွာလူကြီးအချို့နှင့် လူငယ်လေးဦး ရေနွေးကြမ်းသောက် ပုစွန်ခြောက်သုပ် စားရင်း စကားပြောနေသော စကားဝိုင်းတစ်ခုကိုတွေ့ရသည်။ အလှူရှင်ဝမ်းကွဲအစ်ကိုဖြစ်သူ ကိုအောင်မင်းက မိတ်ဆက်ပေး၍ လူထုဗဟိုပြုစီမံကိန်းမှ လူငယ်များဖြစ်ကြောင်း သိရသည်။ လူငယ်လေးဦးအနက် ခေါင်းဆောင်ဖြစ်သူက လူထုဗဟိုပြုစီမံကိန်း၏ အဓိကလုပ်ငန်းစဉ်များကို ရှင်းပြသည်။ ကျေးရွာတိုင်းသို့ ကျေးရွာအုပ်စု လူဦးရေအပေါ် မူတည်ပြီး ရန်ပုံငွေ ခွဲဝေချထားပေးကြောင်း၊ ဇီးကုန်းကျေးရွာသို့ စီမံကိန်းပထမနှစ်တွင် ကျပ်သိန်း ၂၀၀ ခွဲပေးခဲ့ကြောင်း၊ ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ်ကို ကျေးရွာသားများကိုယ်တိုင် ရေးဆွဲပြီး မိမိတို့၏ အရင်းအမြစ်များကို အခြေခံကာ ကိုယ်တိုင်ဆောင်ရွက်စေကြောင်း၊ စီမံကိန်းက နည်းပညာပိုင်းအကူအညီပေးရန် လူထုစည်းရုံးရေးမှူး၊ လက်ထောက်နည်းပညာမှူးများကိုခန့်ထားပြီး လူထုနှင့် ကော်မတီများအား ကူညီပေးလျက်ရှိကြောင်း ရှင်းပြသည်။

လူထုဗဟိုပြုစီမံကိန်းတွင် ကျေးရွာစီ/ထောက်ကော်မတီ ဥက္ကဋ္ဌ တာဝန်ယူနေသော အစ်မဝမ်းကွဲ ဒေါ်ဝင်းမေကလည်း လူထုဗဟိုပြုစီမံကိန်းမှာ ရွာသူရွာသားတွေ ဖွံ့ဖြိုးရေးစိတ်ဓာတ်ရှိရန်၊ ကိုယ်တိုင်လုပ်ကိုင်တတ်ရန်နှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်လုပ်ကိုင်နိုင်ရန် သင်ပေးကြောင်း၊ သင်တန်းများလည်း ဖွင့်ပေးကြောင်း၊ စီမံခန့်ခွဲရေးသင်တန်း၊ ဝယ်ယူရေးသင်တန်း၊ စောင့်ကြည့်ကြီးကြပ်ရေးသင်တန်း၊ အကြံပြုတိုင်ကြားရေး သင်တန်း၊ ကျား မ ရေးရာသင်တန်းနှင့် ဘဏ္ဍာရေးသင်တန်းများ သင်ပေးသဖြင့် ကော်မတီဝင်များမှာ စနစ်တကျ လုပ်တတ်ကိုင်တတ်ကြောင်း၊ တစ်နှစ်တစ်ခါ လုပ်သည့် မြို့နယ်အဆင့်သုံးသပ်ပွဲမှာလည်း အခြားရွာများမှ စီမံကိန်း ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခွင့်ရကြောင်း ပြောသည်။

ရပ်မိရပ်ဖဖြစ်သည့် ဦးဖိုးဘကလည်း “ဒီစီမံကိန်းမှာ ထူးခြားတာရှိတယ်ကွ၊ ပြီးခဲ့တဲ့နှစ် ပထမစက်ဝန်းမှာ ရွာသားတစ်ယောက်က စီမံကိန်းက ရွာလယ်လမ်းကို ကွန်ကရစ်လမ်းမခင်းလို့ဆိုပြီး အကြံပြုစာတစ်စောင် ပို့လိုက်တယ်၊ ဒါကလဲ တစ်နည်းပြောရရင် တိုင်စာပေါ့ကွာ၊ နှစ်ပတ်လောက်ကြာတော့ စီမံကိန်းရုံးကလူတွေလာပြီး ဘာကြောင့် လမ်းမခင်းတာလည်းဆိုတာ လာရှင်းပြသွားတယ်၊ ရွာသားတွေရဲ့အကြံပြုချက်တွေကို ချက်ချင်းဖြေရှင်းပေးတာ၊ ဖွံ့ဖြိုးရေးနဲ့ပတ်သက်ပြီး ကျိုးကြောင်းဆီလျော်အောင် ရှင်းပြတာ၊ လူထုကိုယ်တိုင် ပါဝင်ဆွေးနွေးခွင့် အကြံပြုခွင့်ရတာ သိပ်သဘောကျသကွာ၊ နောက်တစ်ခုက ဘာလုပ်တယ်၊ ဘာတွေကုန်တယ်ဆိုတာတွေ လုပ်မယ့်လုပ်ငန်းစဉ်အသေးစိတ် ရှင်းပြတာ၊ ကြော်ငြာသင်ပုန်းမှာ ကပ်ပေးတာက ပွင့်လင်းမြင်သာတယ်”ဟု ပြောသည်။

ကျွန်တော်တို့တစ်တွေ ရေနွေးကြမ်းသောက်လိုက် စီမံကိန်းကျေးဇူးကြောင့် ရွာမှာ အခြေခံ အဆောက်အအုံများ၊ လမ်းများ ကောင်းမွန်လာခြင်းနှင့် ကျေးရွာလူထုအနေဖြင့် ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်တိုင် ပူးပေါင်း ဆောင်ရွက်တတ်မှု ရှိလာခြင်းများကို အမြင်အမျိုးအမျိုးဖြင့် ဆွေးနွေးနေကြသည်မှာ အလှူရှင်က ထမင်းစားဖို့လာခေါ်မှပင် ပြီးတော့သည်။

အပြန်လမ်းတွင်မူ လူထုဗဟိုပြုစီမံကိန်းဟူသည် ပြည်သူကိုယ်တိုင် ပါဝင်ပြီး ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့်နှင့် ဝေဖန်ဆွေးနွေးနိုင်ခွင့်ရှိကာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းတစ်ရပ်ဖြစ်ကြောင်းနှင့် ထိုစီမံကိန်းကို ဖော်ဆောင်ပေးသည့်အတွက် နိုင်ငံတော်နှင့် တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ကြောင်းပင် ဖြစ်ပေသည်။ ။

## ကမ်းပြိုအိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**ရေစကြို နိုဝင်ဘာ ၅**

ရေစကြိုမြို့နယ်အတွင်း မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုခဲ့သော ကျေးရွာများမှ ရွှေ့ပြောင်းအိမ်ထောင်စုများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ထောက်ပံ့ငွေပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၃ ရက်က ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက အမှာစကားပြောကြားပြီး ကမ်းပြိုရွှေ့ပြောင်းအိမ်ထောင်စုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့က ပေးအပ်သော ထောက်ပံ့ငွေများကို ဝန်ကြီးက ပေးအပ်သည်။ ကမ်းပြိုရွှေ့ပြောင်း အိမ်ထောင်စု တစ်စုလျှင် ကျပ်သုံးသိန်းနှုန်းဖြင့် ၁၅၄ စုအတွက် ကျပ် ၄၆၂ သိန်းကို အိမ်ထောင်စုဝင်များထံ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ထောက်ပံ့ကြေးရရှိကြသော ကမ်းပြိုအိမ်ထောင်စုဝင်အချို့အား ထောက်ပံ့ကြေးငွေရရှိခြင်းအပေါ် ခံစားရမှုများအားမေးမြန်းကြည့်ရာတွင် ဗလဘကျေးရွာမှ ဒေါ်လှခင်က “ကျွန်မအိမ်က ကမ်းပြိုတဲ့အထဲ ပါသွားတယ်။ အဲဒါကြောင့် အခု ထောက်ပံ့ကြေး သုံးသိန်းရပါတယ်။ အလုပ်က တောင်သူလုပ်ကိုင်စားရတာပါ။ ထောက်ပံ့ကြေးရတော့ဝမ်းသာတာပေါ့။ ရမယ်လို့လည်း မျှော်လင့်မထားပါဘူး”ဟု ပြောသည်။ နွယ်နီကျေးရွာမှ ဒေါ်အောင်ကြည်ကလည်း “အခုလို ထောက်ပံ့ကြေးလေးလာပေးတော့ ဝမ်းသာတာပေါ့။ ကိုယ့်မရှိတဲ့အချိန်လေးမှာ အခုလို လာထောက်ပံ့တာ ကျေးဇူးလည်းတင်ပါတယ်။ အခုရတဲ့ပိုက်ဆံနဲ့ လိုအပ်တဲ့ အိမ်ဆောက်ပစ္စည်းလေးတွေ ဖြည့်ဝယ်ရမှာပါ”ဟု ပြောသည်။

ရေစကြိုမြို့နယ်အတွင်း၌ ယခုနှစ် မိုးရာသီအတွင်း မြစ်ရေတိုက်စားမှုကြောင့် ဇရပ်နီကျေးရွာ၊ ပေါက်တောကျွန်းကျေးရွာ၊ နွယ်နီကျေးရွာ၊ ချင်းယားကျေးရွာနှင့် ဗလဘကျေးရွာတို့တွင် ကမ်းပြိုကျမှုများဖြစ်ပွား၍ အိမ်ထောင်စုပေါင်း ၁၅၄ စု နေအိမ်များမှ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

**အိမ့္မန်ဆွေ (ရေစကြို)**

## သမိုင်း အမွေအနှစ်များကို စနစ်တကျ ထိန်းသိမ်းထားရှိရေး လမ်းညွှန်အကြံပြု

**ဝန်းသို နိုဝင်ဘာ ၅**

ဝန်းသိုမြို့မှ သမိုင်းအမွေအနှစ်များဖြစ်သော ရှေးဟောင်း ပေစာ၊ ကျောက်စာများကို ထိန်းသိမ်းစောင့်ရှောက်ထားသော ဘုန်းတော်ကြီးကျောင်း၌ စနစ်တကျ ထိန်းသိမ်းထားရှိနိုင်ရေးအတွက် ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနက အောက်တိုဘာနောက်ဆုံးပတ်အတွင်းက လာရောက်ကြည့်ရှုပြီး လမ်းညွှန်အကြံပြုချက်များပေးခဲ့ကြောင်း သိရသည်။



ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ ဦးဝင်းကိုက ဝန်းသိုမြို့နယ်၏ သမိုင်းဝင်ဖြစ်သော ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်သည် ဗြိတိသျှတပ်များကို ရှုပ်ရှုပ်ချွံချွံ သူ့ကျွန်မခံလိုသော စိတ်ဓာတ်သတ္တိဖြင့် တွန်းလှန်တိုက်ခိုက်ခဲ့သော သူရဲကောင်းပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း၊ စော်ဘွားကြီးမရှိတော့သည့်တိုင် ၎င်း၏ အသုံးအဆောင်ပစ္စည်းများ ဖြစ်သည့် ဓားလက်နက်မျိုးစုံ၊ ဝတ်စုံများကို ပြတိုက်တစ်ခုတည်ဆောက်ပြီး ထားရှိနိုင်မည်ဆိုပါက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ဝန်းသိုမြို့အတွက် အကျိုးများစွာရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်မှ ဦးရာဇာအောင်ကလည်း မြို့ရွာတိုင်းတွင် ရှေးဟောင်း သမိုင်းနှင့်ပတ်သက်သော အထောက်အထားများ တွေ့ရှိပါက သက်ဆိုင်ရာများမှတစ်ဆင့် သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း ဌာနသို့ ဆက်သွယ်နိုင်ကြောင်း၊ သမိုင်းတန်ဖိုးကို မသိနားမလည်ဘဲ ရောင်းဝယ်ခြင်းပြုမိပါကလည်း ဥပဒေအရ အရေးယူနိုင်ကြောင်း၊ ရှေးဟောင်းပစ္စည်းများကို ရောင်းချရရှိသည့် တန်ဖိုးသည် ကာလတစ်ခုတွင် ကုန်ဆုံးသွားနိုင်သော်လည်း သမိုင်းတန်ဖိုးမှာ ငွေနှင့် နှိုင်းယှဉ်၍မရသဖြင့် ရှေးဟောင်းပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းကို မဖြစ်မနေ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် လုပ်ဆောင်ပေးကြရန် အကြံပြုလိုကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်မှ တာဝန်ရှိသူများသည် အဆိုပါ ဘုန်းတော်ကြီးကျောင်းရှိ ရှေးဟောင်း ပေစာအုပ်ပေါင်း ၈၀ ခန့်ကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

## မိုးကုတ်မြို့တွင် တိုင်းရင်းဆေးရုံသစ် ဖွင့်ပွဲ ကျင်းပ

**မိုးကုတ် နိုဝင်ဘာ ၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်ကုသပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် တိုင်းရင်းဆေးရုံများကို နိုင်ငံတစ်ဝန်းတွင် ဖွင့်လှစ်ပေးလျက်ရှိရာ မိုးကုတ်မြို့နယ်၌လည်း တိုင်းရင်းဆေးရုံသစ်ကြီးကို နိုဝင်ဘာ ၁ ရက်က ဖွင့်လှစ်ပေးခဲ့သည်။

မိုးကုတ်မြို့လယ်ဦးရပ်ရှိ အဆိုပါ တိုင်းရင်းဆေးရုံသစ်ကြီး ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောသောင်းတင်၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်ရီရီမြင့်၊ တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဦးစန်းလွင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံထူးတို့က ဆေးရုံသစ်ကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောသောင်းတင်က အမှာစကားပြောကြားပြီး တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံအဝန်း တိုင်းရင်းဆေးရုံများ ဖွင့်လှစ်ပေးနေသည့် ရည်ရွယ်ချက်နှင့် မြို့နေ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ရုပ်လုံးဖော်မည့် လူမှုစီးပွားမျက်နှာစာသစ်

**မောင်သန်းဝင်းရွှေ**

ရှိရင်းစွဲ (ဝါ) မူရင်းအခြေအနေမှ သွေဖည်လွတ်ကင်းသော ဖြစ်စဉ်(ဝါ)ဖြစ်ရပ်နှင့် တွေ့ကြုံရချိန်၌ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်းဖြင့် မူရင်းအခြေအနေသို့ ရောက်ရှိအောင် ပြန်လည်ပို့ဆောင်ပေးရမြဲဖြစ်ပါသည်။ တစ်နည်းဆိုရသော် "ဘေး" တစ်ရပ်ကျရောက်ပါလျှင် ယင်းကျရောက်သည့် "ဘေး" မှ ကင်းဝေးလျက် ချမ်းမြေ့သာယာသော ဘဝသစ်သို့ လူမှုစီးပွားမျက်နှာစာသစ်ဖြင့် တက်လှမ်းနိုင်ရေးကို ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်းအရ စွမ်းဆောင်မှုပေးချက်တစ်ရပ်ပင် ဖြစ်ပေသည်။ တချို့ကလည်း ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်းကို ဘဝသစ် ပြန်လည်ထူထောင်ရေး စီမံကိန်းဟု သုံးစွဲတတ်ကြပေသည်။ ဘေးဒုက္ခဟူသည် လူ့အဖွဲ့အစည်းတိုင်း၌ ကျရောက်စမြဲ ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် သဘာဝဘေး၊ မငြိမ်သက်မှုဘေးဟူ၍ လူမှုစီးပွားရေး ဖွံ့ဖြိုးမှုအမြင်အရ ကျရောက်သော ဘေးနှစ်ရပ်ကို ယေဘုယျအားဖြင့် တွေ့ကြုံရတတ်စမြဲ ဖြစ်ပါသည်။

ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်းများသည် ပုံမှန်အုပ်ချုပ်မှု (normal administration)နှင့် ခိုင်မာသော တည်ငြိမ်မှု (stability)မှ သွေဖည်ကင်းလွတ်ခဲ့သည့် ဒေသများ၌ ကျင့်သုံးရစမြဲဖြစ်ပါသည်။ ထိုသို့ ကျင့်သုံးဆောင်ရွက်ကြရာဝယ် အဓိကတည်ဆောက်ရန် လိုအပ်ချက်များမှာမူ ပုံမှန်အနေအထား (normal condition)သို့ ပြန်လည်ရောက်ရှိပြီး တည်ငြိမ်မှုကို တရားဥပဒေစိုးမိုးမှုဖြင့် နိဒါန်းပျိုး ဆောက်တည်ပေးခြင်းမှာ အဓိက လိုအပ်ချက် ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးမှု (law enforcement) သည် ပုံမှန်အုပ်ချုပ်မှုဖြင့် ဟန်ချက်ညီအောင် ပြန်လည်တည်ဆောက်ပေးခြင်းသည် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုသာမက စိတ်ဓာတ်ရေးရာ ဖွံ့ဖြိုးမှုကိုပါ အလိုအလျောက် တည်ဆောက်ပြီး ဖြစ်ပေသည်။

ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်းတွင် ပင်မဆွဲဆောင်မှုတစ်ရပ်မှာ ယင်းဒေသပြည်သူများအတွက် စိတ်ဓာတ်ရေးရာ မြင့်မားမှုကို ပြန်လည်တည်ဆောက်ပေးနိုင်ရေးသည် အဓိကဖြစ်သည်။ တည်ငြိမ်မှု ပျက်ပြားခဲ့မှုများကို လောကဓံတရားဟု နားလည်တတ်လျှင် ဖွံ့ဖြိုးရေးစီမံကိန်းကို ပို၍ တည်ထောင်ရလွယ်ကူသည်။ လောကဓံတရားဟူသည် မြန်မာ့အုပ်ချုပ်ရေးပညာရှင်များ၏ အမြင်အရ ဆင်းရဲချမ်းသာမဟူ ခံစားရတတ်စမြဲဟူ၍ အသိအမှတ်ပြုထားကြသည်။ ကုစားချက်ကို တည်ဆောက်ရာ၌ ထိတ်လန့်မှု၊ စိုးရိမ်မှု၊ ကြောက်ရွံ့မှုများကင်း၍ သာယာသော ဘဝသစ်ကို ရှေ့ဆက်ရန် ရည်ရွယ်ချက်ဟူသော စိတ်ဓာတ်ကိန်းအောင်းစေရေးကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းရန်မှာ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း၏ စိတ်ပိုင်းဆိုင်ရာ ဆွဲဆောင်မှုအတွက် အခြေခံပင်ဖြစ်သည်။

ပြန်လည်နေရာချထားရေးဟူသည် မူရင်းအခြေအနေ ပျက်ပြား၍သာ ပေါ်ပေါက်ခဲ့ရပေသည်။ ထို့ကြောင့် ပြန်လည်နေရာချထားရေးကို ဖွံ့ဖြိုးရေးစီမံကိန်းနှင့် တွဲဖက်ဆောင်ရွက်ကြခြင်းသည် မျက်မှောက်ခေတ် ဖွံ့ဖြိုးမှုဖြစ်စဉ် (Development Process) များတွင် ကျင့်သုံးရမြဲဖြစ်ပါသည်။ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း ချမှတ်အကောင်အထည်ဖော်ရာ၌ အဓိက သုံးသပ်ချက်ပြုသင့်သည်မှာ ပထဝီဝင်နိုင်ငံရေးပင်ဖြစ်ပါသည်။ ပထဝီဝင်နိုင်ငံရေးသည် ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်းများ၏ ပဏာမအဆင့်သော့ချက်ဖြစ်သည်။ ပထဝီဝင်နိုင်ငံရေး အခြေအနေကပေးသော အသိသတိဖြင့် ငြိမ်ဝပ်ပိပြားမှုကို တရားဥပဒေ စိုးမိုးရေးဖြင့် တည်ဆောက်ခြင်းဖြင့် လမ်းပြမြေပုံ (Road Map)ကို စတင် ပုံဖော်သော သာဓကမှာ မျက်မှောက်ကာလ၌ ကျင့်သုံးခြင်းဖြင့် အောင်မြင်မှုရရှိနေကြသည်ကို တွေ့မြင်မှတ်သားရဖူးပါသည်။ ဤသည်မှာလည်း လက်တွေ့ကျသော ဖွံ့ဖြိုးရေး စီမံကိန်းများ၏ နိဒါန်းဖြစ်သည်။

"မက်လုံးပေး၍ အကောင်အထည်ဖော်မှုထက် တစ်သက်လုံးအေးမည်ဟူသော ခံယူချက်" ဖြင့် အကောင်အထည်ဖော်ပေးခြင်းသည် ပြန်လည်ထူထောင်ရေး (ဝါ) ပြန်လည်နေရာချထားရေးအတွက် အခြေခံဖြစ်သည်ဟု မြန်မာ့အုပ်ချုပ်ရေးပညာရှင်အသီးသီးက ခံယူထားကြသည်။ တစ်သက်လုံးအေးမည်ဟူသော အသုံးအနှုန်းသည် ဖွံ့ဖြိုးမှုစီမံကိန်းများတွင် အလိုအပ်ဆုံးသော အရာဖြစ်သည်။ ကမ္ဘာ့ဖွံ့ဖြိုးမှု ဘောဂဗေဒပညာရှင်များထက်စော၍ ရတနာပုံခေတ် မြန်မာ့အုပ်ချုပ်ရေးပညာရှင်များ၏ ခံယူချက်သည် မြန်မာနိုင်ငံ အုပ်ချုပ်ရေးသမိုင်းအတွက် စံတင်ဂုဏ်ယူလောက်သော ခံယူချက်ဖြစ်သည်။

**" ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်းတွင် ပင်မဆွဲဆောင်မှု တစ်ရပ်မှာ ယင်းဒေသပြည်သူများအတွက် စိတ်ဓာတ်ရေးရာမြင့်မားမှုကို ပြန်လည် တည်ဆောက်ပေးနိုင်ရေးသည် အဓိကဖြစ် "**

ပြန်လည် နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း၏ ယေဘုယျနည်းစဉ်ကို လေ့လာလျှင် အစီအစဉ်ချမှတ်ခြင်း (program)၊ အစီအစဉ်နှင့်အညီ စီမံကိန်းချမှတ်ခြင်း (planning)နှင့် စီမံကိန်းကို ကဏ္ဍအလိုက်လုပ်ငန်းပရောဂျက် (project)အလိုက် သတ်မှတ်ခြင်းဟူသော အခြေခံ "ပီ" သုံးလုံးဖြင့် စတင်ဆောင်ရွက်ခြင်းမှာ မျက်မှောက်နည်းစဉ်တစ်ရပ်အဖြစ် အသိအမှတ် ပြုကြပေသည်။ ထိုသို့ သတ်မှတ်ပြီးမှ လမ်းပြမြေပုံ (Road Map)နှင့်အညီ ဦးစွာပထမ ကဏ္ဍအလိုက် အကောင်အထည်ဖော်ကြရသည်။ ဤသို့အကောင်အထည်ဖော်ရာ၌ သီအိုရီအခြေခံ (Theoretical Basic)ကို လုပ်ငန်းလမ်းညွှန်အတွက် အထောက်အကူပြုရုံသုံး၍ ဒေသ၏ရာသီ (climate)၊ သဘာဝ (nature)၊ ဓလေ့ (customary)များနှင့် လိုက်လျောညီထွေမည့် အကောင်အထည်ဖော်မှု (implementation guide)ကို လက်တွေ့လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကျင့်သုံးလျှင် ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း အောင်မြင်မည်ဖြစ်သည်မှာ သီအိုရီအရရော၊ နိုင်ငံတကာ၌ ကျင့်သုံးနေသော လက်တွေ့ကျင့်စဉ် (international practice)အရပါ အောင်မြင်မှန်ကန်မှု ရှိနေပေသည်။

ကဏ္ဍအလိုက်၊ လုပ်ငန်းများအလိုက် ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်းကို ချမှတ်ရေးဆွဲ၍ အကောင်အထည်ဖော်မှု အရှိန်အဟုန်ရရှိချိန်တွင် ဆက်လက် အကောင်အထည်ဖော်ရန်လိုအပ်သည်မှာ ဒေသအလိုက် ပြန်လည် နေရာချထားရေးဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်းပင်ဖြစ်ပါသည်။ တစ်နည်းဆိုရသော် ကဏ္ဍအလိုက်ဖွံ့ဖြိုးမှုစီမံကိန်း (Sectoral Development Plan) နှင့် ဆီလျော်ညီညွတ်၍ အနေတော်အနေအထားဖြင့် စွမ်းဆောင်ရည်ပြည့်ဝမည့် ဒေသဆိုင်ရာ ဖွံ့ဖြိုးမှု စီမံကိန်း (Regional Development Plan)များကို ပြန်လည်နေရာချထားရေး အစီအစဉ်ဖြင့် တွဲဖက်အကောင်အထည်ဖော်ခြင်းသည် အသင့်လျော်ဆုံးသော အကောင်အထည်ဖော်မှုအဖြစ် အပြည့်အဝအကျိုးရှိမည်သာ ဖြစ်ပေသည်။

ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်ကို စီးပွားရေးအမြင်အရ သုံးသပ်လျှင် သက်ဆိုင်သူများအတွက် ပဏာမအဆင့်အနေဖြင့် အခြေခံ လူမှုလိုအပ်ချက်များ မပြည့်စုံမီ စားဝတ်နေရေး အလုံးစုံကို တာဝန်ယူဆောင်ရွက်ပေးရန်ဟု အဓိပ္ပာယ်ရနိုင်ပေသည်။ ထို့ကြောင့် ယင်းစားဝတ်နေရေးကို တည်ငြိမ်ခိုင်မြဲသော တစ်ဦးကျဝင်ငွေအဆင့်အတန်း ရရှိသည့်အဆင့်အထိ ဆောင်ရွက်ပေးရန်ဖြစ်သည်။ တည်ငြိမ်ခိုင်မြဲသော တစ်ဦးကျဝင်ငွေရရှိမှုနှင့်အတူ တွဲဖက်ဆောင်ရွက်မှုမှာ လူမှုအဆင့်အတန်း (Social standard)မနိမ့်ကျစေရေး ဖြစ်ပေသည်။ ထိုသို့သော ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေး စီမံကိန်းများ ချမှတ်ဆောင်ရွက်ကြရာ၌အဓိကအခန်းကဏ္ဍမှ ပါဝင်မှုနှစ်ရပ်မှာ မူဝါဒ (Policy) နှင့် စာရင်းအင်း(statistics) တို့ဖြစ်သည်။ မူဝါဒချမှတ်မှု မှန်ကန်ရန်အတွက် အဓိက လိုအပ်ချက်မှာ စာရင်းအင်းဖြစ်သည်။ ဤတွင် အခြေခံအကျဆုံးသော စာရင်းအင်းမှာ လူဦးရေ စာရင်းအင်းဖြစ်ပြီး ယင်းလူဦးရေစာရင်းအင်းအရ အသက်အရွယ် အပိုင်းအခြားအလိုက် ကျား/မ ခွဲခြားဖော်ပြသော စာရင်းအင်းမှာ ပင်မဖြစ်သည်။ သို့မှသာ အမှန်တကယ် အလုပ်လုပ်ကိုင်သော လူဦးရေအတိအကျဖြင့် ဖွံ့ဖြိုးမှုစီမံကိန်းကို မူဝါဒချမှတ်အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ တိကျမှန်ကန်သော စာရင်းအင်းကို အခြေခံ၍ စီးပွားရေးဆိုင်ရာ ကောက်ချက်ချမှုနှင့် ရာသီကာလအလိုက် လိုက်လျောညီထွေသော ပြုမူချက်တို့ကို သိပ္ပံနည်းကျကျ ဆုံးဖြတ်နိုင်မည်ဖြစ်သည်။

တည်ငြိမ်ခိုင်မြဲသော တစ်ဦးကျဝင်ငွေရရှိအောင် ကြိုးပမ်းအကောင်အထည်ဖော်ချက်နှင့်အတူ ဥတုသဘာဝနှင့် လိုက်လျောညီထွေစွာ နေထိုင်နိုင်မည့် နေရာထိုင်ခင်း စီစဉ်ပေးခြင်းကိုလည်း ဒေသ၊ သဘာဝအလိုက် ပူးတွဲဆောက်တည်ပေးခြင်းသည် ခိုင်မာသော လူနေမှုစနစ်ကို အတည်တကျအခြေတည်ပေးထားခြင်းပင်ဖြစ်သည်။ အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေး၍ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်သည့်အဆင့် ရောက်ရှိချိန်အထိ ပညာရေး၊ ကျန်းမာရေးအပါအဝင် အခြေခံလူမှုရေးလိုအပ်ချက် "စံ" (social norm) များကို ဖြည့်ဆည်းပေးမှသာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုကိုပါ တည်ဆောက်နိုင်သည့် ပူးတွဲအကျိုးအမြတ်ရလဒ်ကောင်းကို ရရှိနိုင်မည်ဖြစ်ပေသည်။

မြန်မာပြည် စီမံကိန်းအတွေ့အကြုံနှင့် ပြန်လည်သုံးသပ်ပါက ဒုတိယကမ္ဘာစစ်ကြောင့် စစ်မီးပြာပုံသို့ ရောက်ရှိခဲ့သည့် အခြေအနေမှ ပြန်လည်ထူထောင်ရေး စတင်ဆောင်ရွက်ခဲ့ရသော နှစ်နှစ်စီမံကိန်း၊ ပြည်တွင်းမငြိမ်သက်မှုများ ပေါ်ပေါက်ခဲ့သော လွတ်လပ်ရေးရပြီးစ နှစ်လွန်ကာလများက ပြန်လည်ထူထောင်ရေးအတွက် ကုစားချက်များဖြစ်သည့် ပြည်တော်သာစီမံကိန်း၏ အန္တယ်ဝင် ဘဝသစ် ပြန်လည်ထူထောင်ရေး စီမံကိန်းများသည်လည်း နမူနာယူရမည့် ပြန်လည်ထူထောင်ရေး ဖွံ့ဖြိုးရေးစီမံကိန်းများပင် ဖြစ်ခဲ့သည်။ ဤသို့ တွေ့ကြုံခဲ့သော သမိုင်းအတွေ့အကြုံများကို ပြန်လည်သုံးသပ်၍ မျက်မှောက်လိုအပ်ချက်ကို စွမ်းဆောင်ပေးခြင်းသည် ဖွံ့ဖြိုးရေး စီမံကိန်းများအတွက် အောင်မြင်မှု အခြေခံအဖြစ် သတ်မှတ်ရန်သာဖြစ်သည်။

အထူးသဖြင့် လယ်ယာအခြေခံသော စီးပွားရေးစနစ် ကျင့်သုံးနေရဆဲ၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လုပ်ငန်းခွင်နှင့် တွဲဖက်လုပ်ကိုင်နိုင်သော အလုပ်အကိုင်အခွင့်အလမ်း ရရှိစေခြင်းဖြင့် တစ်ဦးကျ ဝင်ငွေတည်ငြိမ်ခိုင်မာမှုကို ဆောက်တည် ပေးနိုင်သလို ဖုံးကွယ် အလုပ်လက်မဲ့ပြဿနာ၊ လုပ်သားပိုလျှံမှု ပြဿနာများအားလည်း ဖြေရှင်းပေးရာ တစ်ပါတည်းရောက်မည်ဖြစ်သည်။ တစ်ပိုင်တစ်နိုင် မွေးမြူရေးနှင့်အတူ ရေထွက်လုပ်ငန်းကဲ့သို့သော သဘာဝပေး အလုပ်အကိုင် အခွင့်အလမ်းများအား ဘဝသစ်ကို ပြန်လည်တည်ဆောက်ပေးခြင်းဖြင့် စိတ်ဓာတ်ရေးရာအရ ကြံ့ခိုင်မှုကိုပါ မလွဲမသွေ အထောက်အပံ့ပြုမည်ဖြစ်သည်။

ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် တွေ့ကြုံနေရသော စာမတတ်မြောက်ခြင်းကြောင့် ပေါ်ပေါက်သော ဗဟုသုတနည်းပါးမှု ပြဿနာကိုလည်း အရှိန်အဟုန်ရယူချိန် သမယဖြစ်သည့် ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်းကာလမျိုး၌ ကျောင်းနေအရွယ်ရောက်သူတိုင်း ကျောင်းစာပေ သင်ကြားနိုင်ရေးမှာ လူမှုစီးပွားရေး ဖွံ့ဖြိုးမှုအတွက် အထောက်အပံ့တစ်ရပ်အဖြစ် တည်ဆောက်ပေးရန် လိုအပ်မည်ဖြစ်ပေသည်။

ဖွံ့ဖြိုးဆဲ နိုင်ငံများအပါအဝင် ကမ္ဘာ့စီးပွားရေးစနစ်အသီးသီးတွင် နေရာယူမြဲဖြစ်သည့် သမဝါယမ စနစ်နှင့် သမဝါယမ စိတ်ဓာတ်အခြေခံသော လူမှုစီးပွားဖွံ့ဖြိုးရေးအမြင်ပွားများစေရေးကို တွဲဖက်၍ ဆောင်ရွက်တတ်အောင် လေ့ကျင့်ပေးခြင်းဖြင့် ဖွံ့ဖြိုးမှုစီမံကိန်းတစ်ရပ်လုံး ရုပ်လုံးပေါ်ချိန်၌ ထူးကဲလှသော ပူးတွဲအကျိုးအမြတ်ကို ရရှိနိုင်မည်ဖြစ်ပေသည်။ "တံတားဦးက ကွမ်းနုဝါ၊ မြောကဆေး၊ ကွမ်းသီးတောင်ငူနှင့် ကိုင်းထုံးဖြူ၊ ပြည်ရှားသာ ဝါးလို့ထွေး" ဟူသော ဆိုရိုးအရ ကွမ်းတစ်ယာကောင်း ပေါ်ပေါက်စေရေးမှာ ပူးတွဲပါဝင်ရမည့် ပစ္စည်းအရပ်ရပ်ကောင်းမှ ကွမ်းတစ်ယာကောင်းအဖြစ် ရပ်တည်နိုင်သည့်ထုံး နှလုံးမူ၍ နိုင်ငံတော်အစိုးရ၊ ပြည်သူများ၊ ပုဂ္ဂလိက၊ ပြည်တွင်း NGO နှင့် CSO များ၊ မိတ်ဖက်နိုင်ငံများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ INGO များ ပူးပေါင်း၍ တစ်လှေတည်းစီး တစ်ခရီးတည်း သွားကြပါမူ "ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း" သည် မလွဲမသွေ အောင်မြင်နိုင်ရမည်သာ ဖြစ်ပေသည်။

# ဖူကူအိုကာ-ရန်ကုန်ပွဲတော် ရန်ကုန်မြို့၌ ပထမဆုံး ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၅**

နှစ်နိုင်ငံမြို့တော်နေ ပြည်သူများ၏ ဆက်ဆံရေးနယ်ပယ်စုံ တိုးတက်လာရေးအတွက် အထောက်အပံ့ဖြစ်စေမည့် ဖူကူအိုကာ-ရန်ကုန်ပွဲတော် ၂၀၁၇ အခမ်းအနားကို နိုဝင်ဘာ ၃ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေးအနီး ဂျန်းရှင်းစီးတီး၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ဖူကူအိုကာ မြို့တော်ဝန် မစ္စတာ တာကာရှီးမား၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်များနှင့် ဂျပန်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

"ရန်ကုန်နဲ့ ဖူကူအိုကာ စတင်ထိတွေ့တာကတော့ ၂၀၁၂ ခုနှစ်ကပါ၊ ဒါပေမယ့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှာတော့ ညီအစ်မမြို့တော်တွေအဖြစ် သဝဏ်လွှာတွေ ပေးပို့ခဲ့ကြပါတယ်၊ ဒီနောက်မှာတော့ နယ်ပယ်အသီးသီးရဲ့ ဆက်ဆံရေးဟာ အရှိန်အဟုန် မြင့်တက်လာခဲ့ပါတယ်၊ ပြီးခဲ့တဲ့ စက်တင်ဘာလမှာတော့ ဂျပန်နိုင်ငံ ဖူကူအိုကာမြို့မှာ ဖူကူအိုကာ-ရန်ကုန်ပွဲတော်ကို ကျင်းပခဲ့ပါတယ်၊ ဒီပွဲတော်မှာ မြန်မာ့ယဉ်ကျေးမှုတွေ၊ အစားအသောက်တွေကို သွားရောက် ပြသခဲ့ကြပါတယ်၊ ဒီကနေ့မှာတော့ ဖူကူအိုကာ-ရန်ကုန်ပွဲတော်ကို မြန်မာနိုင်ငံမှာ ကျင်းပတာဖြစ်ပါတယ်၊ ဂျပန်နိုင်ငံရဲ့ ရိုးရာအကတွေ၊ အစားအသောက်တွေကို ပြသခဲ့ပါတယ်" ဟု မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောသည်။

အဆိုပါ ဆက်ဆံရေးမှတစ်ဆင့် မြန်မာနိုင်ငံသားများ ဂျပန်နိုင်ငံသို့ ပိုမို သွားရောက်လေ့လာနိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံသားများ မြန်မာနိုင်ငံသို့ လာရောက်နိုင်ရန်လည်း စီစဉ်မည်ဖြစ်ကြောင်း မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောသည်။

အလားတူ ဖူကူအိုကာမြို့တော်ဝန် မစ္စတာ တာကာရှီးမားကလည်း ဖူကူအိုကာနှင့် ရန်ကုန်ဆက်ဆံမှုမှာ ၂၀၁၂ ခုနှစ် ရေပေးဝေရေး စီမံကိန်းမှ စတင်ခဲ့ကြောင်း၊ ဖူကူအိုကာတွင် ခေါက်ဆွဲပြုတ်သည် နာမည်ကြီးသော အစားအသောက်ဖြစ်ကြောင်း၊ လူငယ်လူရွယ်များ အလုပ် လုပ်ကိုင်မှု များပြားသော မြို့တော်ဖြစ်ကြောင်း ပြောကြားသည်။



အဆိုပါ ပွဲတော်တွင် ဂျပန်နိုင်ငံ နာမည်ကျော် Marvelous Drummer များ၏ တီးခတ်ဖျော်ဖြေမှု၊ ဂျပန်ရိုးရာယဉ်ကျေးမှုပြခန်း၊ ၊ ဂျပန်နာမည်ကျော်ဂိမ်းများနှင့် အန်နီမီများကိုလည်း ပြသခဲ့သည်။

**သတင်း- မြင့်မောင်စိုး**

**ဓာတ်ပုံ- တင်စိုး (မြန်မာ့အလင်း)**

## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၆) နေပြည်တော်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုတံတားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကယားပြည်နယ်ဖရူဆိုမြို့နယ်၊ ယာဒို-ကေကောလမ်းပေါ်ရှိ တံတား(၅)စင်း တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သော ချိုင်းကျောက်၊ သဲ ကြမ်းများဝယ်ယူခြင်းနှင့်ဘိလပ်မြေနှင့်သံချောင်းလုံးများ သယ်ယူပို့ဆောင်ခြင်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ ထံမှ အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူ/သယ်ယူလိုပါ၍ တင်ဒါပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၁။ **တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက်** - ၆-၁၁-၂၀၁၇ ရက်
၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၉-၁၁-၂၀၁၇ ရက် ၁၆း၀၀ နာရီ
၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁-၁၂-၂၀၁၇ ရက် ၁၀း၀၀ နာရီ
၄။ **တင်ဒါ/တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်နှင့် တံတားအထူးအဖွဲ့(၆)နေပြည်တော်၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**တံတားအထူးအဖွဲ့(၆)၊ ဖုန်း-၀၆၇-၅၅၀၁၀၃၊ ၀၉-၇၈၁၈၂၅၂၂၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4A/6788 Mitsubishi Canter, Light Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမြင့် ၁၂/ဥကတ(နိုင်)၀၈၆၃၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အခြေခံယာဉ်မောင်းသင်တန်း

ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ်(၁)၊ မဟာဗန္ဓုလလမ်း ဗိုလ်တထောင်မှ ဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်းများကို လစဉ်လဆန်းရက်တိုင်း ပုံမှန်ဖွင့်လှစ်လျက်ရှိပါသည်။ (Auto' Manual) နှစ်မျိုးလုံးသင်ကြားပေးသည်။

**ဒီဇင်ဘာလ ပုံမှန်သင်တန်း** - ၁-၁၂-၂၀၁၇ ရက်ဖွင့်မည်
**ဒီဇင်ဘာလ အထူးသင်တန်း** - ၂-၁၂-၂၀၁၇ ရက်ဖွင့်မည်

**ဆက်သွယ်ရန် ဖုန်း-၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄၊**
၀၉-၃၁၅၆၆၇၂၅၊ ၀၉-၇၉၅၆၃၀၉၇၀
**Ocean Super Market မဟာဗန္ဓုလတံတားအနီး**
**(လူဦးရေကန့်သတ်ထားသည်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
## ကြော်ငြာစာအမှတ် (၂/၂၀၁၇)
## လျှောက်လွှာခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တိုင်းဒေသကြီး/ပြည်နယ်ဒေသအသီးသီးတွင် လစ်လပ်လျက်ရှိသော လစာနှုန်း ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ တန်း ကျွမ်းကျင်သူအဆင့်(၂) ရာထူးနေရာ (၄၁)နေရာအတွက် အောက်ဖော်ပြပါ အနိမ့်ဆုံးသတ်မှတ်အရည်အချင်း ပြည့်စုံသူများလျှောက်လွှာတင်သွင်းနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အနိမ့်ဆုံး ပညာအရည်အချင်း T.H.S/ A.G.T.I (MP/MT/EP/EC/CNC/PETRO/ CIVIL/ MINING) စက်မှုအထက်တန်းကျောင်းအောင်/စက်မှုလက်မှုသိပ္ပံ ဒီပလိုမာအောင်-စက်မှုစွမ်းအား/စက်မှုပုံစံပြု/လျှပ်စစ်စွမ်းအား/အီလက်ထရွန်နစ်/ကွန်ပျူတာစက်မှုပုံစံပြု/ ရေနံ/မြို့ပြ/အောင်မြင်ပြီးသူဖြစ်ရမည်။ (လုပ်ငန်းသဘာဝအရ ရေနံမြေများ၊ အစမ်းတွင်းများ၊ ပိုက်လိုင်းစခန်းများ စက်ပြင်အလုပ်ရုံများသို့ သွားရောက်တာဝန်ထမ်းဆောင်ရမည်ဖြစ်ပါသဖြင့် အမျိုးသားများသာ လျှောက်ထားရန်ဖြစ်ပါသည်။)
(ဂ) ရာထူးနေရာများအတွက် ၂၀၁၇ခုနှစ် အောက်တိုဘာ ၃၁ရက်တွင် အသက် (၃၀)ထက်မကျော်လွန်သူ လက်ရှိဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) ဌာနတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်-
(က) အမည်
(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(ဂ) မွေးသက္ကရာဇ် (ခုနှစ်၊ လ၊ ရက်)
(ဃ) လူမျိုး/ကိုးကွယ်သည့်ဘာသာ
(င) ဖခင်အမည်၊ ဖခင်၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖခင်၏အလုပ်အကိုင်
(စ) မိခင်အမည်၊ မိခင်၏နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ မိခင်၏အလုပ်အကိုင်
(ဆ) ရရှိသည့် ဒီပလိုမာ (ရရှိခဲ့သည့် ခုနှစ်၊ ရရှိခဲ့သည့် ကျောင်း/တက္ကသိုလ်)
(ဇ) အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်နေရပ်လိပ်စာ
(ဈ) ဖုန်းနံပါတ်

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များ ပြည့်စုံစွာပူးတွဲပေးပို့ရမည်-
(က) ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ
(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (စက်မှုအထက်တန်းအောင်မြင်သူများ တင်ပြရန်မလို)
(ဂ) မြန်မာနိုင်ငံအတွင်း မည်သည့်အရပ်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ပါကြောင်း ကတိပြုဝန်ခံချက်
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ပြန်တမ်းဝင်အဆင့် အရာထမ်း၏ ထောက်ခံချက် (၁-၁၁-၂၀၁၇ ရက်မှ ၂၉-၁၁-၂၀၁၇ရက်အတွင်း)
(င) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ရဲစခန်း၏ ထောက်ခံချက် (၁-၁၁-၂၀၁၇ရက်မှ ၂၉-၁၁-၂၀၁၇ရက်အတွင်း)
(စ) လွန်ခဲ့သည့် တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ
(ဆ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဇ) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် အနည်းဆုံး (၃)နှစ်တိတိ တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်းနှင့် တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက သတ်မှတ်ထားသော လျော်ကြေးငွေကျပ်တစ်သိန်းတိတိကို ပေးလျော်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်

၄။ လျှောက်လွှာများကို ၃၀-၁၁-၂၀၁၇ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ ဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်ခန့်ထားရေးအဖွဲ့ ရုံးအမှတ်(၄၄) မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း နေပြည်တော်သို့လိပ်မူ၍ လျှောက်ထားနိုင်ပါသည်။

၅။ အလုပ်ခန့်ထားသည့်အခါ ကျွမ်းကျင်သူအဆင့်(၂) ရာထူးနေရာများကို ကျော်ထောက် နောက်ခံပြု၍ လစာနှုန်း ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ တန်း ရာထူးနေရာတွင် အလုပ်သင်အဖြစ် စတင်ခန့်ထားမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုကို ကျေနပ်မှုရှိပါက ကျော်ထောက်နောက်ခံပြုထားသည့် ကျွမ်းကျင်ဝန်ထမ်းအဆင့် ရာထူးတွင် ခန့်ထားမည်ဖြစ်ပါသည်။

၆။ လျှောက်ထားသူများမှ အရည်အချင်းပြည့်မီသူများအား အလုပ်ဝင်ခွင့်ရေးဖြေ/ နှုတ်ဖြေစာမေးပွဲ ကျင်းပမည့်ရက် အချိန်နေရာတို့ကို ထပ်မံကြေညာပေးမည်ဖြစ်ပါသည်။

၇။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများနှင့် မပြည့်စုံသူများ၊ သတ်မှတ်ရက်ထက်နောက်ကျပြီး ရောက်ရှိပေးပို့လာသော လျှောက်လွှာများကို လုံးဝ(လုံးဝ)ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ လူတွေ့စစ်ဆေးချိန်တွင် လျှောက်လွှာပါ စာရွက်စာတမ်းမူရင်းများနှင့် ကျန်းမာကြောင်း ဆေးထောက်ခံစာ တင်ပြနိုင်ရမည်ဖြစ်ပါသည်။

၉။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၁၃၃၉သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

မြန်မာနိုင်ငံ၌ ကျင်းပသော One Championships Hero's Dream Open Weight Super-Bout ပြိုင်ပွဲကို (၃-၁၁-၂၀၁၇)ရက်က အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ မြန်မာနိုင်ငံကိုယ်စားပြု AUNG LA N SANG နှင့် ကင်မရွန်းနိုင်ငံသား (ဟောင်ကောင်) ကိုယ်စားပြု ALAIN NGALANI တို့ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြု Middle Weight တန်းမှ AUNG LA N SANG က စိန်ခေါ်သူ Heavy Weight တန်းကစ်ဘောင်ဆင် ကမ္ဘာ့ချန်ပီယံ ALAIN NGALANI ကို ပထမအချီ (၄)မိနစ် (၃၁)စက္ကန့်တွင် ထိုက်ထိုက်တန်တန် အနိုင်ရရှိခဲ့တဲ့အတွက် မြန်မာနိုင်ငံ ပြည်သူ/ပြည်သား အားကစားဝါသနာရှင် ပရိသတ်များ နှင့်ထပ်တူ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အရာထမ်း၊ အမှုထမ်းများမှ လှိုက်လှဲစွာ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းလက်အောက်ရှိ ခရိုင်/မြို့နယ်များအတွက် လိုအပ်သောအောက်ဖော်ပြပါအိမ်သုံးမီတာ၊ ပါဝါမီတာနှင့် စီတီမီတာများအား အတန်းအစားများအလိုက် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

| Sr.No | Tender No | Description | Unit | Quantity |
|---|---|---|---|---|
| 1 | 1-19(T)/MESC/ 2017-2018 | 1Ø2WStatic Watt-Hour Meter for Rural Area5 (30)A | Nos | 60000 |
| | | 1Ø2W Static Watt-Hour Meter for Small Town 10(30)A | Nos | 15000 |
| | | 1Ø2W Static Watt-Hour Meter for City/Big Town10(30)A | Nos | 30000 |
| | | 3Ø4W Direct-Bottom Connected Static Watt-Hour Meter 10(30)A | Nos | 800 |
| | | 3Ø4W Direct-Bottom Connected Static Watt-Hour Meter 20(60)A | Nos | 1200 |
| | | 3Ø4W Direct-Bottom Connected Static Watt-Hour Meter 30(80)A | Nos | 600 |
| | | Three Phase Four Wire CT Operated Static Watt-Hour Meter | Nos | 700 |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၆-၁၁-၂၀၁၇ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး ၅-၁၂-၂၀၁၇ ရက် ၁၃း၀၀နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။
၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၂၇လမ်း၊ ၇၇×၇၈ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၂-၆၉၁၂၁၊ ၀၂-၇၃၈၀၁**

**အခမဲ့ကုပေးမည်**
ဆေးမတိုး/ကုရခက်
ကင်ဆာနှင့်ရောဂါစုံဖြစ်နေလျှင်
သဒ္ဓာရှင်ဆေးခန်း
ဖုန်း-09 261186511 သို့ဆက်သွယ်ပါ။

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၃၁)၊ ဦးပိုင်အမှတ်(၄၃)၊ ၄၂×၄၃ကြား၊ ၈၃×၈၄ကြားရှိ မပန်းညွန့်၊ မလုံးချစ်၊ လပ်ရှမီး၊ ရာဂျာဂျီ အမည်ပေါက် ဘိုးဘမြေကွက်အား မိခင်ဒေါ်ပန်းညွန့် (သမီး) မလုံးချစ်(ခ)သန်းစိန် (အပျိုကြီးဘ၀)၊ လပ်ရှမီး(ခ)မြမြ (အပျိုကြီးဘ၀)၊ (သား) ရာဂျာဂျီ(ခ)ဦးဝင်းမောင် (လူပျိုကြီးဘ၀) တို့ အသီးသီးကွယ်လွန်၍ ခင်ပွန်း/ဖခင်ဖြစ်သူ SK ဆွာမိမှ အမွေဆက်ခံခဲ့ပြီး၊ ဒေါ်ရီနှင့်ထပ်မံအိမ်ထောင်ကျ၍ ဒေါ်အုန်းတင်၊ ဒေါ်တင်တင်တို့ကို မွေးဖွားခဲ့ပါသည်။ ဖခင် SK ဆွာမိ၊ မိခင်ဒေါ်ရီ(သမီး) ဒေါ်အုန်းတင်၊ ဒေါ်တင်တင်(အပျိုကြီးဘ၀) (မြေး) ဦးဝင်းနိုင်(လူပျိုဘ၀)၊ ဦးသိန်းမြင့်အောင် (လူပျိုဘ၀)တို့ အသီးသီးကွယ်လွန်၍ (ခင်ပွန်း)ဦးမြင့်သည် သာသနာ့ဘောင်သို့ အပြီးဝင်ရောက်သွားပါသည်။ သို့ပါ၍ ကျန်ရစ်သောမြေးဖြစ်သူ ဦးသန်းနိုင် ၉/မရတ(နိုင်)၀၁၂၉၃၈မှ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ သံဃနာယကအဖွဲ့ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ အကွက်အမှတ် (၁၄-ဂ)မီးကြာရိုးမြောက်၊ ဦးပိုင်အမှတ် ၁၈-န၊ မြေယာအမှတ် 40/45-C၊ မြေဧရိယာ ၀ဒသမ၀၈၃ဧကရှိ မြို့မြေဂရန်အမှုတွဲအမှတ် ၉၀၀/၉၅-၉၆အရ ဦးချီအမည်ပေါက်သော မြေကွက်ကို နေအိမ်ခြံမြေအရောင်းအဝယ်စာချုပ်အမှတ် ၄၅၅/၂၀၁၁အရ ကျွန်တော်ဦးသိန်းထွန်းမှ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ထားပြီး ဂရန်အမည်ပြောင်း/ဦးပိုင်ခွဲ/သက်တမ်းတိုး လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပြင်ဦးလွင်ခရိုင်နှင့်ပြင်ဦးလွင်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသိန်းထွန်း ၁၀/မလမ(နိုင်)၁၁၀၁၄၉**
**အမှတ် ၅၁၃၊ မိုးကြိုးတိုးချဲ့၊ ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၅)ရပ်ကွက်၊ အကွက်အမှတ် (က-၂)၊ ဦးပိုင်အမှတ်(၉၂)၊ မနော်ဟရီနှင့် စိန်ပန်းလမ်းကြား၊ ၆၉×၇၁လမ်းကြားရှိ ဦးချိုအမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်နန္ဒာစိုး ၁၂/ရကန(နိုင်)၀၅၉၃၀၉၊ ဦးချမ်းမင်းစိုး ၁၂/သလန (နိုင်)၀၇၈၂၇၄တို့မှ ဦးပိုင်-၉၂(ခဲစင်း)တောင်ဘက်ခြမ်းအား မြို့ကွက်သစ်ငွေရပြေစာ၊ မြေဖိုး၊ လမ်းဖိုးပေးသွင်းပြီး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ ဦးပိုင်ခွဲ၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ငါး၊ ပုစွန် မွေးမြူရေးသင်တန်းဆင်းများအား လစာ လေးသိန်းဖြင့် ခန့်ထားမည်

**ရန်ကုန် နိုဝင်ဘာ ၅**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ကြီးမှူး၍ အသုံးချ ငါး၊ပုစွန်မွေးမြူရေးသင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ယင်း ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပရာ သင်တန်းဆင်း ငါး၊ ပုစွန်မွေးမြူရေးဆရာများအား အခြေခံလစာ ငွေကျပ် လေးသိန်းဖြင့် အလုပ်အကိုင်များ ခန့်ထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အလုပ်အကိုင်အခွင့်အလမ်းဖန်တီး**

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာ သင်တန်းတစ်ခု တက်တော့မယ်ဆိုရင် ကိုယ့်စရိတ်ကိုယ်စားပြီး တက်ကြရတာ များပါတယ်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ကတော့ ဒီအခြေအနေကို ပြောင်းပြန်လှန်ပြီးတော့ သင်တန်းတက်နေစဉ်မှာ ထောက်ပံ့ပေးမယ့်အပြင် သင်တန်းပြီးသွားတဲ့အခါမှာလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးမှာဖြစ်လို့ အလွန်ပဲ အနာဂတ် ငါး၊ ပုစွန် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးလာဖို့မျှော်လင့်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အခမ်းအနားတွင် ပြောသည်။

**ထောက်ပံ့ပေးမည်**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က ဒေသအသီးသီးမှ သင်တန်းသား ၅၀၀ ကျော် ခေါ်ယူခဲ့သည့် အနက် ငါး၊ ပုစွန် မွေးမြူရေးကို အမှန်တကယ် လုပ်ကိုင်နိုင်မည့် ၁၈၀ ကို ခေါ်ယူသင်တန်းဖွင့်လှစ်ခဲ့ကြောင်း၊ ၎င်းတို့တွင် ၉ တန်းအောင် ၁၀ တန်းကျ အဆင့်ကို ကျွမ်းကျင်အဆင့် လစာ ငွေကျပ် နှစ်သိန်း၊ ၁၀ တန်းအောင်အဆင့်ကို ကြီးကြပ်အဆင့် လစာ ငွေကျပ် သုံးသိန်း၊ ဘွဲ့ရအဆင့်ကို မွေးမြူရေးဆရာအဖြစ် သတ်မှတ်ပြီး အခြေခံလစာ ငွေကျပ် လေးသိန်းဖြင့် ငါး၊ ပုစွန်မွေးမြူရေး ကုမ္ပဏီများက အလုပ်အကိုင်ခန့်ထားပေးမည်ဖြစ်ကြောင်း၊ ထို့အပြင် သင်တန်း သုံးလကာလ တက်ရောက်နေစဉ်အတွင်း ဘွဲ့ရ သင်တန်းသားများအား ငွေကျပ် ခြောက်သောင်း၊ ဘွဲ့မရသူများအား ငွေကျပ် လေးသောင်း လစဉ် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၃* ❄



တွံတေး ငါးမွေးမြူရေးကန်တွင် မွေးမြူထားသော ငါးများ ဖော်ယူနေစဉ် ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# မြန်မာ ယူ-၂၃ အသင်းကို ကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်း



မြန်မာ ယူ-၂၃ အသင်းတွင် ပါဝင်လာသည့် တိုက်စစ်မှူး အောင်သူ ဓာတ်ပုံ-စိုးညွန့်

**နေပြည်တော် နိုဝင်ဘာ ၅**

ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် M-150 Cup ထိုင်း ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၃ အသင်းကို ပဏာမ ကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းတွင် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ယူ-၂၂ အသင်းမှ ကစားသမားအများစု ပါဝင်လာပြီး နည်းပြချုပ်အဖြစ် ဂျက်ဖရိုင်းဒရစ်က ကိုင်တွယ်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဂျက်ဖရိုင်းဒရစ်သည် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ကစားသမားအများစုကို အခြေခံကာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် အသင်းမှ ကစားသမားများ၊ ယခုနှစ်အတွင်း ဖွဲ့စည်းခဲ့သည့် ယူ-၁၈ အသင်းမှ ကစားသမားအချို့နှင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်း ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် နိုဝင်ဘာ ၆ ရက် **(ယနေ့)** စတင်လေ့ကျင့်မည်ဖြစ်ပြီး အာရှဖလား ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံထားရသည့် နည်းပြများနှင့် ကစားသမားများမှာ အိန္ဒိယနှင့်ပွဲပြီးမှသာ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်သည်။

ယခုဖွဲ့စည်းလိုက်သည့် မြန်မာ ယူ-၂၃ အသင်းတွင် အောင်သူ၊ သန်းပိုင်၊ ရန်နိုင်ဦး၊ မောင်မောင်လွင်၊ စည်သူအောင်၊ သီဟထက်အောင် စသည့် လက်ရွေးစင်ကစားသမားများ ပါဝင်လာပြီး ယူ-၁၈ အသင်းမှ ဝင်းနိုင်ထွန်း၊ ပြည့်စုံနိုင်၊ စိုးမိုးကျော်နှင့် လွင်မိုးအောင်တို့ကို အတွေ့အကြုံရစေရန် ရွေးချယ်ထားကာ ဒဏ်ရာမှ ပြန်ကောင်းလာသည့် ငြိမ်းချမ်းအောင်နှင့် ကျော်မင်းဦးတို့ကိုလည်း ရွေးချယ်ထားသည်။ မြန်မာ ယူ-၂၃ အသင်းသည် ဒီဇင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ ကျင်းပမည့် M-150 Cup ထိုင်း ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု(ခ)တွင် ထိုင်း၊ ဗီယက်နမ်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေကာ အုပ်စု(က)တွင် ဂျပန်၊ မြောက်ကိုရီးယား၊ ဥဇဘက်ကစ္စတန်အသင်းတို့ ပါဝင်လျက်ရှိသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍

